www.free4reader.com

Right Decisions come from wide vision
POPULAR NEWS JOURNAL
No:32, Vol.7,
August.13, 2015
(Thursday)

အာမခံချက်အပြည့်အဝပေးနိုင်သော
CENTRA
DIGITAL WEIGHING SYSTEM
"Smart Choice for Smart Business"
စင်ထွာ
မီးလင်းကတ္တား
၀၉-၇၃၀၀-၉၆၄၁၊ ၀၉-၉၁၀၀၀-၇၅၃

# လူသားတန်ဖိုး ပြန်ရှင်လာတဲ့ ပရဟိတကာမှာ

စာမျက်နှာ ၁၈ ➤



ဓာတ်ပုံ - အိအိခိုင်

## ကျန်းမာရေးဝန်ကြီးဌာနသို့ တပ်မတော်ဆေးဘက်အရာရှိများ ပြောင်းရွှေ့မှုရပ်ဆိုင်း သို့သော် ခန့်အပ်ထားပြီးသူများ ဆက်လက်ရှိနေမည်

*PN-051*

ရန်ကုန်၊ ဩဂုတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာနသို့ တပ်မတော် ဆေးဘက်အရာရှိများ ပြောင်းရွှေ့လာခြင်းများကို လက်ခံတော့မည် မဟုတ်သော်လည်း လက်ရှိခန့်အပ်ထားပြီးသူတို့မှာမူ ဆက်လက်ရှိနေဦးမည် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန်ဦးစိန်ဝင်းက ပေါ်ပြူလာနယူးစ်သို့ ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့်လများက ဒုတိယဗိုလ်မှူးကြီး၊ ဗိုလ်မှူး၊ ဗိုလ်ကြီး စသည့်အဆင့်များရှိသည့် တပ်မတော်အရာရှိ ၉ ဦးကို ရန်ကုန်၊ နေပြည်တော်၊ မြစ်ကြီးနားတို့ရှိ ဆေးရုံများတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့်ကုသရေးပိုင်းတို့တွင် ခန့်အပ်ခဲ့သည်။

ဒုတိယအတွင်းဝန် ဦးစိန်ဝင်းက "ဒါက ပြီးခဲ့တဲ့လတွေက ခန့်ထားတာဖြစ်လို့ ဆက်လက်ထားရှိရမှာပေါ့" ဟု ပြောသည်။

သို့သော်လည်းယခုကာလ (ဩဂုတ် ၁၁ ရက်) မှစကာ ထိုကဲ့သို့ဆက်လက်လုပ်ဆောင်ခြင်း မပြုတော့ကြောင်း ကျန်းမာရေးဝန်ကြီးက ဆုံးဖြတ်ခဲ့သည်ဟု ဒုတိယအတွင်းဝန် ဦးစိန်ဝင်းက ပေါ်ပြူလာနယူးစ်သို့ ဆက်ပြောသည်။

တပ်မတော်သားများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းခန့်အပ်ကြောင်း ပြန်တမ်းအမိန့်စာများ ထုတ်ပြန်အပြီး လူမှုကွန်ရက်ပေါ်တွင် ဝေဖန်မှုများ ဖြစ်ပွားလာခဲ့သည်။ စာမျက်နှာ ၃၁ ➤

## သမ္မတရွေးကောက်ပွဲဝင်နိုင်ရန် ပါတီမှ ချန်လှပ်ထားသည့် ပုဗ္ဗသီရိမဲဆန္ဒနယ်မြေ ယခင်ကာချုပ်(လေ) ဝင်ရောက်ယှဉ်ပြိုင်မည်

စာမျက်နှာ ၆ ➤

## နှိပ်စက်ခံထားရသည့် ၁၅ နှစ်အရွယ် အိမ်အကူမိန်းကလေးအမှု လူ့အခွင့်အရေးကော်မရှင် ဝင်ရောက်ကူညီမည်

စာမျက်နှာ ၆ ➤

## တရားလိုရဲအုပ်နှင့် စခန်းမှူးအား အရေးယူပေးရန် ကျောင်းသားများ၏ တောင်းဆိုမှု တရားရုံးပယ်ချ

စာမျက်နှာ ၆ ➤

## ဝင်ကြည့်သူများပြား၍ မိုးဇလ ဝက်ဘ်ဆိုက် (၁၀) ရက်ခန့်ပျက်

စာမျက်နှာ ၃၁ ➤



### ဝေဠုကျော်ကို ခေါ်နိုင်သည်

စာမျက်နှာ ၈ ➤



### ညောင်ညိုပင်စခန်းက နိုင်ငံရေးလမ်းခွဲလော

စာမျက်နှာ ၁၇ ➤




### ဟားခါးမြို့ရွှေ့ပြောင်းသင့် မသင့် စူးစမ်းနေဆဲ

စာမျက်နှာ ၆ ➤

www.free4reader.com





NLD ဆိုကထုတ်ပြန်လိုက်သည့် ပခုက္ကူလွှတ်တော်ကိုယ်စားလှယ်လောင်း စာရင်းကို သဘောမတူကြသည့်အတွက် ပခုက္ကူမြို့ခံ NLD ပါတီဝင်အချို့ ဩဂုတ် ၇ ရက်နေ့က ဆန္ဒပြခဲ့ကြစဉ်။ (Photos: Zin Min Htun.)

# ဆန္ဒပြခဲ့ကြသော ပခုက္ကူ NLD ၁၀ ဦးကို ပါတီဝင်အဖြစ်မှ ရုပ်သိမ်းကြောင်း ကြေညာ

*PN-051*

ရန်ကုန်၊ ဩဂုတ် ၁၀

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးချယ်လိုက်သော ပခုက္ကူလွှတ်တော်ကိုယ်စားလှယ်လောင်းများကိုစွန့်ပတ်သက်၍ ဆန္ဒပြခဲ့ကြသော NLD ခရိုင်အလုပ်အမှုဆောင်အပါအဝင် ၁၀ ဦးကို ပါတီဝင်အဖြစ်မှရုပ်သိမ်းကြောင်း ကြေညာချက်ကို ဩဂုတ်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

NLD ဗဟိုက ပခုက္ကူပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ဦးပိုက်ကို၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်(၁)အတွက် ဦးဟန်ဇော်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်(၂)အတွက်ဒေါ်ဇင်နီနီဝင်းတို့ကို ရွေးချယ်လိုက်ရာ ဒေသခံပါတီဝင်အချို့က ဩဂုတ်လ ၇ ရက်နေ့တွင် ပခုက္ကူမြို့တွင် ဆန္ဒပြခဲ့ကြသည်။ NLDပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "ထုတ်ပယ်လိုက်တဲ့သတင်းက ဟုတ်ပါတယ်"ဟုပြောသည်။

ထိုသို့ရုပ်သိမ်းမှုမှာ ဩဂုတ်လ ၉ ရက်တွင် ကျင်းပခဲ့သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရဖြစ်ကြောင်း ကြေညာချက်တွင် ရေးသားထားသည်။ ထုတ်ပယ်ခံသူတို့မှာ မြို့နယ်အောင်နိုင်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး၊ ခရိုင်ဘဏ္ဍာရေးမှူး၊ ခရိုင်အလုပ်အမှုဆောင်အချို့၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင် ဥက္ကဋ္ဌ၊ တိုင်းအောင်နိုင်ရေးအဖွဲ့ဝင်နှင့် ရပ်ကျေးအဖွဲ့ဝင်အချို့တို့ဖြစ်နေသည်။ NLD ဗဟိုကိုဆန္ဒပြမှုဖြင့် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်ထုတ်ပယ်လိုက်မှုမှာ ယခုအကြိမ်သည် ပထမဦးဆုံးဖြစ်သည်။ ဆန္ဒပြခဲ့သူတို့ကအဖွဲ့ချုပ်၏ ကိုယ်စားလှယ်လောင်းရွေးချယ်မှုက တရားမျှတမှုမရှိသည့်အတွက်ကြောင့်လည်းကောင်း၊ အောက်ခြေပါတီဝင်တို့၏ သဘောထားကိုအလေးမထားသည့်အတွက်ကြောင့်ဖြစ်သည်ဟု ပြောကြားကြသည်။

# ဘူးသီးတောင် အမတ် ပြည်ခိုင်ဖြိုးမှ နုတ်ထွက်

*PN-051*

ရန်ကုန်၊ ဩဂုတ်၁၀

ရခိုင်ပြည်နယ်အတွင်း အစ္စလာမ်ဘာသာဝင်ဘင်္ဂါလီအများစုနေထိုင်ရာ ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်သည် လာမည့်ရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်ထံသို့ စာရင်းပေးသွင်းထားကြောင်း သိရသည်။



ဦးရွှေမောင်(ဝဲ မှ ယာ ဒုတိယမြောက်)ကို အခြားသော အစ္စလာမ်ဘာသာဝင် ပြည်ခိုင်ဖြိုးအမတ်အချို့နှင့်အတူ တွေ့ရစဉ်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးရွှေမောင်သည် ဩဂုတ်လ ၄ ရက်နေ့တွင် ပါတီမှ နုတ်ထွက်စာတင်ကာ နုတ်ထွက်သွားခဲ့ပြီး ဩဂုတ် ၅ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံတွင် ဘူးသီးတောင်မြို့နယ် ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့သည်။

ယင်းနှင့်ပတ်သက်၍ ဦးရွှေမောင်က "ပါတီကနေ နုတ်ထွက်သွားရတဲ့အကြောင်းကိုတော့ ကျွန်တော် ဘာမှမပြောချင်ပါဘူး" ဟုသာ Popular News ၏ဆက်သွယ် မေးမြန်းမှုကို ဖြေကြားသည်။

ထို့အတူ ပြည်ခိုင်ဖြိုးပါတီသို့ ဆက်သွယ်ရာတွင်လည်း ဦးရွှေမောင် ပါတီမှ နုတ်ထွက်ရသည့်အကြောင်းရင်းကို ဖြေကြားခဲ့ခြင်း မရှိပေ။

ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ အဖြစ် ရခိုင်အမျိုးသားပါတီမှ ဦးအောင်သောင်းရွှေနှင့် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးသန်းဌေးတို့လည်း စာရင်းတင်ထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဩဂုတ်လ ၈ ရက်နေ့ စာရင်းဇယားများအရ သိရသည်။

သို့ရာတွင် ဦးရွှေမောင်နေရာကို အစားထိုးမည့် ကိုယ်စားလှယ်လောင်းစာရင်းကို ဩဂုတ် ၈ ရက်အထိ ပြည်ခိုင်ဖြိုးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်သွင်းထားခြင်း မရှိသေးပေ။

ဦးရွှေမောင်သည် ဒူးဆိုးရားတန်းကျေးရွာ မီးလောင်မှုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပါဝင်မှု ရှိခဲ့ကြောင်း စွပ်စွဲပြောကြားခဲ့သောကြောင့် ၎င်းကို အရေးယူပေးရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ တောင်းဆိုခဲ့ဖူးသည်။

ဦးရွှေမောင်သည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၌ ပြည်ခိုင်ဖြိုးပါတီ၏ ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကာ အနိုင်ရခဲ့သူဖြစ်သည်။




www.free4reader.com




# အပစ်ရပ်စာချုပ် အပြီးသတ်ဆွေးနွေးရန် သမ္မတနှင့် တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံမည်

ရဲလွင်

ရန်ကုန်၊ ဩဂုတ် ၁၁

ကာလရှည် နှောင့်နှေးကြန့်ကြာနေခဲ့သောအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ အကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စာချုပ် NCA ချုပ်ဆိုနိုင်ရေး နီးစပ်လာပြီဖြစ်သော်လည်း အဓိကအရေးကြီးသောအချက်တစ်ချက် ကျန်ရှိနေသေးရာ ယင်းကို ဆွေးနွေးအဖြေရှာနိုင်ရေးအတွက် အဆုံးအဖြတ်ပေးနိုင်သော နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံကြမည်ဖြစ်သည်။

"အင်မတန်မှကို နီးစပ်လာပါပြီ။ အခု ကျွန်တော်တို့ စာချုပ်အတွက်သုံးချက်ကလွဲပြီး ကျန်တာအကုန်သဘောတူညီမှု ရခဲ့ကြပြီ။ ကျန်တဲ့အထဲက တစ်ချက်က ကျွန်တော်တို့ဆွေးနွေးတာထက် တကယ့်အဆုံးအဖြတ်ပေးနိုင်တဲ့ နှစ်ဖက်ခေါင်းဆောင်တွေ တွေ့တာက ပိုသင့်မြတ်မယ်။ မြန်ဆန်မယ်လို့ ဆုံးဖြတ်ခဲ့တာကြောင့် လာမယ့်အပတ်ထဲမှာ တွေ့ကြလိမ့်မယ်"ဟု တိုင်းရင်းသားများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD) ပြောရေးဆိုခွင့်ရှိသူ ပူးဇင်ကျုံးက ပြောသည်။

ဩဂုတ် ၆ ရက်က ရန်ကုန်မြို့တွင် ပြုလုပ်သော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ် (NCA) အပြီးသတ်နိုင်ရေးအတွက် တိုင်းရင်းသားများ၏ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD) နှင့် အစိုးရပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ(UPWC)တို့ ဆွေးနွေးပွဲ၌ စာချုပ်ပါအချက်အလက်များကို သဘောတူညီမှုရခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ကျန်ရှိနေသေးသော အပစ်ရပ်စာချုပ်တွင် ပါဝင်လက်မှတ်ထိုးမည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့အရေအတွက်နှင့် ပတ်သက်ပြီး သဘောတူညီချက်ရရေးသည် အရေးကြီးသည့်အလျောက် ဆွေးနွေးမှုသည်လည်း ထပ်မံကြန့်ကြာနိုင်သေးကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူတို့က ဆိုကြသည်။

တိုင်းရင်းသားများဘက်က အနည်းဆုံး SD အဖွဲ့ဝင် ၁၇ ဖွဲ့၊ အများဆုံး ၂၀ ဖွဲ့ကို NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် တောင်းဆိုထားသော်လည်း အစိုးရကမူ SD အဖွဲ့ဝင် ၆ ဖွဲ့ကိုပင် ငြင်းဆိုထားသည်။ ၎င်းတို့မှာ လက်ရှိအချိန်အထိ တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားနေသည့် ရက္ခိုင့် တပ်မတော်(AA)၊ မြန်မာ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် ကိုးကန့်တပ်ဖွဲ့(MNDAA)၊ ပလောင် (တအောင်း)အမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)နှင့် အဖွဲ့ငယ်များဖြစ်သည့် ဝ အမျိုးသားအဖွဲ့ချုပ်(WNO)၊ ရခိုင်အမျိုးသားကောင်စီ (ANC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ဖြစ်သည်။

"အခုတိုက်ပွဲဖြစ်နေတဲ့ သုံးဖွဲ့က ကျွန်တော်တို့နဲ့ ကာလရှည်ကြာကတည်းက လက်တွဲလာတဲ့ မဟာမိတ်တွေ။ အဲ့ဒီလို အခြေအနေမျိုးမှာ သူတို့မပါဘဲ ကျွန်တော်တို့ သဘောတူ လက်မှတ်ရေးထိုးဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲဗျ။ ထိုးဖြစ်ရင်လည်း ကောင်းကျိုးထက် ဆိုးကျိုးကသာ ပိုများနိုင်တာမို့ အဲ့ဒါကို ဆွေးနွေးကြဖို့ SD က ကိုယ်စားလှယ် ၃ ဦး၊ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ၅ ဦးက သမ္မတဦးသိန်းစိန်နဲ့ နေပြည်တော်မှာ မယ်"ဟု ချင်းအမျိုးသားတပ် ဒေါက်တာ ဆလိုင်းလျန်မှုန်း ခေါင်က ပြောသည်။

တိုင်းရင်းသားများဘက် ထပ်မံအဆိုပြုထားသော အ ၆ဖွဲ့သည် ယခင်ကတည်းက စည်း ထားသောကြောင့် အ အနေနှင့် လက်ခံနိုင်ဖွယ်ရှိသ တပ်မတော်အရာရှိကြီး တစ်ဦး ပြောသည်။

"ဒါပေမဲ့ မနေ့တနေ့ကမှ လာတဲ့အဖွဲ့ငယ်လေးတွေကို ဖို့ဆိုရင်တော့ ဘယ်လိုမှ ဖြစ် စရာမရှိပါဘူး"ဟု ၎င်းက သည်။



www.free4reader.com



af
ASIAN FAM E MEDIA GROUP
CEO: Ngwe ThawDar.

THE POPULAR NEWS JOURNAL
Established in 2009

**Advisory Board**
Ko Ko Hlaing
Mg Swe Thet
Thayet Ma Thet Swe
Zaw Win Aung
Myo Tun Hlaing

**Editorial & Technical Director**
Po Naing Lin

**HR Director**
Pann Zan

**Admin Director**
Mya Hlaing

**Editor-in-charge**
Thet Naing
Aung Khoon Set

**Editors**
Minn Thu Aung,
May Zin Win,
Kyaw Ye Lynn

**Editorial Desk**
Khaing Thazin Oo(Assistant Editor)

**Senior Reporter**
Eain Si Soe San

**Reporters**
Sai La Min, Yan Naing,
Po La Pyae, Htoo Htoo,
Zay Wai Yan, Aung Zaw Htoo,
Ye Lwin, Zu Zu

**Photographer**
Aung Naing Soe (Kisapa)
Kyaw Kyaw (AF)
Hkun Lat

**Proof**
Kyaw Moe Aung (Assistant Editor),
Lwin Phyu Thant

**Design Team**
Win Ko Ko(Design-in-charge)
Zaw Win Mg(Designer)
Saw Wanna (Designer)
Phyo Phyo Khine (Designer)

**IT Team**
Ko Myo (IT) (Assit: General Manager)
Khin Wai Htet, Thidar Wine, Zayar Lin
Thiha Htun, Naing Lin Hein
Min Sett Paing

**R & D Team**
KLMA(Research Editor)
Nway Nway San Myint, Yamin Thu

**Pre-Press Dept**
Kyaw Soe Nyunt(Assistant Manager)
Lwin Myint Oo(Supervisor)

**Distribution**
Thaung Myat Kyaw,
Nyi Nyi Naing,
Htoo Htoo Aung

**Advertising Team**
Tin Sandar Win, Thet Wai San
Htay Lin Aung,
Tint Tint Aung
advertising@popularmyanmar.com
Ph-377482

**Headquarter**
No. (150/160), 35th Street (Middle),
Kyauktada Township, Yangon.
Tel: 372833. Fax: 385450
email: popularnews@popularmyanmar.com
Post Office Box - 140

**Mandalay**
No.SA-2, San Nang Daw Housing,
Corner of 14 x 66 street,
Aungmyatharsan Township, Mandalay.
Ph:09-402637196
email: mandalayoffice@popularmyanmar.com

**Nay Pyi Taw**
Ph:09-420724749

**Permission No.**
TEMP : 1312

**Publisher**
U Zaw Win Mg (00928)
No. (150/160), 35th Street (Middle),
Kyauktada Township, Yangon.

**Printing**
Daw Nang Clyar Win
NgweGantGaw Press(00741)
82/83 Hnin Si Phyu St,
Yangon Thit

## အပြန်အလှန် လေးစားခြင်း

လေးစားခြင်းဆိုတာ
ငြိမ်းချမ်းရေးရဲ့ အဓိကလမ်းစဉ်တစ်မျိုးပဲ။
လောက ငြိမ်းချမ်းရေးကို လိုလားရင်
ချစ်သူအချင်းချင်း အနိုင်မယူရဘူး
ချစ်သူအချင်းချင်း အပြန်အလှန်လေးစားမှု ရှိရမယ်။
လူသားအချင်းချင်း အနိုင်မယူရဘူး
လူသားအချင်းချင်း အပြန်အလှန်လေးစားမှု ရှိရမယ်။
လေးစားမှု မရှိတဲ့ လောကဟာ
'အမှောင်လောက' ပါပဲ။
အမှောင်လောကမှ လွတ်မြောက်အောင်ကြိုးစားရင်း
အပြန်အလှန်လေးစားခြင်းဖြင့်
ရှင်သန်နိုင်အောင် ကြိုးစားပါ။

ပြုံးပန်းမေတ္တာဆရာတော် - အရှင်ဝါယမိန္ဒ

အယ်ဒီတာ့အာဘော်

## အမုန်းစကားဖြင့် ရက်လုပ်သော ကွန်ရက်များမှသည် . . .

လွတ်လပ်စွာ ပြောဆိုခြင်းနှင့် အမုန်းစကားပြောဆိုခြင်းတို့သည် စာမျက်နှာ၏ ဟိုဘက်သည်ဘက် ဖြစ်သည်။ လွတ်လပ်စွာပြောဆိုခြင်းသည် မိမိယုံကြည်ရာကို လူ့အခွင့်အရေးစံနှုန်းများနှင့်အညီနှင့် ဥပဒေဘောင်တွင်းမှ ပြောခြင်းမျိုးဖြစ်သည်။ တာဝန်ယူမှု တာဝန်ခံမှုပါသည်။ ယဉ်ကျေးစွာပြောဆိုသည့် အခြေခံသဘောရှိသည်။ အမုန်းစကားမှာမူ ပြောင်းပြန်သဘောဖြစ်သည်။ စည်းမဲ့ကမ်းမဲ့ အသွင်ဆောင်လေ၏။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ နည်းပညာတို့သည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်လျက်ရှိရာ အင်တာနက် လူမှုကွန်ရက်များမှတစ်ဆင့် အမုန်းစကားများသည် အချိန်နှင့်အမျှ ကမ္ဘာတစ်လွှားသို့ ပျံ့နှံ့လျက်ရှိပါသည်။ ထိုသို့ အမုန်းစကားများ အလျင်အမြန် ပျံ့နှံ့မှုများကြောင့်ပင် လူပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး အကြား၊ အဖွဲ့အစည်း တစ်ခုနှင့်တစ်ခုကြား၊ လူတန်းစားတစ်ရပ်နှင့် အခြားလူတန်းစားတစ်ရပ်အကြား၊ ကိုးကွယ်ယုံကြည်ရာ ဘာသာတစ်ခုနှင့်တစ်ခုကြား၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုးကြား၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြားတို့တွင် ချစ်ကြည်ရင်းနှီးမှုများလျော့ပါးပြီး ပဋိပက္ခများပိုမိုလာကာ ထိုပဋိပက္ခများသည် ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးကိုပင် ခြိမ်းခြောက်လာသည်အထိ မြင့်တက်လာနေပါသည်။

လူအမျိုးမျိုး စိတ်အထွေထွေဆိုသကဲ့သို့ လူတစ်ကိုယ် စိတ်တစ်မျိုးဖြစ်ရာ ပတ်ဝန်းကျင်အမျိုးမျိုး၊ ခံယူချက်အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးပေါ် မူတည်၍ ယုံကြည်ရာ အမျိုးမျိုး၊ သဘောထားအမျိုးမျိုး ရှိကြမည်သာဖြစ်သည်။ သဘောထား ကွဲလွဲတိုင်းသာ အမုန်းစကားများဖြင့် တုံ့ပြန်နေကြပါမူ အဆုံးရှိတော့မည်မထင်။ ဤနေရာတွင် သဘောထားကွဲလွဲမှုနှင့် ပတ်သက်၍ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး၏ အဆုံးအမကို ကောက်နုတ်ဖော်ပြလိုသည်။ ဆရာတော်ကြီးက-

"ဒကာကြီးရယ် . . . သဘောထား ကွဲလွဲမှုဆိုတာက မမွေတာအတိုင်း လူ့လောကမှာ ရှိတာမျိုးပေါ့။ သူ့ဘက် ကိုယ့်ဘက် ပြောစရာရှိတာတော့ ပြောကြရမှာပေါ့။ ဒါပေမဲ့ . . . ငယ်သူက ကြီးသူနဲ့ ပြောကြတဲ့အခါ သဘောထားကွဲလွဲချက်ပင် ဖြစ်စေကာမူ ဂါရဝေါစနဲ့ ပြောရတယ်။ ကြီးသူကလည်း ငယ်သူနဲ့ပြောတဲ့အခါ သဘောထား ကွဲလွဲချက်ပင် ဖြစ်စေကာမူ ငါကအကြီးပဲဆိုပြီး အထက်စီးကနေ မပြောရဘူး၊ နိဝါတောစနဲ့ ပြောရတယ်" ဟု ဆုံးမတော်မူခဲ့သည်။

သဘောထား ကွဲလွဲချက်များကို ညှိနှိုင်းအဖြေရှာ ထောက်ပြပြောဆိုကြရာတွင် တစ်ဖက်နှင့်တစ်ဖက် ယဉ်ယဉ်ကျေးကျေး အပြုသဘော ပြောကြဆိုကြရန် အရေးကြီးသည်။ တစ်ဖက်သား၏ အတ္တမာနကို ထိခိုက်ပြောဆိုမှုများကို ရှောင်ရှားရမည်ဖြစ်သည်။ ထိုသို့အတ္တမာနကို ထိခိုက်ပြောဆိုပါက မှားမှန်းသိသည့်တိုင် အမှန် ပြင်ရန် ဝန်လေးသွားတတ်ကြသည်ကို သတိမူသင့်သည်။

ဥပမာဆိုရသော် လတ်တလော ဖြစ်ပေါ်နေသော ကာကွယ်ရေးနှင့် ကျန်းမာရေးဌာနတို့၏ပြဿနာကိုကြည့်လျှင် အစပထမပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်တက္ကသိုလ်ကျောင်းဆင်း အရာရှိအချို့ ကျန်းမာရေးဝန်ကြီးဌာနသို့ အဆင့်မြင့်ရာထူးများဖြင့် ကူးပြောင်းတာဝန်ထမ်းဆောင်ခြင်းကို ကန့်ကွက်ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် နှစ်ဖက်အမုန်းစကားများဖြင့် အပြန်အလှန်ပြောကြဆိုကြရာမှ တပ်မတော်အရာရှိများနှင့် နယ်ဘက်ဆရာဝန်များ၏ ပဋိပက္ခအသွင်သို့ ကူးပြောင်းလာခြင်းကို တွေ့နေရသည်။ ထိုသို့ ဖြစ်စေရန်လည်း အကောင့်အတုများဖြင့် သွေးထိုးလှုံ့ဆော်မှုများလည်းရှိရာ နှစ်ဖက်ပါဝင်သူတို့အနေနှင့် ပညာရှိများပီပီ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းကြစေလိုပါသည်။

ဤမျှ အန္တရာယ်ကြီးမားလှသော အမုန်းစကားများ ပျံ့နှံ့ဖြစ်ပေါ်မှုကို ထိန်းကျောင်းရန်အတွက် အခြေခံအားဖြင့် နည်းလမ်း(၂)သွယ်ရှိပါသည်။ ပထမတစ်နည်းမှာ အမုန်းစကားပွားစေသည့် အရင်းအမြစ်များကို စောင့်ကြည့်ဖော်ထုတ်ပြီး ဥပဒေအရ ထိန်းကျောင်းပေးခြင်းဖြစ်ပါသည်။ လိုအပ်သော ဥပဒေပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းကြပ်မတ် ထိန်းကျောင်းရန်မှာ အစိုးရ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ နည်းပညာရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဒုတိယနည်းလမ်းမှာ ယဉ်ကျေးမှုအရ အချင်းချင်းကြပ်မတ် ထိန်းသိမ်းခြင်း ဖြစ်ပါသည်။ မြန်မာတို့သည် ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား ၊ ငယ်သူကို သနားကြင်နာတတ်သည့် စိတ်အခြေခံရှိပြီးကြသူများဖြစ်ရာ ထိုစိတ်ကိုနိုးကြားလာစေရန် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်း၊ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းများဖြင့်သာ အမုန်းစကားတို့ဖြင့် ပါဝင်ရက်လုပ်ထားသော နည်းပညာသုံး လူမှုကွန်ရက်ကြီးမှ ရုန်းထွက်နိုင်ကာ ငြိမ်းချမ်းသောလူမှုဝန်းကျင်သို့ ရောက်ရှိနိုင်လိမ့်မည် ဖြစ်ပါကြောင်း။

အယ်ဒီတာ

## အပစ်ရပ်စာချုပ်တွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်လက်မှတ်ရေးထိုးမည်

ရဲလွင်
ရန်ကုန်၊ ဩဂုတ် ၁၁

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို ချုပ်ဆိုဖြစ်ပါက ပြည်တွင်း အသိသက်သေအဖြစ် အတိုက်အခံခေါင်းဆောင်များ ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးခွန်ထွန်းဦးတို့ ပါဝင်လက်မှတ်ရေးထိုးရေး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏တောင်းဆိုချက်ကို အစိုးရဘက်က သဘောတူလိုက်ပြီဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သော တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးစာချုပ် (NCA) အပြီးသတ်နိုင်ရေးအတွက် တိုင်းရင်းသားများ၏ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD) နှင့် အစိုးရပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)တို့ ဆွေးနွေးပွဲ၌ NCA လက်မှတ်ထိုးရာတွင် ပါဝင်ရမည့် ပြည်တွင်းနှင့်နိုင်ငံတကာ အသိသက်သေများကို သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်သည်။

"ပြည်တွင်း အသိသက်သေမှာဆို လူပုဂ္ဂိုလ်အနေနဲ့ ကျွန်တော်တို့ နှစ်ဦး ဖော်ပြထားတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးခွန်ထွန်းဦး။ ပြီးတော့ နိုင်ငံရေးပါတီခေါင်းဆောင် ၁၀ ဦးပါတယ်။ အစိုးရဘက်ကတော့ နိုင်ငံရေးပါတီအားလုံးနဲ့ တိုင်းရင်းသားရေးရာဝန်ကြီးတွေအားလုံး ပါစေချင်တယ်ပြောတယ်။ ဒါကို ကျွန်တော်တို့ လက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးပါတီတွေဆိုတာလည်း ကျွန်တော်တို့ မဟာမိတ်တွေပဲ။ တိုင်းရင်းသားရေးရာဝန်ကြီးတွေဆိုတာလည်း ကျွန်တော်တို့ တိုင်းရင်းသားတွေထဲကပဲလေ" ဟု ချင်းအမျိုးသားတပ်ဦးမှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်က ပြောသည်။

နိုင်ငံတကာ သက်သေများအဖြစ် ကုလသမဂ္ဂ၊ တရုတ်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံများ ပါဝင်ရေးကိုလည်း နှစ်ဖက်သဘောတူခဲ့ကြပြီ ဖြစ်သည်။

"ပြီးတော့ Independent Observer တွေအနေနဲ့ EU ( ဥရောပသမဂ္ဂ) ပါမယ်။ အမေရိကန် ပါမယ်။ ပြီးတော့ ဗြိတိန်၊ နော်ဝေ၊ ဂျပန်တို့ပါမယ်" ဟု သူက ပြောသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တို့ကလည်း NCA တွင် ဥက္ကဋ္ဌနှစ်ဦး ပါဝင်လက်မှတ်ရေးထိုးရေးကို အတည်ပြုပေးခဲ့သည်။

"ထိုးဖြစ်ရင် အားလုံးပါဝင်တဲ့ အပစ်ရပ်စာချုပ်ဖြစ်မယ်။ နိုင်ငံအတွက် ရေတာရှည်ပြည်တွင်းစစ် အဆုံးသတ်ရေးအတွက် အရမ်းအရေးပါမယ့် ဖြစ်ရပ်ပဲ။ ဘာလို့ မထိုးရမှာလဲ" ဟု ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ပြောသည်။

သို့ရာတွင် အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးရေးသည် ယခု အစိုးရလက်ထက်တွင် ဖြစ်နိုင်၊ မဖြစ်နိုင် မသေချာသေးကြောင်း တိုင်းရင်းသားလက်နက်ကိုင်များဘက်က ဆိုသည်။ ■

www.free4reader.com






# ပြန်လည်ထူထောင်ရေးမှာတွဲလက်ညီညီ အားလုံးပါဝင်ကြဖို့ အနုပညာရှင်များ မေတ္တာရပ်




**မေရွက်ဝါ**

အခုတချို့ဒေသတွေမှာ ရေကျပြီဆိုပေမယ့် တချို့က အခုမှ ရေကြီးတာလည်းရှိတယ်။ အထက်ကကျလာတဲ့ရေ ပင်လယ်ကနေ တက်လာတဲ့ရေ ဒီရေနှစ်ခုပေါင်းဆုံတဲ့ ဧရာဝတီတိုင်းကတော့ ပိုပြီးတော့ ရေများမယ်။ အခု ကယ်ဆယ်ရေးပြီးတဲ့ နေရာတွေမှာ ပြန်လည်ထူထောင်ရေးက အရေးကြီးလာပြီ။ ပြန်လည်ထူထောင်ရေးမှာ ကျန်းမာရေးအဓိကဖြစ်တယ်။ အဲဒီလိုဆိုရင် စိတ်ဓာတ်မကျဖို့ စိတ်အားဆေးပေးနိုင်ဖို့လည်း အဓိက အရေးကြီးတယ်။

သူတို့ရဲ့ဆုံးရှုံးသွားတဲ့ ရုပ်ပိုင်းဆိုင်ရာတွေ စိတ်ပိုင်းဆိုင်ရာတွေ တစ်ကနေ ပြန်စရမှာဆိုတော့ ဒုက္ခမရောက်ဘဲ ကျန်တဲ့ဒေသတွေက သူတို့ကို ခွန်အားပေးရမှာပဲ။

ရေဝင်ပြီးသား အိမ်တစ်လုံးက ဘယ်လိုလုပ်ပြီးတော့ နဂိုမူလပြန်ဖြစ်မှာလဲ။ ကယ်ဆယ်ရေးကို အားတက်သရော ပါဝင်သလို ပြန်လည်ထူထောင်ရေးမှာလည်း တွဲလက်ညီညီနဲ့ အားလုံးပါဝင်မှရမှာပါ။ တကယ်တော့ ကာကွယ်ခြင်းက ကုသခြင်းထက် ထိရောက်တယ်။

**ခင်ဇာခြည်ကျော်**

ပြန်လည် ထူထောင်ရေးပိုင်းမှာ အချိန်ကြာမယ်။ ဘာဖြစ်လဲဆိုတော့ ပျက်စီးသွားတာက ပြည်နယ်နဲ့တိုင်း ၁၄ ခုမှာ အများစုကပါနေတော့ အချိန်ယူပြီးတော့လုပ်ရမယ်။ အထူးသဖြင့် ပျက်စီးသွားတဲ့ ရုပ်ပိုင်းဆိုင်ရာတွေ နောက်စိတ်ဓာတ်တွေကျမသွားအောင် အချိန်ယူပြီး ကျွန်မတို့က အချိန်နဲ့အတူ ကုစားပေးရမယ်။

ပြန်လည်ထူထောင်ရေးမှာ အဓိကကျတဲ့ ကျန်းမာရေး၊ ကျန်းမာရေးကောင်းမှ ကျန်တဲ့အပိုင်းတွေကို အဆင်ပြေပြေ လုပ်နိုင်မှာ။ ရေကောင်း၊ ရေသန့်ရဖို့လည်းလိုတယ်။ ဝိုင်းဝန်းလုပ်ဆောင်မှ အောင်မြင်မှာပါ။

**စိန်လင်း (Aroma)**

ဘယ်လိုအခက်အခဲပဲ ကြုံနေပါစေ စိတ်ဓာတ်ကို ခိုင်ခိုင်ထားပါ။ ကျွန်တော်တို့ နှလုံးသားတွေက ကျွန်တော်တို့ အနားဝတ်ပါပဲ။

အဲဒီတော့ စိတ်ဓာတ်ကျ အားမငယ်ကြပါနဲ့ ကျွန်တော်တို့တွေရှိသေးတယ်။

ကျွန်တော်တို့အားလုံးလည်း အတတ်နိုင်ဆုံး ကူညီသွားမှာပါ။ ရုပ်ဝတ္ထုတွေ ဆုံးရှုံးသွားပါစေ၊ စိတ်ဓာတ်ကိုတော့ ဆုံးရှုံးမခံပါနဲ့။ အခုရေကျတဲ့နေရာတွေမှာ ပြန်လည်ထူထောင်ဖို့ နိုင်ငံတော်အစိုးရရော ကျွန်တော်တို့ အနုပညာသမားတွေရော၊ ပြည်သူရော ပရဟိတအဖွဲ့အစည်းတွေရော ကူညီသွားမှာပါ။

စိတ်ကို တင်းတင်းထားပြီး မနက်ဖြန်များစွာ ရှိနေသေးတာကို သတိရစေချင်တယ်။

ကျွန်တော်တို့လည်း သူတို့ ကျန်းမာရေး၊ စားရေးသောက်ရေးသာမက စိတ်ဓာတ်ခွန်အားကိုလည်း ပေးဖို့လိုအပ်တယ်။

ကယ်ဆယ်ရေးကို အားတက်သရောပါဝင်သလို ပြန်လည်ထူထောင်ရေးမှာလည်း အားမလျှော့ပဲ ပရဟိတညီအစ်ကို မောင်နှမများ အားတင်းပြီး ဆက်လက်ကူညီကြရအောင်။

**ဆန်းသစ်လ**

လူငယ်တွေ တက်ညီလက်ညီနဲ့ အလှူခံတာတွေ့တော့ ကိုယ်တောင်ကြက်သီးထတယ်။ ကိုယ်တိုင်လည်း ပါဝင်တယ်။ အဲဒီဒေသကကလေးတွေကို အရမ်းသနားတယ်။ ကိုယ်တွေက ကျောင်းသွားလို့ မိုးရွာရင် ကိုယ့်စာအုပ်လေး မိုးစိုရင်တောင် စိတ်မကောင်းတာအခု သူတို့မှာ ဘယ်မှာလဲကျောင်း၊ ဘယ်မှာလဲလွယ်အိတ်၊ စာအုပ်မပြောနဲ့ အိမ်တောင်ဘယ်မှာလဲ။

မူလနေရာ ပြန်ရောက်ဖို့ဆိုတာမလွယ်ပေမယ့် တစ်ခုပဲ ပြောချင်တယ်။ စိတ်ဓာတ်မကျပါနဲ့ အားတင်းထားကြပါ။

ကိုယ်တွေလည်း တတ်နိုင်သလောက်ကူညီမှာပါ။ မကြာခင်မှာ ပျော်ရွှင်မှုတွေ ပြည့်တဲ့နေရာတစ်ခုကို အသစ်ပြန်ရမှာပါ။ အားမငယ်ကြပါနဲ့။

**ဝိုင်းလေး**

တချို့ကရေကျပေမယ့်နုံးတွေ ကျနေတော့ သွားလာလို့မရသေးဘူး။ တချို့အိမ်တွေဆို နုံးတွေ အထပ်လိုက်ပဲ တော်တော်ပြန်ပြင်ယူရမယ်။ အဲဒီအတွက် လုပ်အားငွေအားလိုတယ်။ ရေတက်နေတဲ့ အချိန်မှာ စားနပ်ရိက္ခာလိုတယ်။

အခုရေကျပြန်တော့ သူတို့ဘဝကို ပြန်စဖို့ထူထောင်ရေးတွေလိုတယ်။ အလိုအပ်ဆုံးက ကျန်းမာရေး၊ ပြီးရင် စားရေးသောက်ရေး၊ သူတို့လုပ်ကိုင်နေတဲ့ အလုပ်တွေ ပြန်လည်ရရှိဖို့ဆိုတာက အချိန်တွေ အများကြီးလိုတယ်။

ကလေးတွေ ကျောင်းတက်ရမယ်။ အများကြီးပဲ။ ဒုက္ခရောက်ဖို့ အချိန်က တစ်မိနစ်ပဲလိုတယ်ဆိုပေမယ့် ပြန်လည်တည်ဆောက်ဖို့က အချိန်ကို အကန့်အသတ်မရှိ ပေးရမယ်။

အဓိက က သူတို့စိတ်ဓာတ်ခွန်အားမကျအောင် စိတ်အာဟာရကို လည်းပေးရမယ်။

ဧရာဝတီတိုင်းမှာတော့ ခုလောလောဆယ် ရေဘေးကယ်ဆယ်ရေး လိုအပ်နေတုန်းပါ။ လမ်းဘေးမှာ အလှူခံတဲ့ လူတွေ တွေ့တိုင်းတွေ့တိုင်း သာဓုအကြိမ်ကြိမ်ခေါ်မိတယ်။

ဝိုင်းတို့ ကိုယ်တိုင်လည်း အလှူခံတယ်။ ရေဘေးသင့်နေရာတွေထိသွားတယ်။ တွေ့မြင်ခဲ့ရတော့ ပိုပြီးစိတ်ထိခိုက်တယ်။

ထူးထူး ပေးမြန်းရေးသားသည်။

www.free4reader.com



# တရားလို ရဲအုပ်နှင့် စခန်းမှူးတို့အား အရေးယူပေးရန် ဖမ်းဆီးခံကျောင်းသားများ၏တောင်းဆိုမှု တရားရုံးပယ်ချ

ဖိုးယုပြည်

ရန်ကုန်၊ ဩဂုတ် ၁၁

လက်ပံတန်းဖမ်းဆီးခံကျောင်းသားများအားဖမ်းပြီး ၂၄ နာရီကျော်မှ အမှုဖွင့် သည်ဟုဆိုကာ အမှုဖွင့်သည့် တရားလိုရဲအုပ်တစ်ဦးနှင့် လက်ပံတန်း ရဲစခန်းမှူးတို့အား အမှုဖွင့်ပေးရန်လက်ပံတန်း မြို့နယ်တရားရုံးသို့ စာတင်မှု ပယ်ချခံရကြောင်း ကျောင်းသားများ၏ ရှေ့နေထံမှ သတင်းရရှိသည်။

ထိုကဲ့သို့ ပယ်ချခံရခြင်းကြောင့် သာယာဝတီခရိုင်တရားရုံးသို့တက်ရောက်တောင်းဆိုသွားမည်ဖြစ်ပြီး ခရိုင်တွင် မရပါကလည်း တိုင်း၊ ဗဟိုအထိတက်ရောက် တောင်းဆိုမည်ဖြစ်ပြီးထိုမှမရပါကကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အထိတက်ရောက် တောင်းဆိုသွားမည် ဖြစ်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်ကပြောသည်။

"ကျောင်းသားတွေကို မတ်လ ၁၀ ရက်နေ့မှာဖမ်းတယ်။ ထောင်ကို တန်းပို့တယ်။ ၁၁ ရက်နေ့ကျမှ ရမန်ယူတယ်။ အမှန်တကယ်ဆိုထောင်က ကျင့်ထုံးဥပဒေပုဒ်မ ၃၇၈ အရ ရမန်ပါမှသာအကျဉ်းသားကို လက်ခံရမယ်၊ ဒါပေမဲ့ရမန်မပါဘဲ ကျောင်းသားတွေကို လက်ခံထားတယ်။ကျွန်တော်တို့ကဒါကိုအမိကထားပြီးတောင်းဆိုတာပါ၊ တရားသူကြီးမြင်တဲ့အမြင်နဲ့ ကျွန်တော်တို့အမြင်နဲ့မတူပါဘူး"ဟု ၎င်းကပြောသည်။

ကျင့်ထုံး ဥပဒေပုဒ်မ ၅၄၊ ၆၁ အရ သံသယဖြင့် ဖမ်းဆီးပြီး ၂၄ နာရီအတွင်းအမှုဖွင့် သောကြောင့် ဥပဒေနှင့်ညီညွတ်ကြောင်း ဩဂုတ် ၁၁ ရက်ရုံးချိန်းတွင် ပယ်ချလိုက်ကြောင်း ကျောင်းသားများဘက်မှ အမှုလိုက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်အေးမြမြစိုးက ပြောသည်။

ယင်းအပြင် ယခင်တစ်ပတ်ရုံးချိန်းက အာမခံပေးရန်တောင်းဆိုခဲ့သော ဝန်းရံပြည်သူ ၁၀ ဦးကိုလည်း အာမခံပေးရန်ငြင်းဆန်ခဲ့သောကြောင့် ခရိုင်တရားရုံးသို့ တက်၍ တောင်းဆိုသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အမျိုးသားပညာရေး ဥပဒေကြမ်းကို နှစ်သက်ခြင်း မရှိသောကြောင့် လမ်းလျှောက်ဆန္ဒထုတ်ဖော်ရာ၌ အဖမ်းဆီးခံရသော ကျောင်းသားပြည်သူ ၇၀ ဦးအနက် လက်ရှိ ကျောင်းတက်နေသော ကျောင်းသား ၁၁ ဦး၊ ကျန်းမာရေးမကောင်းသော ဝန်းရံပြည်သူ နှစ်ဦးနှင့် အသက်မပြည့်သေးသောကြောင့် ကလေးသူငယ် ဥပဒေဖြင့် ဖမ်းဆီးခံထားရသော ကျောင်းသားနှစ်ဦး စုစုပေါင်း ၁၅ ဦး အာမခံ ရရှိထားသည်။

အမှုအား ဩဂုတ်လ ၁၈ ရက်နေ့တွင် ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း တရားလွှတ်တော် ရှေ့နေဒေါ်အေးမြမြစိုးက ပြောသည်။

# ဟားခါးမြို့ ရွှေ့ပြောင်း သင့်၊ မသင့် စူးစမ်းနေဆဲ

PN- 051

ရန်ကုန်၊ ဩဂုတ် ၁၁

မြေပြိုကျမှုကြောင့် အိမ်ခြေ ၂၀၀ ကျော် ဆိုးရွားစွာထိခိုက်မှုရှိခဲ့ပြီး အောက်ခံမြေသား ထပ်မံပြိုကျနိုင်သည့်ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ချင်းပြည်နယ်မြို့တော်ဟားခါးအား ပြောင်းရွှေ့ရန် သင့်၊ မသင့် စုံစမ်းစစ်ဆေးရန် အတွက် ပြည်နယ်ဝန်ကြီး သုံးဦး ဦးဆောင်သော မြေအနေအထား လေ့လာရေးကော်မတီ တစ်ရပ်ကို ဩဂုတ်လ ၁၁ ရက်နေ့က ဖွဲ့စည်းလိုက်သည်ဟု သိရသည်။

ယင်းကော်မတီကို သတ္တုတွင်းဝန်ကြီးဌာနမှ စေလွှတ်လိုက်သော ဘူမိဗေဒပညာရှင် လေးဦးပါဝင်မှုဖြင့် ဖွဲ့စည်းခြင်းဖြစ်ပြီး၊ ဩဂုတ်လ ၁၂ ရက်နေ့မှစကာ မြို့တော် ဟားခါးတစ်ဝိုက် လေ့လာမှုတို့ ပြုလုပ်မည်ဟု ပြည်နယ်အစိုးရအဖွဲ့က အတည်ပြု ပြောသည်။

လေ့လာမှုတွင် အန္တရာယ်ရှိနိုင်သည့်နေရာ၊ လက်ရှိ ပြိုကျနေသည့်နေရာ၊ အက်ကြောင်းများဖြစ်ပေါ်နေမှုနေရာနှင့် မြေမပြိုနိုင်သည့်နေရာ စသည်တို့ ပါဝင်သည်ဟု ထိုကော်မတီမှ သိရသည်။

လက်ရှိတွင် အိမ်ခြေ ၂၀၀ ကျော်ရှိသည့် မြို့ဟောင်းရပ်ကွက်နှင့် ကျောဘုတ်ရပ်ကွက်တို့မှာ ဆိုးရွားစွာထိခိုက်မှု ရှိခဲ့၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေကြကြောင်း ချင်းပြည်နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မြင့်လွင်က ပြောသည်။

ယင်းအပြင် ထိခိုက်မှုရှိခဲ့သော ပြည်တော်သာရပ်ကွက်နှင့် ဈေးဟောင်းရပ်ကွက်တို့ရှိ အိမ်များမှာလည်း ပြောင်းရွှေ့နေကြကြောင်း ၎င်းက ဆက်ပြောသည်။

"မြေနေရာတော့ အစိုးရအဖွဲ့က ခုချိန်မှာ ဘယ်ပေးလို့ရဦးမှာလဲ။ ဘေးလွတ်ရာဆိုတာက ခုရေဘေးသင့်ပြည်သူတွေနေတဲ့ စခန်းကိုပါ"ဟု ရဲမှူးကြီးက ပြောသည်။

ဟားခါး ဒေသခံ တစ်ဦးက တစ်မြို့လုံးပြောင်းရွှေ့ရမည့်အခြေအနေရောက်နေပြီဆိုသည့် သတင်းကြောင့် တစ်မြို့လုံးထိတ်လန့်နေကြသည်ဟု ပြောသည်။

"မိုးက နေ့တိုင်းကိုရွာနေတော့ စိတ်ပူတယ်"ဟု ၎င်းကပြောသည်။

ယခင်နှစ်က ဟားခါးမြို့နှင့် နီးကပ်မှုရှိသည့် ဖလမ်းမြို့နယ်ထဲမှ အိမ်ခြေ ၁၀၀ ကျော်ရှိသည့် ဇလိုင်ကျေးရွာ တစ်ခုလုံး မြေပြိုကျမှုကြောင့် ပြောင်းရွှေ့ခဲ့ရဖူးသည်။ ထိုစဉ်ကဇာလိုင်ကျေးရွာသို့ လာရောက်စစ်ဆေးသည့် ဘူမိဗေဒပညာရှင်က ဟားခါးမြို့သည် မြေပြိုကျနိုင်သည့်အခြေအနေ ရှိနေကြောင်း ပြောဆိုသွားခဲ့ဖူးသည်ဟု ကိုယ်တွေ့ကြုံခဲ့ဖူးသူ အစိုးရဝန်ထမ်း တစ်ဦးက ပြောပြသည်။

"အဲဒီတုန်းက ဟားခါးဆေးရုံကြီးရှေ့ကကန်ကိုမြေဖို့ ဖို့နဲ့ သမိုင်းဝင် တော်လှန်ရေးရေကန်ကိုလည်း မြေဖို့ပါလို့ပညာရှင်ကအကြံပြုခဲ့တယ်။ ဒေသခံတွေက တော်လှန်ရေးကန်ကို မြေမဖို့ခဲ့ဘူး။ ဒီတော့ ထိခိုက်မှုများခဲ့တယ်"ဟု ၎င်းကဆိုသည်။

ယခုဖွဲ့စည်းလိုက်သော ကော်မတီသည်ဟားခါးမြို့ပြောင်း၊ မပြောင်းကို အဖြေထုတ်ပေးမည်ဟု သိရှိရသည်။

# သမ္မတ ရွေးကောက်ပွဲ ဝင်နိုင်ရန် ပါတီမှချန်လှပ်ထားသည့် ပုဗ္ဗသီရိ မဲဆန္ဒနယ်မြေတွင် ယခင် ကာချုပ်(လေ) ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန်၊ ဩဂုတ် ၁၁

နိုင်ငံတော်သမ္မတ ရွေးကောက်ပွဲ ဝင်နိုင်ရန်အတွက် ပြည်ခိုင်ဖြိုးပါတီမှ ချန်လှပ်ထားသည့် ပုဗ္ဗသီရိ မဲဆန္ဒနယ်မြေတွင် လက်ရှိ ဆက်သွယ်ရေးဝန်ကြီး ဦးမြတ်ဟိန်း (ယခင် ကာကွယ်ရေး ဦးစီးချုပ် (လေ) )က ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု သတင်းရရှိသည်။

တပ်မတော်မှ အငြိမ်းစား ယူပြီး တာဝန်မှနုတ်ထွက်သွားသည့် ဆက်သွယ်ရေး ဝန်ကြီးဟောင်း ဦးသိန်းထွန်းနေရာကို အစားထိုးဝင်ရောက်ခဲ့သည့် ဦးမြတ်ဟိန်းအတွက် ယခု၂၀၁၅ ရွေးကောက်ပွဲသည် ပထမဦးဆုံးဝင်ရောက်ယှဉ်ပြိုင်သည့် ရွေးကောက်ပွဲတစ်ခုလည်းဖြစ်သည်။

ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်ထံသို့ ဩဂုတ်လ ၉ ရက် အထိစာရင်းပေးထား သောကိုယ်စားလှယ်စာရင်းအရ ဦးမြတ်ဟိန်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးရည်မွန် (ခေါ်) မောင်တင်သစ် နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးမြင့်လွင်သန်းတို့နှင့် ယှဉ်ပြိုင်အရွေးခံရမည်ဖြစ်သည်။

ထို့နည်းတူ လက်ရှိ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ အပါအဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အဆင့်ရှိ အရာရှိကြီး ၄ ဦးတို့အပါအဝင် တပ်မတော်သား ၅၀ နီးပါးမှာလည်း တပ်မတော်မှ အငြိမ်းစားယူကာ ပြည်ခိုင်ဖြိုးပါတီမှပင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု သတင်းရရှိထားသည်။

ပြည်ခိုင်ဖြိုးပါတီမှ လက်ရှိတရားဝင် ထုတ်ပြန်ထားသော စာရင်းအရ ဗိုလ်ချုပ်ကြီး သူရသက်ဆွေသည် ကိုကိုးကျွန်း မဲဆန္ဒနယ်မှ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး အချို့မှာ ရှမ်းပြည်နယ် ဝန်းသိုမြို့နယ်နှင့် စစ်အုပ်ချုပ်ရေး ပြဋ္ဌာန်းထားသည့် လောက်ကိုင်မဲဆန္ဒနယ်တို့မှ ယှဉ်ပြိုင်မည် ဖြစ်သည်။

သို့သော်လည်း လက်ရှိပြည်ခိုင်ဖြိုးပါတီ၏ ဗဟိုအကြံပေးတစ်ဦးဖြစ်သူ တွံတေးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာမှာမူ ရွေးကောက်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်တော့မည် မဟုတ်ဘဲ ၎င်း၏နေရာကို ဒေါက်တာအုန်းကြွယ်နှင့် အစားထိုးထားကြောင်း ဦးစိုးသာ၏မိသားစုဝင်က ပြောသည်။

"ဦးစိုးသာက ပါတီမှာပဲ မူလရာထူးနဲ့ ဆက်လက်လုပ်ဆောင်နေပါမယ်"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းအပြင် အစိုးရအဖွဲ့ထဲမှ သမ္မတကိုယ်စား ပြောရေးဆိုခွင့်ရပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦး ရဲထွဋ်မှာလည်း ရွေးကောက်ပွဲကို ဝင်ပြိုင်ရန် မရှိဟု သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က "ဘယ်အခြေအနေမျိုးနဲ့မှ ဝင်ရောက်ယှဉ်ပြိုင်ဖို့ မရှိပါဘူး။ ကျွန်တော့်အနေနဲ့ နိုင်ငံရေးလောကထဲဝင်ဖို့ စိတ်ကူးမရှိပါဘူး"ဟု ပေါ်ပြူလာနယူးစ်သို့ပြောသည်။

ဦးရဲထွဋ်နှင့် နာမည်တူပြီး ပရဟိတသမားတစ်ဦးလည်းဖြစ် (သုဂတိစေတနာအသင်း အတွင်းရေးမှူး၊ ပခုက္ကူလူငယ်စင်တာ ထူထောင်သူ၊ ပခုက္ကူဖွံ့ဖြိုးတိုးတက်ရေး ဥက္ကဋ္ဌ) သမ္မတပေးအပ်သည့် ဂုဏ်ထူးဆောင်ရည်ပထမဆု ရထားသူ ဦးရဲထွဋ်မှာမူ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်အနေဖြင့် ပခုက္ကူမဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။

ပြည်ခိုင်ဖြိုးပါတီ နည်းတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နေ၍ တပ်မတော်သားဟောင်း တစ်ဦးကလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သတင်းရထားသည်။

၎င်းမှာ ယခင်ဗိုလ်မှူးချုပ်တစ်ဦးဖြစ်ခဲ့ပြီး အမေရိကန်၊ မလေးရှားနှင့် ရုရှားနိုင်ငံတို့တွင် စစ်သံမှူးကြီးအဖြစ် တာဝန်ယူခဲ့ဖူးသူ ဦးစိုးငွေဖြစ်ကာ ကော့ကရိတ် မဲဆန္ဒနယ်တွင် ဖြစ်သည်ဟု သိရသည်။

# နှိပ်စက်ခံထားရသည့် ၁၅ နှစ်အရွယ် အိမ်အကူမိန်းကလေးအမှု လူ့အခွင့်အရေးကော်မရှင် ဝင်ရောက်ကူညီမည်

PN-051

ရန်ကုန်၊ ဩဂုတ်၁၁

ဦးခေါင်း အပါအဝင် ခန္ဓာကိုယ်နေရာအနှံ့တွင် ဒဏ်ရာများစွာ ရသည်အထိ နှိပ်စက်ခံထားရသည့် ၁၅ နှစ်အရွယ် အိမ်အကူမိန်းကလေးအမှုကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ဝင်ရောက်ကူညီမည်ဟု သတင်းရရှိသည်။

အဆိုပါဖြစ်စဉ်သည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ အမှတ် ၄၁ ရပ်ကွက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အိမ်ရှင်၏နှိပ်စက်မှုကြောင့် မိန်းကလေးမှာ ဦးခေါင်း၊ ခြေလက်၊ ကျော၊ ရင်၊ မျက်နှာ တို့တွင် ဒဏ်ရာ၊ ဒဏ်ချက်များစွာ ရရှိခဲ့ရာ ယင်းအမှုကို မြောက်ဒဂုံ ရဲစခန်းက ကိုင်တွယ်နေကြောင်း သိရသည်။

ကော်မရှင်အနေဖြင့် မိန်းကလေးငယ်နှင့် မိသားစုဝင်များ အပါအဝင် သက်ဆိုင်ရာ ရဲအရာရှိအချို့နှင့် မကြာခင်ကတွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း အဆိုပါကော်မရှင်အဖွဲ့ဝင် ဒေါက်တာညွှန့်ဇော်က ပြောသည်။

အိမ်ရှင်အမျိုးသမီးကို စစ်ဆေးနေသော်လည်း အမှုတွဲတင်ရန် ကြန့်ကြာနေသည်ဟု မြန်မာနိုင်ငံ ကလေးသူငယ် အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်၏ စီမံကိန်းဒါရိုက်တာ ဦးအာကာစိုးနောင် ကဝေဖန်သည်။ အိမ်ရှင်အမျိုးသမီးနှင့် မိသားစုဝင်တို့က အဆိုပါ မိန်းကလေးအား ဆီပူယောင်းမဖြင့် ရိုက်ခြင်း၊ ခွေးချည်သည့် သံကြိုးဖြင့်ရိုက်ခြင်း၊ ခန္ဓာကိုယ်ကို ကတ်ကြေးဖြင့်ထိုးခြင်းများ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ရရှိသည့် ဒဏ်ရာတို့သည် ခိုင်မာသည့် သက်သေများဟု ၎င်းကပြောသည်။

"အမှုမှန်အမြန်ဆုံး ပေါ်ပေါက်ဖို့ ဒီလောက်ကြန့်ကြာဖို့မလိုဘူးထင်တယ်"ဟု ၎င်းကဝေဖန်သည်။

အသက် ၄၀ ကျော်အရွယ်ရှိသည့် အိမ်ရှင်အမျိုးသမီးဖြစ်သူက ၎င်း၏မြေးနှင့် ကစားဖော်ရရန်နှင့် အိမ်တွင် ကူညီနိုင်ရန်အတွက် ၂၀၁၀ ပြည့်နှစ်က မိန်းကလေးငယ်ကို ခေါ်ယူခဲ့ကြောင်း ရဲမှတ်တမ်းတို့အရသိရသည်။ ထိုစဉ်က ၎င်းမှာ အသက်မှာ ၁၀ နှစ် အရွယ်သာရှိပြီး အကြိမ်ကြိမ် ရိုက်နှက်နှိပ်စက်ခံခဲ့ရကြောင်း၊ ရိုက်နှက်နှိပ်စက်ဒဏ်ကို မခံနိုင်သဖြင့် ယခုနှစ် ဇူလိုင် ၁၄ ရက်ညပိုင်းတွင်နေအိမ်မှ ထွက်ပြေးခဲ့ကြောင်း၊ ယင်းနောက် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံတွင် ဆေးကုသ ခဲ့ရကြောင်း ၎င်း၏ မိသားစုဝင်တို့က ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်က အမှုကိုအချိန်ဆွဲနေခြင်း မဟုတ်ကြောင်းနှင့် အမှုမှန်ပေါ်ပေါက်ဖို့ ကတိပေးသည်ဟု ပြောသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က အစီရင်ခံစာ ထုတ်ပြန်မည်ဟု သိရသည်။

# မြစ်ကူးကြိုးဆွဲပေးရင်း ရဲအုပ်တစ်ဦး ရေထဲမျောပါ သေဆုံး

PN-051

ရန်ကုန်၊ ဩဂုတ် ၁၁

တံတားကျိုးကာ အဆက်အသွယ်ပြတ်တောက်သွားသဖြင့် အများသွားလာနိုင်ရန် မြစ်ကူးကြိုးဆွဲပေးခဲ့သော တွန်းဇံမြို့မရဲစခန်းမှ ရဲအုပ်တစ်ဦး ဩဂုတ်လ ၁၀ ရက်နေ့က ရေထဲမျောပါ သေဆုံးသွားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ရေကြီးမှုနှင့်အတူ ချင်းပြည်နယ် တွန်းဇံမြို့နယ်မှ နန့်ဇန်ကျေးရွာသို့ ဆက်သွယ်ထားသည့် မဏိပူရ ဂျစ်ကားကူးကြိုးတံတားမှာ ပြိုကျခဲ့သည်။ ထို့ကြောင့် အဆိုပါရွာကို ကယ်ဆယ်ရေးလုပ်ရန်ကြိုးပမ်းရာ မြစ်ကူးကြိုးကို ဆွဲရန်ကြိုးစားရင်း ရဲအုပ်ဖြစ်သူမှာ မျောပါသေဆုံးသွားခဲ့ခြင်း ဖြစ်သည်ဟု ရဲတပ်ဖွဲ့က အတည်ပြုပြောသည်။

"ကြိုးကို တစ်ဖက်ကမ်းအထိ မသယ်နိုင်ခဲ့ပါဘူး"ဟု ပြည်နယ်ရဲတပ်ဖွဲ့ရုံးမှ တာဝန်ကျရဲအရာရှိက ပြောသည်။

သေဆုံးသူမှာ အသက် ၄၀ သာရှိသေးပြီး ရေကူးကျွမ်းကျင်သော်လည်းရေစီးသန်သောကြောင့် မျောပါသွားခဲ့ခြင်း ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

ထို့အပြင်လက်ရှိအချိန်အထိ ကြိုးတံတားကိုလည်း မဆွဲနိုင်သေးဟုသိရသည်။ ထိုရဲအရာရှိ အပါအဝင် ချင်းပြည်နယ်တွင်သဘာဝဘေးကြောင့် သေဆုံးမှုမှာ ၉ ဦး ရှိသွားပြီဟု သိရှိရသည်။

www.free4reader.com


Vol: 7, No-32, August 13, 2015 POPULAR NEWS

# မြန်မာကျောင်းသူ ကျောင်းသားလေး များ ကမ္ဘာလုံးဆိုင်ရာပန်းချီပြိုင်ပွဲတွင် ဆုများ ရရှိ

*KTZO*

ရန်ကုန်၊ ဩဂုတ် ၁၁

Colgate Palmolive မှ စီစဉ်ကျင်းပသော 'တောက်ပသော အပြုံး၊ တောက်ပသော အနာဂတ်' အစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ ပန်းချီပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားလေးများသည် ဆုများကို ရယူနိုင်ခဲ့ကြသည်။




အဆိုပါ အစီအစဉ်ကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၈၀ မှ ကလေးငယ်ထောင်ပေါင်းများစွာက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အသက် ၆ နှစ်မှ ၉ နှစ်အကြားရှိ ကလေးများကို သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုမှတစ်ဆင့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကာ ကလေးငယ်များသည် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အလေ့အထနှင့် သက်ဆိုင်သည့် ပန်းချီကားများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

စုစုပေါင်း မြန်မာနိုင်ငံမှဝင်ရောက်ယှဉ်ပြိုင်သည့် ကလေးငယ်ပေါင်း ၁၃၂ ဦးထဲမှ နိုင်ငံတကာအဆင့် ၁၂ ဦးကို ရွေးချယ်၍ ပြီးခဲ့သည့် ဩဂုတ်လ ၅ ရက်နေ့က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ ဟိုတယ်တွင် ဆုချီးမြှင့်ခဲ့ကြသည်။ အဆိုပါကလေးငယ် ၁၂ ဦးကို ငွေသား ၂၇၅၀၀၀ စီနှင့် Colgate မှ အသိအမှတ်ပြု လက်မှတ်များ ချီးမြှင့်ပေးခဲ့ရာ Global Winner ဆုကို ကျောက်တန်းမြို့နယ်၊ ကုလားတန် အခြေခံပညာ အလယ်တန်းကျောင်းမှ မောင်ဇော်သူဟိန်းက ရရှိခဲ့သည်။

# Lactacyd အမျိုးသမီး သန့်စင်ဆေးရည် ကံစမ်းမဲအစီအစဉ်

*KTZO*

ရန်ကုန်၊ ဩဂုတ် ၁၁

Lactacyd အမျိုးသမီး သန့်စင်ဆေးရည်အား ဝယ်ယူသုံးစွဲကြသူများကို ကျေးဇူးတုံ့ပြန်သည့်အနေနှင့် ဟောင်ကောင်၊ မကာအိုခရီးစဉ်အား ကံစမ်းမဲဖောက် ရွေးချယ်ပေးမည့် အစီအစဉ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ခုကို ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက်နေ့က စင်ထရယ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။




Lactacyd သန့်စင်ဆေးရည် အမျိုးမျိုးရှိသည့်အနက် ပန်းပွင့်ပုံပါသော Lactacyd White Intimate, Care Sweet Flora, Revitalize စသည့် 150ml ဘူးကြီး သုံးမျိုးတွင်ပါသည့် ပန်းပွင့်ပုံ ပလတ်စတစ်ကိုခွာ၍ယင်း၏ နောက်ကျောဘက်တွင် အမည်၊ အသက်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်နှင့် ဝယ်ယူခဲ့သောဆိုင်တို့ကို ပြည့်စုံစွာဖြည့်စွက်၍ အောက်တိုဘာလ ၃၁ ရက်မတိုင်မီ စာတိုက်သေတ္တာ အမှတ်-၉၆၄ သို့ ပေးပို့ကံစမ်းကြရမည် ဖြစ်သည်။

ထို့ပြင် အမှတ် (၁၃)၊ သစ္စာလမ်း၊ အခန်း (၄၀၂)၊ ရန်ကင်းမြို့နယ်သို့လည်းကောင်း၊ ရှော့ပင်းစင်တာများရှိ Lactacyd ကံစမ်းမဲပုံးများသို့ ထည့်၍လည်းကောင်း ပေးပို့ကံစမ်းနိုင်မည် ဖြစ်သည်။ ကံထူးသူများကို နိုဝင်ဘာလတွင် ရွေးချယ်ပေးသွားမည်ဖြစ်ပြီး ကံစမ်းမဲပေါက်သူအနေနှင့် ခရီးစဉ်ကို မလိုက်ပါနိုင်ပါမူ ငွေသားဖြင့် ပြန်လည် လဲလှယ်ပေးမည်မဟုတ်ဟု သိရသည်။




# "ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း" မှ ကလေးနှင့် ဟားခါးမြို့များ ပြန်လည်ထူထောင်ရေးကူညီသွားမည်

ရန်ကုန်၊ ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့များတွင် ကယ်ဆယ်ရေးလုပ်ငန်း ကူညီဆောင်ရွက်ခဲ့သော 'ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း'သည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက ပြောသည်။

အထူးသဖြင့်ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာသင်ကျောင်းများအတွက် လိုအပ်သော ဗလာစာအုပ်၊ ခဲတံစသည့် စာရေးကိရိယာများ၊ စာသင်ခုံများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ ဆေးရုံလူနာများအတွက် ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများအတွက်လိုအပ်သော အထောက်အကူပြုပစ္စည်းများနှင့် ငွေကြေးများအား ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက ပြောသည်။

အဆိုပါရေဘေးသင့်ဒေသများမှပြည်သူများအတွက် လိုအပ်သော ဆေးဝါးနှင့် လူမှုအသုံးအဆောင်ပစ္စည်းများ၊ ဆန်နှင့်အခြားအခြေခံစားသောက်ကုန်များ၊ တောင်သူလယ်သမားများအတွက် မျိုးစပါးစိုက်ပျိုးနိုင်ရန် ကုန်ကျစရိတ်များအား စိုက်ထုတ်လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် အခြားအခြေခံလိုအပ်ချက်များကိုလည်း ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ဖြည့်ဆည်းပံ့ပိုးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။






www.free4reader.com



# မိုးကျရွှေကိုယ်

စနေ



"မိုးကျရွှေကိုယ်" ဟူသော စကားသည် မြန်မာ့လူမှု နယ်ပယ် အသီးသီးတွင် အထူးပင်ခေတ်စား နေသော စကားရပ် တစ်ခုဖြစ်လာ သည်။ နိုင်ငံရေးနယ်ပယ်တွင်လည်း မိုးကျရွှေကိုယ်ရှိသည်။ နောက်ဆုံး မှပါတီသို့ ဝင်ရောက်လာသူများက ရှေ့ဆုံးသို့ ရောက်ကုန်ကြသဖြင့်၊ အာဏာရပါတီရော အတိုက်အခံ ပါတီကြီးတို့တွင်ပါ ပြဿနာများရှိ နေ၏။စီးပွားရေးနယ်ပယ်တွင်လည်း တရားမဝင်နည်း၊ ဖြတ်လမ်းနည်း ပေါင်းစုံဖြင့် နေ့ချင်းညချင်း ချမ်းသာ လာကြသော အရှင်မွေးနေ့ချင်းကြီး "မိုးကျရွှေကိုယ်" များက စီးပွားရေး လောကကြီး တစ်ခုလုံးကို ချုပ်ကိုင် ထားကြသဖြင့် ဥပဒေဘောင်အတွင်း မှ ကောင်းရောင်းကောင်းဝယ်သမား များ စီးပွားပျက်မတတ်ဖြစ်ကြရ၏။ အုပ်ချုပ်ရေးဘက်တွင်ကား "အထူး ပြောစရာ မရှိ နဖူးကြောသာ ကြည့် ဦးညွှတ်ပေတော့" ဆိုသကဲ့ သို့ပင် ဖြစ်၏။ စစ်ဘက်မှနယ်ဘက်ဝန်ကြီး ဌာနများသို့ ထိပ်တန်းရာထူးများ ဖြင့် ပြောင်းရွှေ့အုပ်ချုပ်ကြသဖြင့် မကျေနပ်မှုပေါင်းစုံ ပြဿနာပေါင်း စုံ ဖြစ်ကြရ၏။ အဆင်မပြေလှသော "မိုးကျရွှေကိုယ်" များ ဖြစ်သည်။

**ကာကွယ်ရေးနှင့် ကျန်းမာရေး**

လတ်တလော မိုးကျရွှေကိုယ် ပြဿနာမှာ ကာကွယ်ရေးဝန်ကြီး ဌာနမှ ကျန်းမာရေးဝန်ကြီးဌာနသို့ အဆင့်မြင့်ရာထူးများဖြင့် ကူး ပြောင်းတာဝန်ထမ်းဆောင် လာ ကြသူများကြောင့် ဆေးလောက ကြီးတစ်ခုလုံးမှ မကျေမနပ်မှုများ စွာဖြင့် တုံ့ပြန်လာကြခြင်းဖြစ် သည်။ ထိုသို့ဌာနကူးပြောင်းလာ သူများထဲတွင် အပိုင်း ၂ ပိုင်းရှိ သည် ။ပထမပိုင်းမှာ DSMA ခေါ် တပ်မတော်ဆေး တက္ကသိုလ်ဆင်း ဆရာဝန်များနှင့် ဒုတိယတစ်ပိုင်း မှာ စစ်တက္ကသိုလ်ဆင်း အရာရှိ များဖြစ်သည်။ ပထမပိုင်းဖြစ်သော ဆရာဝန်များ ကူးပြောင်းလာခြင်း ကို ကန့်ကွက်သူများရှိသလို "ဆ ရာဝန်ဆိုတော့ တော်သေးတာပေါ့ လေ"ဆိုပြီး လက်ခံ၍ရသူများ လည်း ရှိသေးသော်လည်း ဒုတိယ အမျိုးအစားကိုမူ လက်ခံသူမရှိ၊ တညီတညွတ်တည်း ကန့်ကွက်ကြ ၏။ ထိုသို့ကန့်ကွက်သူများထဲတွင် တပ်မတော်သား အချင်းချင်းပင် ပါ၏။

တပ်မတော်ဆေးတက္ကသိုလ် ဆင်းများမှ နယ်ဘက်သို့ ကူးပြောင်းလာခြင်းကို မလို လားသူနယ်ဘက် ဆရာ ဝန် အချို့က "စစ်ဆေး ဆိုတာ အရပ်ဆေးထက် ဆယ်တန်းအမှတ် နိမ့် တယ်ကွ။ ဒီတော့သူတို့ က အိုင်ကြူလည်း နိမ့် တာပေါ့ကွာ" "စစ်တပ် က မာစတာတန်း တက် ရတာ စောင့်စရာမလိုဘူး။ နယ်ဘက်မှာက တန်းစီနေရ တာ။ ဒီတော့ ဆယ်တန်း တစ်နှစ်တည်း အောင်တာချင်း အတူတူ ရာထူးမြင့်ကုန်တာပေါ့" "အရပ်ဘက်က ထိပ်တန်းရာ ထူးတွေ သူတို့က ပိတ်ယူသွား တော့ ဒီဘက်မှာတက်လမ်း ပိတ်ကုန်၊ မျှော်လင့်ချက် တွေ မဲ့ကုန်တာပေါ့" ဟု ပြောကြ ဆိုကြရင်ဖွင့် ကြကုန်၏။ တစ်ဖန် စစ်ဆေးတက္ကသိုလ် ဆင်း ဆရာဝန် အရာရှိ အ ချို့ကလည်း မကျေနပ် စရာ ကိစ္စ တစ်ခု ပေါ် လာတာနဲ့ . . . ကိုယ့် Professional ချင်းတူတူ လုပ်နေတဲ့ လူအားလုံးကို မစော်ကားသင့် ကြောင်း၊ DSMA ဆင်းထဲမှာ MRCP တွေ၊ FRCS အစရှိတဲ့ Royal College Mem- bers တွေ၊ Foreign Master တွေ၊ PhD တွေ ရထားတဲ့သူ အမြောက်အမြား ရှိပါကြောင်း၊ IQ နိမ့်သူတွေကို နိုင်ငံတကာ တက္ကသိုလ်များက သနားသဖြင့် ဒီဂရီတွေ ပေးထား တာမဟုတ်ကြောင်း စသည် ဖြင့် တုံ့ပြန်ကြရာမှတစ်ဆင့် မိုးကျ ရွှေကိုယ်ပြဿနာသည် ဆရာဝန် ချင်း အငြင်း ပွားကြသည့် အခြေအနေသို့ ဦးတည်သွားလေ၏။ အမှန်မှာ တပ်မတော် ဆေးတက္ကသိုလ် ကျောင်း ဆင်း ဆရာဝန်အရာရှိများ သည် ခြေလျင်ခြေမြန်တပ်များ မှ ဆေးဘက်သို့ ပြောင်းရွှေ့လာသူ အရာရှိများ၏ဒဏ်ကို ဗိုလ်လောင်း ဘဝမှ ယနေ့ထိတိုင် ခံနေရသူများ သာ ဖြစ်ပါသည်။

**သူ့အထင် ကိုယ့်အထင်**

ဌာနကူးပြောင်းပေးလိုက်ကြ ကုန်သော အာဏာပိုင်တို့က "ကု သရေးကို ပြောင်းတာမှ မဟုတ် တာ"၊ "အုပ်ချုပ်ရေးပိုင်းကိုပြောင်း ပေးတာလေ"၊ "သူတို့ လည်း တပ်မှာ အုပ်ချုပ်ရေးလုပ်ငန်းတွေနှစ် ပေါင်းများစွာလုပ်လာတာ လုပ်နိုင် မှာပါ" ဟု အထင်ရောက်ကြ၏။ နယ် ဘက်ဆရာဝန်များက လည်း ဆရာဝန်ကို ဆရာဝန် အကြောင်းဘာမှ မသိသူ တွေမအုပ်ချုပ်ရ ဆရာဝန် ဆရာဝန်ချင်းသာ အုပ် ချုပ်ကြရမည် အထင်ရောက် ကြပြန်၏။

ကျွန်တော်၏ ပုဂ္ဂလိက အယူ အဆကိုဖော်ပြရလျှင် အထက်ပါ အယူအဆ နှစ်မျိုးလုံး ကိုသဘော မတူပါ။ စစ်ဘက်အုပ်ချုပ်ရေး၊ ဆေး ကုသရေးနှင့် ဆေးဘက်ဆိုင်ရာ စီမံခန့်ခွဲရေးတို့သည် သီးခြားစီဖြစ် ၏။ ရန်ကုန်ဆေးရုံကြီးကို ဥပမာ ပေးလို၏။ ရန်ကုန်ဆေးရုံကြီး၏ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကို တာဝန်ယူရသူများသည် ဆရာဝန် ကြီးများအပါအဝင် ဆေးဘက်ဆိုင် ရာ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ တာ ဝန်ခွဲဝေချထားခြင်း၊ ဆေးရုံသုံး ပစ္စည်းအမျိုးမျိုးကို ဝယ်ယူ ဖြည့် တင်းထောက်ပံ့ခြင်း အပါအဝင် လူ နာတစ်ယောက်ရောက်လာပြီဆိုတာ နှင့် Electronic Health Record Software (EHR System) များ အသုံးပြု၍ လူနာအသစ်ဖြစ်သည် (သို့မဟုတ်)ယခင်ကုသဖူးသောလူ နာအဟောင်းဖြစ်သည်ကို အတည် ပြုခြင်း၊ လူနာအဟောင်းဖြစ်ပါက မည်သည့်နေ့တွင် မည်သည့်အထူး ကု ဆရာဝန်ကြီးဖြင့် မည်သည့် ရောဂါများ ကုသခဲ့သည်၊ စသည့် မှတ်တမ်းများ ရှာဖွေခြင်း၊ Health Information Management Services များအသုံးပြု၍ လူနာ သည် ကျန်းမာရေးအာမခံ ထားရှိ ခြင်း ရှိ၊ မရှိ ထားရှိပါကလည်း သက်ဆိုင်ရာအာမခံ ကုမ္ပဏီနှင့် ချက်ချင်းဆက်သွယ်၍ အတည်ပြု ချက်ရယူများ ပြုလုပ်ပြီး အဆိုပါ အချက်အလက်များကိုကိုင်ကာ လူ နာရှင်နှင့် ကုသရေးအတွက် ဆွေး နွေးပြီး အကောင်းဆုံး ကုနိုင်ရေး နှင့်လူနာအစစအဆင်ပြေအောင် အချိန်တိုအတွင်း နည်းပညာအကူ အညီတွေနှင့် စီစဉ်ဆောင်ရွက် ပေးနိုင်အောင် စီမံခန့်ခွဲပေးရမည် ဖြစ်ပါသည်။

ထို့အပြင် ဆေးရုံကြီးကို Professional Environment ဖြစ်လာရန်အတွက်လိုအပ်သည့် ISO 9001-2000( Quality Management System) အသိ အမှတ်ပြုလက်မှတ်တွေ ရစေရေး သက်ဆိုင်ရာ အဖွဲ့အစည်းတွေနှင့် ဆက်သွယ်ဆောင်ရွက်ပြီး လိုအပ် ချက်တွေ ပြည့်မီအောင် လုပ်ရတာ တွေ ပါဝင်ပါသေးသည်။ လွယ်လှ သည်တော့ မဟုတ်ပါ။ ဆရာဝန် ဖြစ်နေလျှင်ပင် Health Science Management, Hospital Management တွေကို ကျွမ်းကျင် သည့် ဆရာဝန်တွေမှ ဆောင်ရွက် နိုင်မှာပါ။ ကုသရေးသာကျွမ်းကျင် သည့်ဆရာဝန်တွေ ဆောင်ရွက် နိုင်ဖို့ မလွယ်လှပါ။ စစ်တပ်ကဆို လျှင်ကား ပြောဖွယ်ရာ မရှိတော့ ပါ။ ဆိုင်လည်း မဆိုင်ပါ။

**မြွေပါလည်းဆုံး၊ သားလည်းဆုံး**

ဤသို့ ကာကွယ်ရေးဘက်မှ နယ်ဘက် ဝန်ကြီးဌာနများသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေ လိုက်သဖြင့် တပ်မတော်တွင်လည်း အင်အားလျော့သွားသလို အခြား တစ်ဖက်တွင်လည်း အဆင်မပြေ ဖြစ်ကြရပါသည်။ အလားတူပင် ကုသရေးသာ ကျွမ်းကျင်သော ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာ လုပ်ငန်းသာ ကျွမ်းကျင်သော အင် ဂျင်နီယာကြီးများ၊ သင်ကြားရေး သာ ကျွမ်းကျင်သော ပညာရှင်ကြီး များကို အုပ်ချုပ်ရေးဘက်တွင် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေ မှုများသည်လည်း အလားတူ ဆုံး ရှုံးမှုများပင်ဖြစ်ပါသည်။တိုင်းပြည် အတွက် နစ်နာလှပါသည်။

အချုပ်အားဖြင့်ဆိုရသော် မိုး ကျရွှေကိုယ်များသည် အတိတ်က လည်း မကောင်းခဲ့ပါ။ ပစ္စုပ္ပန်တွင် လည်း ကောင်းမနေပါ။ နောင်တွင် လည်းကောင်းလာမည်မဟုတ်ဟု သာဆိုချင်ပါသည်။ ပြင်နိုင်လျှင် လည်းပြင်ပေးကြပါ၊ မပြင်နိုင်တော့ လျှင်လည်း ပြင်နိုင်သူများကိုနေ ရာပေးလိုက်ကြပါ။ ။ ■

> မိုးကျရွှေကိုယ်များသည်
> အတိတ်ကလည်း မကောင်းခဲ့ပါ။
> ပစ္စုပ္ပန်တွင်လည်း ကောင်းမနေပါ။
> နောင်တွင်လည်း
> ကောင်းလာမည်မဟုတ်ဟုသာ ဆိုချင်ပါသည်။
> ပြင်နိုင်လျှင်လည်း ပြင်ပေးကြပါ၊
> မပြင်နိုင်တော့လျှင်လည်း
> ပြင်နိုင်သူများကို နေရာပေးလိုက်ကြပါ။

# မုန်တိုင်းကြိုတင်တိုင်းတာရေး ရေဒါများ ရခိုင်တွင် တပ်ဆင်ပြီးစီး

**အောင်ဇော်ထူး**

ရန်ကုန်၊ ဩဂုတ် ၁၁

မြန်မာ့ကမ်းရိုးတန်း အတွင်း ဖြစ်ပေါ်လာမည့် မုန်တိုင်းအန္တ ရာယ်အား ကြိုတင်သိရှိနိုင်သည့် တိုင်းတာရေး ရေဒါစက်များကို တပ်ဆင်မှု ပြီးစီးနေပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ရေဒါစက်များကို ဂျပန်အစိုးရ၏ အကူအညီဖြင့် ကျောက်ဖြူမြို့၌ ပထမဆုံး စတင် တပ်ဆင်နေခြင်း ဖြစ်ပြီး ပြင်ဆင် ချိန်ကာလ တစ်နှစ်ကျော်ခန့် ကြာ မြင့်ခဲ့သော်လည်းယခုနှစ်တွင် စတင် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြား မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

"ရေဒါအမျိုးအစားက ဂျပန် နည်းပညာနဲ့ ပြုလုပ်ထားတာပါ။ မုန်တိုင်းရဲ့ အရွယ်အစား၊ ရွေ့ လျားမှုနဲ့ ဘယ်နေရာ ဘယ်ဒေသ ကို ဦးတည်သွားတာက အစ အတိ အကျသိနိုင်မယ့် စက်မျိုးပါ" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ယင်းရေဒါစက် ပစ္စည်းများ၏ အသုံးပြုမှု နည်း ပညာပိုင်းကို ဂျပန်ပညာရှင်များ နှင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ် ပြီး နောက်ပိုင်းတွင် တိုင်းတာရေး အင်ဂျင်နီယာ လုပ်ငန်းပိုင်းများ ပိုမို ကျွမ်းကျင်လာပါက ဝန်ကြီး ဌာနထံ တရားဝင် လွှဲပြောင်းပေး မည် ဖြစ်ကြောင်း သိရသည်။

"ဒီမုန်တိုင်း ရေဒါမျိုးက မြန် မာနိုင်ငံအတွက် ပထမဆုံး စတင် တပ်ဆင်နိုင်မှု ဖြစ်ပါတယ်။ ဂျပန် ပညာရှင်တွေ သင်ကြား ပြသမှုအရ မိုင် ၂၀၀ လောက်ကတည်းက ရွေ့ လျားလာမယ့်မုန်တိုင်းပုံသဏ္ဌာန်ကို ကြိုသိနိုင်မယ်။ ဒါအရမ်းကောင်း တဲ့လုပ်ဆောင်မှုပါပဲ"ဟု ကျောက် ဖြူမြို့နယ်တွင် ယင်းမုန်တိုင်းခန့်မှန်း ရေး ရေဒါနှင့်ပတ်သက်၍ သင်တန်း တက်ရောက်နေသော တိုင်းတာ ရေးအင်ဂျင်နီယာ တစ်ဦးဖြစ်သူ ဦးကျော်မိုးနိုင်က ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် အဆိုပါ ရေဒါစက်များကို ကျောက် ဖြူဆိပ်ကမ်း၊ ရန်ကုန်ကမ္ဘာအေး မိုးလေဝသစခန်းနှင့် မန္တလေး ချမ်းမြသာစည် လေဆိပ်စသည့် နေရာသုံးခု၌ နှစ်အလိုက်တပ်ဆင် သွားမည် ဖြစ်ကြောင်း သိရသည်။

"သဘာဝဘေးအန္တရာယ်တိုင်း ကကြောက်စရာချည်းပါပဲ။ ဒီအထဲ မှာ မုန်တိုင်းက အဆိုးဆုံးပေါ့။ ဒီလိုမျိုး တပ်ဆင်ပြီး တိကျတဲ့ သတင်းအချက်တွေ ထုတ်ပြန်နိုင် ရင်တော့ ပိုကောင်းတာပေါ့" ဟု ယခုနှစ် ဇူလိုင်လအတွင်း လေဆင် နှာမောင်းတိုက်ခတ်မှုကြောင့် အိမ် ခြေများပျက်စီးသွားသည့် လှည်း ကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာ မှ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ရေဒါစက်ပစ္စည်းအား လုံး၏တပ်ဆင်မှု ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၄၀ခန့်ရှိ ပြီးမြန်မာအစိုးရဘက်မှလည်းအခြေ ခံအဆောက်အအုံများ ဆောက်လုပ် ရေးကုန်ကျမှုများကို ကျခံပေးရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

www.free4reader.com



Vol: 7, No-32, August 13, 2015 POPULAR NEWS

# ရေဘေးသင့်ဒေသအချို့တွင် မြွေကိုက်ခံရ၍ လူသေမှုများရှိလာ

ရှုး
ရန်ကုန်၊ ဩဂုတ် ၇

ရေဘေးသင့် ဒေသအချို့မှ ကျေးရွာများတွင် မြွေကိုက်ခံရမှုကြောင့် လူသေဆုံးမှုများ ရှိလာကြောင်း ဒေသခံများထံမှ သိရသည်။

ရေဘေးသင့်ရာ ဒေသများသို့ ကျန်းမာရေး ဝန်ကြီးဌာနမှ မြွေဆိပ်ဖြေဆေးများ အရောက်ပို့နေသော်လည်း ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းရှိ ကျေးရွာအချို့တွင် မြွေဆိပ်ဖြေဆေးများ မရောက်ကြောင်း၊ မြွေအန္တရာယ်နည်းပါးသော ရခိုင်ပြည်နယ်တွင် စိုးရိမ်ရမှု နည်းပါးသော်လည်း ကျန်ဒေသများတွင် မြွေကိုက်ခံရမှုကြောင့် သေဆုံးသူများပင် ရှိလာကြောင်း ဒေသခံများက ပြောသည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ ညောင်နီကုန်းရွာမှ ဒေသခံတစ်ဦးဖြစ်သူ ဦးကျော်ကျော်ဦးက "ဒီမှာတော့ မြွေကိုက်ခံရရင် ဆရာတော်တွေက မန်းမှုတ်ပေးတာတို့ ဆေးမြစ်တို့တွေနဲ့ ကုသပေးတာတို့ လုပ်တယ်။ အချို့ကလည်း အဲဒါနဲ့ ကောင်းသွားကြတယ်၊ အဲဒါနဲ့မှ မကောင်းရင် မြို့နယ်ဆေးရုံတွေဆီ သွားကြတယ်။ ဆေးရုံမရောက်သေးဘဲ လမ်းမှာသေသွားတဲ့ သူတွေလည်း ရှိတယ်" ဟု ပြောသည်။


ရေဘေးသင့်သာပေါင်းမြို့နယ်တွင်တွေ့ရသော မြွေဘေးအန္တရာယ် ဓာတ်ပုံ- Sayar Hpan

လက်ရှိတွင် အဆိုပါ ကျေးရွာ၌ ရေကြီးသည့် ရက်များအတွင်း မြွေကိုက်ခံရသူ ၁၀ ဦးထက်မနည်း ရှိနေပြီဖြစ်ပြီး လူသုံးဦး သေဆုံးသွားပြီ ဖြစ်ကြောင်း သိရသည်။

ဆေးဝါး သိုလှောင်ရေးဌာန (ရန်ကုန်) မှ ဒေါက်တာအောင်ကြီးမောင်က "ကျွန်တော်တို့ မြို့နယ်ပြည်သူ့ဆေးရုံတွေကို မြွေဆိပ်ဖြေဆေးတွေ ပေးပြီးနေပါပြီ။ရေကြီးတဲ့ ကာလအတွင်း ဆေးအရေအတွက် တစ်သောင်းကျော်လောက် ဖြန့်ဝေပြီးသွားပါပြီ၊ အခု အကိုက်ခံရတဲ့ နေရာတွေက ဆေးရုံနဲ့ ဝေးပြီးခေါင်တဲ့ နေရာတွေလေ။ ဆေးရုံတွေကတစ်ဆင့် ထပ်ပြီး ဖြန့်ဖြူးပေးဖို့ လိုတာပေါ့" ဟု ပြောသည်။

သားဖွားဆရာမများသာ ရှိသော ကျေးရွာများထိ မြွေဆိပ်ဖြေဆေး တိုက်ရိုက် မဖြန့်ဖြူးရခြင်းမှာ သားဖွားဆရာမများ အနေဖြင့် လူနာအား မည်သည့် မြွေအမျိုးအစား ကိုက်လိုက်သည်၊ မည်သည့်ဆေးများကို မည်ကဲ့သို့ ထိုးရမည်ကို မသိဘဲ မှားယွင်းစွာ ကုသပေးလိုက်မည်ကို စိုးရိမ်၍ ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကုသရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသီတာလှက "ရေပြန်ကျသွားတဲ့အခါ မြွေအန္တရာယ် ရှိပါတယ်။ ဒါကြောင့် မြွေဆိပ်ဖြေဆေးတွေကို ရေဘေးသင့် ဒေသတွေဆီ အရောက်ပို့ ပေးနေပါတယ်။ အခု လက်ရှိမှာဆိုရင် မြွေအန္တရာယ် ဖြစ်မှ မဟုတ်ဘူး။ မဖြစ်ခင်ကတည်းက ပြည်သူ့ဆေးရုံတွေမှာ ဒီဆေးတွေကို လုံလုံ လောက်လောက် ဖြန့်ဖြူးပေးနိုင်တဲ့ အနေအထား ရှိပါတယ်" ဟု ဆိုသည်။

ရေဘေးသင့် ဒေသများသို့ ကျန်းမာရေးဝန်ကြီးဌာနမှ မြွေဆိပ်ဖြေဆေးများကို အလေးပေး၍ ဖြန့်ဝေပေးနေကြောင်း သိရသည်။

## ရေဘေးသင့်ပြည်သူများ ကျန်းမာရေးအတွက် ဘာအရေးကြီးဆုံးလဲ

ရှုး
ရန်ကုန်၊ ဩဂုတ် ၇

ရေဘေးသင့်ဒေသ ပြည်သူများ၏ ကျန်းမာရေးအတွက် ရေကောင်းရေသန့်နှင့် သန့်ရှင်းသော အစားအစာရရှိရန် အရေးကြီးဆုံး ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ဒုညွှန်ကြားရေးမှူး ဒေါက်တာ ယဉ်သန္တာလွင်က ပြောသည်။

ရေဘေးသင့် ပြည်သူများအနေဖြင့် အစားအစာနှင့် ရေတို့မှ တစ်ဆင့် ကူးစက်တတ်သောရောဂါများကိုကာကွယ်ရန် ကျိုချက်ထားသော ရေနှင့် ကလိုရင်းဆေးခတ်ထားသော ရေများကိုသာ သောက်သုံးသင့်ကြောင်း၊ အစာအဆိပ်သင့်မှုမဖြစ်စေရန် ရက်လွန်အစားအစာများနှင့် မသန့်ရှင်းသောအစားအစာများကို မစားသင့်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဒေါက်တာယဉ်သန္တာလွင်က "လူတွေအတွက် အရေးကြီးဆုံးက ရေကောင်းရေသန့်ရဖို့ပါ။ ကျွန်မတို့ဌာနအနေနဲ့ ရေတွင်းရေကန်တွေကို ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ပြီးတော့ ရေဘေးနဲ့ လေဘေးကြောင့် ညစ်ညမ်းသွားတဲ့ ပတ်ဝန်းကျင်တွေကို သန့်ရှင်းရေးလုပ်ငန်းတွေ လုပ်ဆောင်တဲ့အပြင် သန့်ရှင်းတဲ့ အစားအစာရရှိရေးပါ ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ထို့ပြင် ပြည်သူများကို ကျန်းမာရေး အသိပညာပေးခြင်း သည်လည်း ကြိုတင်ကာကွယ်ခြင်းတစ်မျိုးဖြစ်သည့်အတွက် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအပြင်အပြည်ပြည်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူညီမှုများလည်း လိုအပ်ကြောင်း ၎င်းက ဆိုသည်။

ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနမှ ဒုညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်က "ကယ်ဆယ်ရေးစခန်းတွေမှာ ပြည်သူလူထုရဲ့ ကျန်းမာရေးအတွက် လိုအပ်တဲ့ဆေးတွေနဲ့ ပစ္စည်းတွေကို ထောက်ပံ့ပေးနေတယ်။ အဓိကကတော့ ကူးစက်ရောဂါတွေ မဖြစ်ပွားအောင် သန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့ အထူးအလေးပေး ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ရေသန့်စင်ဆေးများအပြင် မြွေဆိပ်ဖြေဆေးများနှင့် အခြားဆေးဝါး ပစ္စည်းများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်ဟု သိရသည်။

## စာမေးပွဲကျသဖြင့် ကျောင်းထွက်ထားရသည့် ဆေးကျောင်းသားများ ပြန်တက်ရန် လျှောက်ထားနိုင်

ရှုး
ရန်ကုန်၊ ဩဂုတ် ၇

ဆေးတက္ကသိုလ်များမှ ၂၀၁၀ ခုနှစ်နောက်ပိုင်း စာမေးပွဲကျရှုံးသဖြင့် ကျောင်းထွက်ထားရသူများ သက်ဆိုင်ရာ တက္ကသိုလ်များတွင် ပြန်လည်တက်ရောက်ရန် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း မကွေးဆေးတက္ကသိုလ်မှ ဒေါက်တာ ဦးအေးထွန်းက ပြောသည်။

ဆေးတက္ကသိုလ်များမှ ပထမနှစ်တွင် နှစ်ကြိမ်ကျရှုံး ကျောင်းသားများနှင့် ဒုတိယနှစ်နှင့်အထက် စာသင်နှစ်များတွင် သုံးကြိမ်ကျရှုံးသည့် ကျောင်းသားများကို ပြန်လည်လျှောက်ထားခွင့် ပြုမည်ဖြစ်သည်။

၂၀၁၀ ခုနှစ် နောက်ပိုင်း ကျရှုံးကျောင်းသား ကျောင်းသူများကိုသာ ပြန်လည် တက်ရောက်ခွင့် ပြုရခြင်းမှာ စာသင်ချိန်နှင့် အလွန်ကွာဝေးသွားသူများအဖို့ ပညာ ဆက်လက် သင်ယူရန် အဆင်ပြေနိုင်မည် မဟုတ်သည့် အတွက် ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"စာမေးပွဲဖြေရတဲ့ အကြိမ်အရေအတွက်ကြောင့် ကျောင်းသား ကျောင်းသူတွေရဲ့ အရည်အသွေးကို ထိခိုက်စေမယ်လို့ မယုံကြည်ပါဘူး။ ကျောင်းသားတွေကလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲကြိုးစားကြပြီး အရည်အသွေးကောင်းတွေ ပြသနိုင်ဖို့ မျှော်လင့်ပါတယ်" ဟု၎င်းက ပြောသည်။

ကျောင်းပြန် တက်လိုသူ ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းတက်ခွင့် လျှောက်ထားရန်လိုအပ်သည်များနှင့် နောက်ဆုံးလျှောက်လွှာတင်ရမည့်နေ့ စသည်ဖြင့် အသေးစိတ်များကို မိမိတို့ တက်ရောက်ခဲ့သော ဆေးတက္ကသိုလ် အသီးသီးတွင် မေးမြန်းစုံစမ်းပြီး အကူအညီများရယူနိုင်ကြောင်းသိရသည်။

ဆေးတက္ကသိုလ် (၂) မှ ဒေါက်တာ ဒေါ်မြင့်မြင့်ငြိမ်းက "ဒီကိစ္စနဲ့ ပတ်သက်ပြီး အစည်းအဝေးတွေမှာတော့ မပြောသေးပါဘူး။ အဲဒီအတွက် သေချာမသိသေးဘူး။ ပြောလို့ မရသေးပါဘူး" ဟု ဆိုသည်။

၂၀၁၀ ခုနှစ် နောက်ပိုင်း စာမေးပွဲကျရှုံးသဖြင့် ကျောင်းထွက်ထားရသော ကျောင်းသား ကျောင်းသူ အများစုသည် ကျောင်းပြန်တက်ရန် ဆန္ဒရှိကြပြီး ပြန်လည် လျှောက်ထားရန် ကြိုးပမ်းနေကြကြောင်း သိရသည်။

## ရေဘေးကြောင့် ရခိုင်ပြည်နယ်တွင် ပြည်သူ့ကျန်းမာရေး အခြေခံ အဆောက်အအုံနှင့် ဆေးဝါး ကျပ်သိန်း သုံးထောင်ကျော်ဖိုး ဆုံးရှုံး

ရဲလွင် ရှုး
ရန်ကုန်၊ ဩဂုတ် ၇

ရေကြီးမှုကြောင့် ရခိုင်ပြည်နယ်ရှိပြည်သူ့ဆေးရုံ၊ ဆေးပေးခန်းများနှင့် ဆေးဝါးတန်ဖိုး ကျပ်သိန်း ၃၅၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယင်းပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်တွင် ဆေးရုံပေါင်း ၇ ခု၊ ကျန်းမာရေးဌာန ၁၅ခုနှင့် ဌာနခွဲပေါင်း ၄၈ခု ပျက်စီးဆုံးရှုံးခဲ့သည်။

"ရေဝင်တယ်ပြန်ကျသွားတယ်။ ဆေးဝါးအချို့ဆုံးရှုံးတယ်။ ဒီအပေါ်မှာပြန်လည်ဖြည့်တင်းဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနရယ်၊ ပြည်နယ်အစိုးရရယ် ပေါင်းပြီးတော့ ဆွေးနွေးဆောင်ရွက်နေတယ်။ ဆေးဝါးတွေ ဖြည့်တင်းဖို့၊ ခြံစည်းရိုးတချို့ ပျက်စီး တာတွေလည်း ပြင်ဆင်ဖို့တွေရှိတယ်။ ပျက်စီးသွားတဲ့ ဆေးဝါးစာရင်းအတိအကျကိုတော့ စိစစ်နေတုန်းပဲ" ဟု ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာသောင်းလှိုင်က ပြောသည်။

ကျေးလက်များတွင်ရှိသော ကျန်းမာရေးဌာနခွဲများသည် စံကိုက်အဆောက်အအုံများမဟုတ်သဖြင့် ပြန်လည်ဆောက်လုပ်ပါက စံကိုက်အဆောက်အအုံများအဖြစ်သို့ ပြန်လည်ဆောက်လုပ်ပေးရန် လိုအပ်ကြောင်း ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ရခိုင်ပြည်နယ်အတွင်းရှိပြည်သူများကျန်းမာရေး စောင့်ရှောက်မှုနှင့် ပတ်သက်၍ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ အရာရှိတစ်ဦးက "ကျွန်တော်တို့ ဆရာဝန်နဲ့ ဆေးပစ္စည်းတွေပါတဲ့ အဖွဲ့ ၃၀ နဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ ဘူးသီးတောင် ပြီးတော့ အဲဒီနားက ကျေးရွာတွေကို နေ့တိုင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေတယ်။ မင်းပြားဘက်မှာတော့ ဝမ်းရောဂါဖြစ်တယ်ဆိုပြီး အသံကြားလို့ ချက်ချင်းသွား ကြည့်တယ်၊ မဟုတ်ပါဘူး။ မရောက်သေးတဲ့ နေရာတွေရှိသေးပေမယ့် အခုကျန်းမာရေး စောင့်ရှောက်မှုပေးမယ့် NGO အဖွဲ့က ဆရာဝန်၊ သူနာပြု ကျန်းမာရေးမှူးတွေ ပါဝင်ပြီးတော့ ဆေးဝါး ၄၆ မျိုးပါဝင်တဲ့ ဆေးပုံးတွေနဲ့ ထပ်ပြီးတော့ ကျန်းမာရေးစောင့် ရှောက်မှုပေးဖို့ စီစဉ်ထားပါတယ်" ဟု ပြောသည်။

ရခိုင်ပြည်နယ်ရှိ ဆေးရုံနှင့် ဆေးဝါးများ ပျက်စီးမှုစာရင်း

| မြို့နယ် | ဆေးရုံ | ကျန်းမာရေးဌာန | ကျန်းမာရေး ဌာနခွဲ | ဆေးဝါးများအပါအဝင် ကျန်းမာရေးအခြေခံ အဆောက်အအုံများပျက်စီးမှုတန်ဖိုး |
|---|---|---|---|---|
| မောင်တောမြို့နယ် | ၂ | ၃ | ၈ | ကျပ်သိန်းပေါင်း ၆၅၀ |
| ဘူးသီးတောင်မြို့နယ် | ၂ | ၃ | ၁၁ | ကျပ်သိန်းပေါင်း ၇၈၀ |
| မြောက်ဦးမြို့နယ် | ၁ | ၅ | ၁၈ | ကျပ်သိန်းပေါင်း ၁၁၅၀ |
| မင်းပြားမြို့နယ် | - | ၃ | ၃ | ကျပ်သိန်းပေါင်း ၃၆၀ |
| ကျောက်တော်မြို့နယ် | ၁ | - | ၁ | ကျပ်သိန်းပေါင်း ၅၀ |
| အမ်းမြို့နယ် | ၁ | ၁ | ၄ | ကျပ်သိန်းပေါင်း ၃၀၀ |
| ရသေ့တောင်မြို့နယ် | - | - | ၃ | ကျပ်သိန်းပေါင်း ၂၁၀ |

www.free4reader.com






ဓာတ်ပုံ - အိအိခိုင်

# မထသ ခရီးသည်တင်ယာဉ်လိုင်းအချို့ ယာဉ်စီးခများကို ရေဘေးကယ်ဆယ်ရေးအတွက် လှူဒါန်း

ရဲလွင်

ရန်ကုန်၊ ဩဂုတ် ၁၀

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော မထသ လက်အောက်ခံ ခရီးသည်တင် ယာဉ်လိုင်း အချို့သည် ယာဉ်စီးခများကို ရေဘေးကယ်ဆယ်ရေးအတွက် လှူဒါန်းလျက် ရှိကြောင်းသိရသည်။

ယင်းကဲ့သို့ လှူဒါန်းမှုများတွင် အချို့ကားများမှာ ဗီနိုင်း စတစ်ကာများကပ်၍ ကြေညာကာ ရရှိလာသော ယာဉ်စီးခများကို လှူဒါန်းခြင်း၊ အချို့မှာ စတေကာကပ်ထားခြင်း မရှိဘဲ လှူဒါန်းခြင်းစသည့် ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြောင်း မထသ ခရီးသည်တင် ယာဉ်မောင်းများက ပြောသည်။

မထသ လက်အောက်ရှိ ၁၂၉ ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးလှမျိုးနိုင်က ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် မထသ လက်အောက်ရှိ ယာဉ်ပိုင်၊ ယာဉ်မောင်းများ၏စေတနာဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပြီး အခြားသော အခါကြီးရက်ကြီးများတွင်လည်း ယခုကဲ့သို့ လှူဒါန်းမှုများရှိကြောင်း ဆိုသည်။

"ဘယ်နှလိုင်းလောက် ဒီလို ယာဉ်စီးခ လှူဒါန်းနေတယ် ဆိုတာတော့ ပြောလို့မရဘူးဗျ။ သီးသန့်ကြီးလည်း မဟုတ်ဘူး။ အဲ့ဒီလိုပဲ ယာဉ်စီးခကောက်ခံရရှိတဲ့ အထဲက တစ်ရက်ကို တစ်ထောင် ပေးလှူတာတွေလည်း ရှိတယ်၊ အမျိုးမျိုးပါပဲ" ဟု ၎င်းကဆိုသည်။

ရေဘေး ကယ်ဆယ်ရေး အတွက် ယာဉ်လိုင်းများ ယာဉ်စီးခ ကောက်ခံ လှူဒါန်းနေခြင်းသည် မထသ ဗဟိုမှ ညွှန်ကြားခိုင်းစေထားခြင်း မဟုတ်ဘဲ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများ၏ သဘောဆန္ဒအရသာ သက်ဆိုင်ရာ ယာဉ်လိုင်း ဥက္ကဋ္ဌများသို့ အကြောင်းကြား ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း မထသဥက္ကဋ္ဌ(ဗဟို) ဦးလှအောင်က ဆိုသည်။

မထသ အနေဖြင့်လည်း ရေဘေးသင့် ပြည်သူများအတွက် ဗဟိုအဆင့်ဖြင့် ကျပ်သိန်းပေါင်း တစ်ရာကျော် လှူဒါန်း ပြီးစီးသွားပြီဖြစ်ပြီး ယခုကဲ့သို့ ယာဉ်စီးခကောက်ခံမှုကို လှူဒါန်းခြင်းများသည်လည်း ဆက်လက် ရှိနေဦးမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ် တရားဝင် မှတ်ပုံတင်ပြီ

ရဲလွင်

ရန်ကုန်၊ ဩဂုတ် ၁၀

မြန်မာနိုင်ငံ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ် MTUF (ယာယီ)သည် တရားဝင် အလုပ်သမား အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ယင်းမှတ်ပုံတင်ခြင်းကို ယခုလ ၁၁ ရက်နေ့က ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ မှတ်ပုံတင်မှု ပြီးစီးပါက အလုပ်သမား အရေးကိစ္စများနှင့် ပတ်သက်၍ တရားဝင်တောင်းဆိုခွင့်၊ အလုပ်သမားပေါ်လစီများ ချမှတ်သည့်နေရာများတွင် အစိုးရဝန်ကြီးဌာနများနှင့် ပါဝင်ရေးဆွဲခွင့်စသည့် ကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့် ရတော့မည်ဖြစ်ကြောင်း MTUF(ယာယီ) ဥက္ကဋ္ဌ ဦးအောင်လင်းက ပြောသည်။

"ကျွန်တော်တို့က ဒီလ ၉ ရက်နေ့က အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုအစိုးရအဖွဲ့တွေနဲ့ တွေ့ဆုံတဲ့ပွဲမှာလည်း ဒီအကြောင်းချပြခဲ့ပြီးပြီ။ အဲ့ဒီကတည်းက တင်မလို့။ ဒါပေမဲ့မပြီးပြတ်လိုက်လို့ အခုတင်တာပါ။

ဒီကိစ္စဖြစ်ပြီးသွားရင်တော့ အလုပ်သမားထုအတွက် ပြည်ထောင်စုအစိုးရအဆင့်မှာ လေဘာနဲ့ပတ်သက်ပြီး တရားဝင်တောင်းဆိုခွင့် ရသွားပြီ"ဟု ၎င်းကဆိုသည်။

အဆိုပါ အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခြင်းသည် အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ရှိတွင် MTUF (ယာယီ)နှင့် MoU ရေးထိုးထားသော ညီနောင်အလုပ်သမား အဖွဲ့အစည်းများဖြစ်သော MWRN,AFFM,MTF,MMWF စသည်တို့တွင် AFFM နှင့်MMWF တို့သာ တရားဝင် အလုပ်သမားအဖွဲ့အစည်းများဖြစ်ကြောင်း၊ ယခု MTUF သည် တရားဝင်အဖွဲ့အစည်း ဖြစ်လာပါက စုစုပေါင်းတရားဝင် အလုပ်သမားအဖွဲ့အစည်းသုံးဖွဲ့ဖြစ်သွားပြီဖြစ်ကြောင်း၊ ယင်းအစီအစဉ်ပြီးပါက ငါးဖွဲ့ပေါင်း၍ အဖွဲ့အစည်းအကြီးအဖြစ် နောက်တစ်ကြိမ် မှတ်ပုံတင်သွားဦးမည်ဖြစ်ကြောင်း ဦးအောင်လင်းက ပြောသည်။

လက်ရှိတွင် MTUF သည် တရားဝင်အဖွဲ့အစည်းမဟုတ်သည့်အတွက် အလုပ်သမားအရေးကိစ္စများနှင့် ပတ်သက်၍ဆောင်ရွက်ရာတွင် တတိယအဖွဲ့အစည်းတစ်ခုအဖြစ်သာဆောင်ရွက်နေရကြောင်း ၎င်းကဆိုသည်။

MTUF သည်အလုပ်သမား အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးတို့တွင် အလုပ်သမားများ အတွက် ဦးဆောင်ကာ ဆွေးနွေးခဲ့သော အဖွဲ့အစည်းများတွင် တစ်ခုအပါအဝင်လည်း ဖြစ်သည်။

# အမျိုးသားကော်မတီ နောက်ဆုံးအဆင့် အစည်းဝေးအပြီး အနည်းဆုံးအခကြေးငွေ အတိအကျ သတ်မှတ်နိုင် တော့မည်

ရဲလွင်

ရန်ကုန်၊ ဩဂုတ် ၁၀

အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးအတွက် နောက်ဆုံးအဆင့် အမျိုးသားကော်မတီအစည်းအဝေးလုပ်ရန်သာ ကျန်တော့သည်ဟု အလုပ်သမား ဝန်ကြီးဌာနမှ သိရသည်။

ယင်း အစည်းအဝေးလုပ်ရန်အတွက် လက်ရှိတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန မှ ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးများ စီမံနေကြောင်းနှင့် အချိန်ကိုမူ အတိအကျ မပြောနိုင်သေးကြောင်း၊ အလုပ်သမားဝန်ကြီးဌာနမှ အမြဲတမ်း အတွင်းဝန် ဦးမျိုးအောင်က ပြောသည်။

"ဒီလ ၉ ရက်နေ့က အလုပ်သမား အဖွဲ့ချုပ်တွေနဲ့တွေ့ပြီးပြီ။ အားလုံးရဲ့ သဘောထားကို သိရပြီးပြီ။ အလုပ်ရှင်တွေရဲ့သဘောထားကိုလည်း သိရပြီးပြီ။ အဲဒါကြောင့် ပြည်နယ်နဲ့တိုင်းတွေက အမျိုးသားကော်မတီတွေနဲ့ တွေ့ဆုံပြီး အစည်းအဝေးလုပ်ဖို့ပဲ ကျန်တော့တယ်" ဟု ၎င်းကပြောသည်။

ယင်းအစည်းအဝေး ပွဲပြုလုပ်ပြီးပါက ထွက်ရှိလာသော အနည်းဆုံး အခကြေးငွေ အဆိုပြုနှုန်းထားကို ပြည်ထောင်စုအစိုးရသို့ တင်ပြပြီး မကြာခင်တွင် အနည်းဆုံးအခကြေးငွေ ထွက်ရှိလာမည်ဖြစ်ကြောင်း ဦးမျိုးအောင်က ဆိုသည်။

လက်ရှိ အမျိုးသားကော်မတီက အဆိုပြုထားသော အနည်းဆုံးအခကြေးငွေ နှုန်းထားကျပ် ၃၆၀၀ သည် ပြောင်းလဲသွားနိုင်ခြင်း ရှိမရှိကိုမူ လက်ရှိအချိန်တွင်မပြောနိုင်သေးသော်လည်း အလုပ်ရှင်အလုပ်သမားများ အများဆုံးလက်ခံထားသော နှုန်းထားမှာ ယင်းနှုန်းထားကျပ် ၃၆၀၀ ဖြစ်ကြောင်းလည်း သိရသည်။

ယင်းပေါ်တွင် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (ယာယီ)ဥက္ကဋ္ဌ ဦးအောင်လင်းက ၉ ရက်နေ့ကပြုလုပ်ခဲ့သော တွေ့ဆုံမှုသည် အဖြေတစ်ခုအဖြစ် မထွက်ရှိဘဲ အစည်းအဝေးမှတ်တမ်းတစ်ခုအဖြစ်သာ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအလုပ်သမားများ တောင်းဆိုနေသော နှုန်းထားနှင့် အခြားအပိုကြေးများကိစ္စတွင် အလုပ်သမားဝန်ကြီးဌာနနှင့် လက်ရှိဆွေးနွေးပြီးအခြေအနေအရ အနည်းဆုံးအခကြေးငွေနှုန်းထား အတိအကျထွက်ရှိပြီးမှသာ အခြားအပိုကြေးကိစ္စများကို ဆက်လက်ဆွေးနွေးကြမည့်သဘောတွင် ရှိကြောင်း ပြောသည်။

# ရေဘေးကြောင့် အလုပ်သမားဆွေးနွေးပွဲများ ယာယီဆိုင်းငံ့

*PN -042*

ရန်ကုန်၊ ဩဂုတ် ၁၀

မြန်မာနိုင်ငံရှိ မြို့အချို့တွင် အလုပ်သမားရေးရာ ဆွေးနွေးပွဲများ လုပ်ဆောင်ရန်ရှိသော်လည်း ရေကြီးမှုများကြောင့် ပွဲလုပ်မည့်နေရာကို ပြန်လည်ညှိနှိုင်းနေရကြောင်း အလုပ်သမားသမဂ္ဂများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီမှ သိရသည်။

အဆိုပါကော်မတီမှ အလုပ်သမားများ အသိပညာပြန့်ပွားရေး ဆွေးနွေးပွဲများကို ဇူလိုင်လမှစ၍ တစ်လလျှင် နှစ်ကြိမ်ပြုလုပ်နေရာ ယခုလတွင် မင်းဘူးမြို့နှင့် အောင်လံမြို့တို့တွင် ပြုလုပ်ရန်လျာထားကြောင်း၊ သို့သော်လည်း ရေကြီးမှုများကြောင့် ဒေသခံအလုပ်သမားများနှင့် ပြန်လည်ညှိနှိုင်းနေရကြောင်း ကော်မတီဥက္ကဋ္ဌ ဦးရဲနိုင်ဝင်းက ပြောသည်။

"အောင်လံကတော့ ဘယ်နေ့လုပ်မလဲဆိုတဲ့ရက်ကို တောင်းနေပြီ။ မင်းဘူး (သို့) ရေနံချောင်းကတော့ တစ်ချက်ပြန်ချိန်ရမယ်။ အဲဒီကအလုပ်သမားတွေက ရေဘေးကယ်ဆယ်ရေးလုပ်နေကြတယ်" ဟု ၎င်းကပြောသည်။

အလုပ်သမားသမဂ္ဂများ အားကောင်းရန်နှင့် သမဂ္ဂများချိတ်ဆက်မိစေရန်၊ အလုပ်သမားများ၏ အခွင့်အရေးကို နားလည်စေရန် ရည်ရွယ်၍ ဟောပြောပွဲများကိုပြုလုပ်လျက်ရှိပြီး ဟောပြောပွဲနှင့် အတူ အလုပ်သမားခေါင်းဆောင်မှုစွမ်းရည်မြှင့်သင်တန်းများကိုလည်း ဖွင့်ပေးလျက်ရှိကြောင်း ၎င်းကပြောသည်။

"၂၀၁၁ အလုပ်သမားဥပဒေအရ သမဂ္ဂများ ဖွဲ့ခွင့်ရပေမယ့် သမဂ္ဂတွေက ပီပီသသရပ်တည်ဖို့ ခက်ခဲတယ်။ ခေါင်းဆောင်တွေကလည်း အတွေ့အကြုံနုတဲ့အတွက် သင်တန်းတွေပါ ပေးနေတာ"ဟု ၎င်းကပြောသည်။

ဇူလိုင်လအတွင်းက မန္တလေးတိုင်းဒေသကြီးပလိပ်မြို့နှင့် ကျောက်ဆည်မြို့တို့တွင် သင်တန်းနှင့် ဟောပြောပွဲများပြုလုပ်ခဲ့ပြီး ဟောပြောပွဲတွင် အလုပ်သမား နှစ်ရာကျော် တက်ရောက်ခဲ့သည်ဟု သိရသည်။

အလုပ်သမားသမဂ္ဂများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီသည် မန္တလေး၊ ရန်ကုန်၊ မကွေး၊ ပဲခူး စသည့်တိုင်းဒေသကြီးများတွင် ဇူလိုင်လမှ အောက်တိုဘာလအထိ ဟောပြောပွဲများနှင့် သင်တန်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဟောပြောပွဲများတွင် တက်ရောက်လာသော အလုပ်သမားကိုယ်စားလှယ်များနှင့်ဆွေးနွေးပွဲပြုလုပ်မည်ဟု သိရသည်။ ထိုဆွေးနွေးပွဲများမှတစ်ဆင့် အလုပ်သမားအားလုံးကို လွှမ်းခြုံနိုင်သော မူဝါဒတစ်ရပ်ကို ချမှတ်မည်ဟု ၎င်းက ပြောသည်။

www.free4reader.com



# ညှောင်ညှိုပြင်စခန်းက နိုင်ငံရေး လမ်းခွဲလော

ဇော်သက်ထွေး

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ၂၀၁၅ခုနှစ်နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် လူစာရင်းများ ထုတ်ပြန်ကြေညာခဲ့သည်။ထိုလူစာရင်းထဲတွင် ပြည်သူလူထု ယုံကြည်လေးစားသည့် ၈၈ ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီး၊ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်း၊ NNER မှ ဒေါက်တာသိန်းလွင် အပါအဝင် လူကောင်းအများအပြား မပါဝင်သည့်အတွက် ပြည်သူလူထု၏ ပြစ်တင်ဝေဖန်ခြင်းကို ခံနေရသည်။ NLD ပါတီ CEC က ယခုလူရွေးချယ်ခြင်းသည် ပါတီကချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအရ ရွေးချယ်ခြင်းဟု အကြောင်းပြသော်လည်း တစ်နိုင်ငံလုံး၌ ရှိနေသော မြို့နယ်အဆင့် ကိုယ်စားလှယ်ရွေးချယ်ပွဲများတွင်လည်း ပြဿနာများ တက်လျက်ရှိသည်။ NLD ၏ လွှတ်တော်ကိုယ် စားလှယ်ရွေးချယ်ရေးမှုအရ တတ်သိပညာရှင်များ၊ တိုင်းရင်းသားများ၊ အမျိုးသမီးများ၊ လူငယ်များကို ဦးစားပေးရွေးချယ်မည်ဟု ဆိုသော်လည်း လက်တွေ့ရွေးချယ်သောအခါ ထိုမူနှင့်မကိုက်ညီသော မြို့နယ်များ အများအပြားရှိခဲ့သည်။ ပါတီဗဟိုရှိတာဝန်ရှိသူတချို့မှပါတီအောက်ခြေ၏ သဘောထားဆန္ဒကို ဦးစားပေး၍ ရွေးချယ်ခဲ့သည့်အတွက် ပြည်သူလူထု လေးစားသောသူများ မပါဝင်ခဲ့ရခြင်းဖြစ်သည်ဟု အကြောင်းပြသော်လည်းလက်ရှိအခြေအနေတွင်NLD ပါတီအောက်ခြေများမှ သူတို့ရွေးချယ်သောကိုယ်စားလှယ်များ စာရင်းမဝင်ဘဲ ဗဟိုမှ ချပေးလိုက်သည့်လူများကြောင့် မဲဆန္ဒနယ်မြေများတွင် Unknown, Untouch ဖြစ်နေသည့်အတွက် အောင်နိုင်ရေးကော်မတီများ အခက်အခဲတွေ့နေရကြောင်း ကမာရွတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဥက္ကဋ္ဌက ထုတ်ဖော်ပြောဆိုလိုက်သည်။ ထို့ကြောင့် NLD ကိုယ်စားလှယ်ရွေးချယ်ရေးတွင် ပြည်သူလူထု နှစ်သက်သည့်ပုဂ္ဂိုလ်များ မပါသည်က ပြဿနာတစ်ခု၊ ရွေးချယ်သည့်သူများထဲတွင် မိုးကျရွှေကိုယ်များ၊ အရောင်ပြောင်းလာသူများ၊ ခြံခုန်သူများ ပါဝင်လျက်ရှိသည်က ပြဿနာတစ်ခု ဖြစ်ခြင်းကြောင့် ကိုယ်စားလှယ်များအား



ပြန်လည်စိစစ်ရမည့် တာဝန်ရှိလာသည်။

၁၉၈၈ဒီမိုကရေစီအရေးတော်ပုံအား ဦးဆောင်ခဲ့ပြီး အကျဉ်းထောင်အတွင်း၌ လည်းကောင်း၊ နယ်စပ်ဒေသများ၌ လည်းကောင်း နှစ်ပေါင်းများစွာ အချိန်ကုန်ဆုံးခဲ့ရသည့် ၈၈ကျောင်းသားခေါင်းဆောင်တချို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အလံတော်အောက်မှ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းသည်အခွင့်အရေးလိုချင်၍မဟုတ်ဘဲ ဒီမိုကရေစီအင်အားစု၏ သွေးစည်းညီညွတ်မှုကို ပြသချင်၍ဖြစ်ကြောင်း ၈၈ ပွင့်လင်းမှ ဦးဂျင်မီကလည်း ထုတ်ဖော်ပြောကြားသည်။ ထိုအခြေအနေကို နားလည်သင့်ပါလျက် ဥပေက္ခာပြုခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်CEC အချို့ကြောင့် NLD နှင့် ၈၈ အကြားတွင် နားလည်မှုလွဲမှားခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။ထိုအခြေအနေကို ကုစားရန်အတွက် ဩဂုတ်လ ၆ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးခဲ့သော်လည်း တွေ့ဆုံမှုအကြောင်းကိုသတင်းမထုတ်ပြန်သည့်အတွက် နားလည်မှုတစ်စုံတရာ ရရှိသည်ဟု ပြောဆိုရန် ခက်ခဲလျက်ရှိသည်။

ထိုသို့ NLD နှင့် ၈၈ တွေ့ဆုံခဲ့ပြီးနောက်ပိုင်း ၈၈ ကျောင်းသား



မေလ ၄ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့သော ၈၈ ပွင့်လင်းအဖွဲ့သားများ

ခေါင်းဆောင်များက ရွေးကောက်ပွဲတွင် ဒီမိုကရေစီ အင်အားစုများ အောင်နိုင်ရေးကို ဆက်လက်လုပ်သွားမည်ဟု ပြောဆိုလိုက်သည်။ ထိုအဓိပ္ပာယ်မှာ လွန်ခဲ့သော နှစ်ကာလများကလို NLD အား ဝိုင်းရံမည်ဟုပြောဆိုခြင်းမဟုတ်ဘဲ ဒီမိုကရေစီအင်အားစုများဝိုင်းရံမည်ဟု ပြောသည့်အတွက် ပြည်တွင်း အခြေစိုက် အခြားပါတီများ၊ တိုင်းရင်းသားပါတီများ၊ တစ်သီးပုဂ္ဂလများလည်း ပါဝင်နိုင်သည်ဟု ခန့်မှန်း၍ ရနေသည်။ အထူးသဖြင့် နိုင်ငံရေးပေါ်လစီ ရေးဆွဲချမှတ်ရာတွင် ကျွမ်းကျင်မှုရှိသော ၈၈ ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီးက ဗိုလ်ချုပ်အောင်ဆန်း ထူထောင်ခဲ့သည့် ဖဆပလအဖွဲ့ချုပ်၏ နိုင်ငံရေးပုံစံကို အားကျသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလံတော်အောက်မှ ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးချယ်မခံရသည့်အတွက် စိတ်မကောင်း ဖြစ်မိကြောင်းနှင့် လာမည့်အနာဂတ်နိုင်ငံရေးတွင် နိုင်ငံကို ဦးဆောင်နိုင်မည့် ခိုင်ခိုင်မာမာ အဖွဲ့အစည်း မရှိခဲ့လျှင် ၈၈ မျိုးဆက်များမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှအသုံးပြု၍ နိုင်ငံရေးပါတီတစ်ခု ထူထောင်ရန်သာ ကြိုးစားရမည်ဖြစ်ကြောင်း အင်တာဗျူး အများအပြားတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထိုအခြေအနေများကို ထုတ်နုတ် လေ့လာသုံးသပ်ကြည့်ပါက တပ်မတော်ကျောထောက်နောက်ခံဖြင့် ၂၀၁၀အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး လက်ရှိအစိုးရနှင့် လွှတ်တော်ကို လွှမ်းမိုးထားသည့် ပြည်ခိုင်ဖြိုးပါတီအတွက် ၂၀၁၅ ခုနှစ်တွင် ညွန့်ပေါင်းအစိုးရတစ်ရပ်ကို မျှော်လင့်ရန် အသက်ရှူပေါက်တစ်ခု ရလာဖွယ်ရှိသည်။ ယခုအစိုးရသက်တမ်းအတွင်း နိုင်ငံရေးအကျပ်အတည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ကြွေးကြော်ပြီး ကြားဖြတ်ရွေးကောက်ပွဲဝင်ခဲ့သော NLDသည်လွှတ်တော်အတွင်း၌အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ပေ။ NLD ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အသံကို ပိုမိုအားကောင်းစေရန်အတွက် ပြည်သူလူထု ၅ သန်း၏ လက်မှတ်ရေးထိုးတောင်းဆိုမှုကို ၈၈ ပွင့်လင်းအဖွဲ့မှ ဝိုင်းရံကူညီခဲ့သည်မှာလည်း အထူးအားရဖွယ်ကောင်းခဲ့သည်။ သို့သော် ၁၉၈၈ မှစတင်၍ NLD နှင့် ၈၈ ရဲဘော်ရဲဘက်ဆက်ဆံရေးသည် ယခုအခါပါတီ CEC အချို့၏ နိုင်ငံရေးအမြော်အမြင်နည်းပါးမှုကြောင့် ညှောင်ညှိုပြင်စခန်းတွင် လမ်းခွဲရတော့မည့်ကိန်းဆိုက်နေသည်။

အထူးသဖြင့် NLD ပါတီတွင် တိုင်းသိပြည်သိ ကမ္ဘာသိ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သာလျှင် ထက်မြက်မှုရှိပြီး NLD အား ဒေါ်အောင်ဆန်းစုကြည်၏ အရှိန်အဝါကိုဖယ်ခွာ၍ကြည့်ပါက နိုင်ငံရေးအပြောင်းအလဲ ပြုပြင်နိုင်စွမ်းနည်းပါးလျက်ရှိကြောင်း နိုင်ငံရေးသုတေသီများက မှတ်ချက်ပြုခဲ့သည်။

ယခုကဲ့သို့ရွေးကောက်ပွဲ ကျင်းပမည့်ရက်တစ်စတစ်စ နီးကပ်လာချိန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပါတီကို ဝိုင်းရံမည့် တတ်သိပညာရှင်များနှင့် ကျောင်းသားကျောင်းသူများကိုသော်လည်းကောင်း၊ နှစ်ပေါင်းများစွာ လက်တွဲတိုက်ပွဲဝင်ခဲ့သည့် တိုင်းရင်းသားမဟာမိတ်ပါတီများကို သော်လည်းကောင်း ယခုထက်ပို၍ပြီး အလေးထားမဆက်ဆံပါက ရွေးကောက်ပွဲမှ ပေါ်ထွက်လာမည့် ပြည်ထောင်စုလွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ်များ မပါသော ၇၅ ရာခိုင်နှုန်းလွှတ်တော်ကိုယ်စားလှယ်များအပေါ်တွင် လွှမ်းမိုးကြီးစိုးရန် မဖြစ်နိုင်ပေ။ အထူးသဖြင့် NLD သည် ၁၉၉၀ ခုနှစ်ကကဲ့သို့ လွှတ်တော်ကိုယ်စားလှယ် ၄၈၅ နေရာအနက် ၃၉၂ နေရာ အနိုင်ရရှိခဲ့သလို ယခု ရွေးကောက်ပွဲတွင် မျှော်လင့်မထားသင့်ပေ။ အလွန်အကျူး မျှော်လင့်ထားခြင်းသည် အကယ်၍ဖြစ်ပေါ်မလာပါက ကြီးကျယ်သော ဆုံးရှုံးမှုကိုသာ လက်ဆောင် ရပေလိမ့်မည်။ လက်ရှိ ၂၀၁၅ တွင်လွှတ်တော်ကိုယ် စားလှယ် ၆၆၄ နေရာအနက် ရွေးကောက်ခံ မဲဆန္ဒနယ်အားလုံး၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ၂၆၆ နေရာအောက်သာ အနိုင်ရရှိခဲ့ပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မျှော်မှန်းထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး အိပ်မက်များသည်လည်း အကောင်အထည်ဖော်ရန် နောက်ထပ် နှစ်ပေါင်းများစွာ စောင့်ရပေလိမ့်ဦးတော့မည်။

အကယ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တစ်နိုင်ငံလုံး၏ ၆၅ရာခိုင်နှုန်းဖြစ်သော၃၂၄ နေရာ အနိုင်ရခဲ့လျှင်တောင် လွှတ်တော်နှင့် အစိုးရအဖွဲ့အား စိတ်ကြိုက်ဖွဲ့စည်းရန်အတွက် တိုင်းရင်းသားပါတီများနှင့် မလွဲမသွေ မဟာမိတ်ပြုလုပ်ရန် လိုအပ်လျက်ရှိသည်။ သို့သော်လက်ရှိ NLD ဗဟိုကော်မတီ၏ နိုင်ငံရေးပါတီများအပေါ် ဆက်ဆံမှုသည် နွေးထွေးသော ရဲဘော် ရဲဘက်ဆက်ဆံရေးမျိုးကို မတွေ့ရသည့်အတွက် လာမည့် နိုင်ငံရေး နယ်ပယ်တွင် စိန်ခေါ်မှုများ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်ရမည်မှာ သေချာလျက် ရှိသည်။ အကယ်၍ လွှတ်တော်အတွင်းဖွဲ့စည်းပုံအခြေခံဥပဒေ မပြင်ဆင်နိုင်ခဲ့လျှင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အပေါ် အများ ပြည်သူများ၏ ဝေဖန်မှုများ မလွဲမသွေ ရှိလာမည်ဖြစ်ပြီး ၈၈ ကဲ့သို့လွှတ်တော်ပြင်ပ နိုင်ငံရေးအဖွဲ့ အစည်းများမှာ ပိုမို အားကောင်းလာဖွယ် ရှိသည်။ ■

www.free4reader.com



# ဒီမိုကရေစီ လော်စပီကာ

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဇွန်လနှင့် ဩဂုတ်လအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ရာ ရေဘေးသင့်သူ ကိုးသိန်းကျော်ခဲ့ပြီဟု လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်။ ရေကြီးမှုများကြောင့် မိုးစပါးဧက လေးသိန်းကျော် ပျက်စီးခဲ့ရာ စိုက်ပျိုးရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အမြန်ဆုံးလုပ်ဆောင်ရန် လိုအပ်နေပြီ ဖြစ်သည်။

ထို့ကြောင့် ရေဘေးသင့်ပြည်သူတို့၏ နေထိုင်ရေး၊ ကျန်းမာရေး၊ စီးပွားရေး ပြန်လည်ထူထောင်ရေးတို့နှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး တာဝန်ရှိသူတို့ နှင့်အတူ ကျွမ်းကျင်သူတို့၏ အသံများကို စုစည်းဖော်ပြလိုက်ပါသည်။

## ပေါ်ပြူလာနယူးစ်သတင်းအဖွဲ့



### ဦးမိုးဟိန်း
(ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး)

အခုက ရေမြုပ်သွားတာဖြစ်တဲ့အတွက် လယ်တွေကလည်း ပျက်စီးဆုံးရှုံးသွားတာဖြစ်တဲ့အတွက် သူတို့ကို အချိန်ပေးရမယ်။ နောက်တစ်ခါ စပါးတွေစိုက်ပြီးပြီဆိုရင်လည်း ဒီသီးနှံတွေသီးဖို့အတွက် အချိန်ပေးရမယ်။ အဲ့ဒီတော့ ကျွန်တော်တို့က သုံးလလောက် အချိန်ပေးထားရမယ်။ သူတို့သီးနှံတွေထွက်တဲ့အထိ ပံ့ပိုးပေးမယ်ဆိုရင် အနည်းဆုံး သုံးလအထိ ဆက်ပြီးထောက်ပံ့ပေးရမယ်။ အဲ့ဒီကာလမှာ သူတို့တွေ လုပ်ကိုင်စားသောက်ဖို့ လယ်သမားတွေက သူတို့ ကိုင်းတွေ လယ်တွေက အသီးအနှံတွေ မထွက်ခင်အထိ ထောက်ပံ့ပေးဖို့ လိုပါတယ်။ ပြီးခဲ့တဲ့ရက်က နိုင်ငံတော်သမ္မတကြီးက လာသွားတော့ အနည်းဆုံးသုံးလစာလောက် ထောက်ပံ့ပေးဖို့ ပြောသွားတဲ့အတွက်ကြောင့် နိုင်ငံတော်ကလည်း လုပ်နေတယ်။ သုံးလမှာ စားနပ်ရိက္ခာအတွက်ရော ပံ့ပိုးမယ်။ နောက်တစ်ခါ ဒီကာလမှာ မူလ အခြေအနေအထိရောက်အောင် ကျွန်တော်တို့ ထူထောင်ရေးလုပ်ငန်းဖြစ်တဲ့ အိမ်ဆောက်ပေးတာတို့ အိမ်တွေပြင်ပေးတာတို့ ဒီဟာလေးတွေလည်း လုပ်ပေးမှာ ဖြစ်ပါတယ်။ ဒီအတွက် လောလောဆယ် ကမ္ဘောဇတို့၊ ရောဝတီ ဖောင်ဒေးရှင်း Max ဦးဇော်ဇော်တို့ ကမ္ဘောဇက ဦးအောင်ကိုဝင်းတို့နဲ့ ရွှေသံလွင်အဖွဲ့တွေ လာပါတယ်။ သူတို့တွေက ဘီလပ်မြေတို့ သွပ်တို့လှူကြပါတယ်။

ထိုနည်းလည်းကောင်းပဲ အခြားနေရာတွေမှာ အခြားအလှူရှင်တွေကလည်း လိုအပ်ချက်တွေကို လှူဖို့ အစီအစဉ်တွေရှိထားပါတယ်။ ကျွန်တော်တို့ အဓိကတာဝန်ယူဆောင်ရွက်တာက နိုင်ငံတော်နဲ့ ပြည်နယ်အစိုးရက လုပ်နေတာပါ။ ဒီအတွက်လည်း စီမံချက်တွေ ဆွဲပြီး ဆောင်ရွက်နေပါတယ်။ သမ္မတကြီးကတော့ အကုန်လုံး နိုင်ငံတော်က ကျခံပြီးတော့ လုပ်ပေးမယ်လို့ပြောပါတယ်။ အလှူရှင်တွေလာတာကိုလည်း ကျွန်တော်တို့ လက်ခံပါတယ်။ အိမ်တွေကိုလည်း သူတို့ရဲ့ ပျက်စီးသွားတဲ့ အနေအထားပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမှာပါ။



### ဦးအောင်ကျော်မြင့်
(မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး)

ပျက်စီးဆုံးရှုံးသွားတဲ့ လယ်ယာမြေက သီးနှံတွေအတွက် ပြန်ထုတ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေကတော့ ရှိပါတယ်။ ကျွဲနွားတွေပြန်ပေးဖို့ အစီအစဉ်ကတော့ အတိအကျမသိရသေးပါဘူး။အခုနက ကောက်ပဲသီးနှံတွေ ပြန်ပေးဖို့ အစီအစဉ်ကတို့မှာ အဆင်သင့်လည်းရှိပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေလုပ်တဲ့အခါမှာ အစိုးရအဖွဲ့အစည်း သာမက ကုမ္ပဏီတွေ လူမှုရေးအဖွဲ့အစည်းတွေကရတဲ့ အလှူငွေတွေကို ပေါင်းစပ်ပြီးတော့ မူလကတည်းက ရှိပြီးသား အိမ်ရာအဆောက်အအုံ ထက် မနိမ့်တဲ့အခြေအနေကို ပြန်လည်ဆောက်လုပ်ပေးသွားမှာပါ။



### ဦးနီထန်ကပ်
(စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး)

ကျွန်တော်တို့ အခုအစိုးရအဖွဲ့က လုပ်ပေးနေတာတွေတော့ အများကြီးပဲ။ ရေကြီးတဲ့နေရာတိုင်းကို သွားကြည့်ပြီးလုပ်ပေးနေတယ်။ ကလေးမြို့မှာလည်း အစိုးရအဖွဲ့က ပြန်လည်ထူထောင်ရေး အတွက် ကော်မတီဖွဲ့ထားပြီး ဆောင်ရွက်ပေးနေတယ်။ တံတား ပျက်နေတာတွေလည်း လုပ်ပေးနေတယ်။ ယင်းချောင်းတံတား အပါအဝင် စစ်ကိုင်းတိုင်းထဲမှာရှိတဲ့ ပျက်စီးနေတဲ့ တံတားတွေကိုလည်း လမ်းပန်းဆက်သွယ်ရေးကောင်းအောင် ပြုပြင်ပေးမှာပါ။

နိုင်ငံခြားက လာလှူတာတို့ ပြည်တွင်းကလာလှူတဲ့ပစ္စည်းတွေ တကယ်အကူအညီလိုတဲ့သူတွေ လက်ထဲရောက်အောင်လည်း ကျွန်တော်တို့ အစိုးရအဖွဲ့က လုပ်ပေးနေပါတယ်။ နောက်ပြီးတော့ အိမ်တွေ ဆုံးရှုံးသွားတဲ့သူတွေအတွက်လည်း ပြန်လည်ဆောက်လုပ်ပေးဖို့ အစီအစဉ်တွေရှိပါတယ်။ နောက်ပြီး ရွှေ့ပြောင်းဖို့ရှိတဲ့ရွာတွေအတွက်လည်း နေရာတွေ ရှာနေပါတယ်။



### ဦးသန့်ဇော်ဦး
(ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး)

ညောင်တုန်းမြို့ပေါ် အခြေအနေကတော့ ရေအမြင့်ဆုံး ၂၅ ဒသမ ၈ ပေထိ တက်ခဲ့တယ်။ အခုတော့ အနိမ့်ဆုံး ၂၅ ဒသမ ၃ ပေ လောက် ကျန်သေးတယ်။ ညောင်တုန်းမြို့ ဆည်ဘောင်တစ်လျှောက် ကြွက်တွင်းတွေကတစ်ဆင့်ဖြစ်လာတဲ့ အပေါက် ၁၆ ပေါက်လောက်ရှိခဲ့တယ်။ အခုတော့ မရှိတော့ပါဘူး။ အကုန်ပိတ်လိုက်ပြီ။ စိုးရိမ်ရတာကတော့ ဆည်ဘောင်ကျိုးကျသွားမှာကိုပါ။ နယ်ကျေးရွာတွေမှာဆိုတော့ ရေအမြင့်ပေ ၂၅ ပေလောက် ကျန်သေးတယ်။ မနေ့ကစပြီး ရေကျ ပါတယ်။

ဆည်ဘောင်အပေါက် တွေကတော့ ၉၀ ကျော်လောက် ရှိပါတယ်။ တတ်နိုင်သလောက် ရွာသားတွေ၊ တပ်မတော်သားတွေ နဲ့ ပေါင်းပြီးတော့ တချို့အပေါက်တွေကို ပိတ်လိုက်ပါပြီ။ ပြန်လည်ထူထောင်ရေးအတွက် သတင်း အချက်အလက်တွေ စုနေပါတယ်။ မျိုးစပါးတွေကိုတော့ ဘယ်လောက် လိုအပ်လဲဆိုတာကို တိုင်းအစိုးရအဖွဲ့ထံ တင်ပြသွားပြီး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြီးတော့ IBTC ကုမ္ပဏီကလည်း တတ်နိုင်သရွေ့ ပြန်လည်ထူထောင်ရေးအတွက် ကူညီပေးမယ်လို့ ကမ်းလှမ်းထားတာရှိပါတယ်။ အဲဒီကုမ္ပဏီက ယခု ကယ်ဆယ်ရေးအတွက်လည်း သိန်း ၁၇၀ ဖိုးကျော်လောက် ကူညီထားတာရှိပါပြီ။


ပြည်-ပန်းတောင်း-ဥသျှစ်ပင် ရေဘေးသင့်ဒေသများသို့ သွားရောက်ကူညီလှူဒါန်းနေကြသူများ



ညောင်တုန်း ရေဘေးသင့်ဒေသများသို့ သွားရောက်ကူညီလှူဒါန်းနေကြသူများ

www.free4reader.com





## ဝေမှုကျော်
(ဝေမှုကျော်ဖောင်ဒေးရှင်း ဥက္ကဌ)

အထက်ပိုင်းကရေတွေ အခု ဧရာဝတီမြစ်ထဲကို တဖြည်းဖြည်းဆင်းလာပြီ။ ဧရာဝတီက မြို့ပေါ်က တချို့ရေကာတာတွေ မကျိုးမပေါက်အောင် ကြိုတင်ကာကွယ်ရေးလုပ်ဖို့ အများကြီးလိုအပ်သေးတယ်။ ရေကျတဲ့ကောလင်းမြို့ဆိုရင်လည်း ပြန်လည်ထူထောင်ရေးမှာ အဓိကကျတဲ့ ရေသန့်ရရှိအောင် အဝီစိရေတွင်းတူးဖို့ သရုပ်ဆောင် မင်းရဲဆက်ကို တာဝန်ပေးထားတယ်။ သူကအင်ဂျင်နီယာနဲ့ ကျောင်းပြီးထားလို့ သူနဲ့အတူ နားလည်တဲ့ဒေသခံတချို့ကို တာဝန်ပေးထားတယ်။ တစ်ရွာကို တစ်တွင်းတူးနိုင်အောင်တော့ စီစဉ်နေတယ်။ ဒီရေတွင်းတူးနိုင်ရင် ရေအမြန်ဆုံးရနိုင်မယ်။ ရေသန့်ရမှ ကျန်းမာရေးအတွက် ထိန်းသိမ်းနိုင်မယ်။ ကျွန်တော် ၈ ရက်နေ့က ညောင်တုန်းသွားတော့ ရေကာတာကို ရေကျော်ပြီး ဖို့ထားတဲ့ သဲအိတ်တွေပဲ ကျန်တယ်။ မတော်လို့များ ဒီသဲအိတ်တွေကျော်ရင် တစ်ခုခုဖြစ်ပြီး ကျိုးသွားရင် တစ်မြို့လုံး ရေမြုပ်ပြီ။ မြုပ်နေတဲ့နေရာတွေကို လိုက်ကူညီသလို ရေကျတဲ့နေရာတွေ လိုက်ပြီး ကူညီတယ်။ မမြုပ်သေးတဲ့နေရာတွေကိုလည်း ကြိုတင်ကာကွယ်ဖို့လိုတယ်။ အဲဒီအတွက်လည်း ကျွန်တော့်လူတွေကို ကြိုတင်လွှတ်ထားတယ်။ ပြန်လည်ထူထောင်ရေးမှာ ကျွန်တော့်အားနဲ့မရဘူး၊ နိုင်ငံတော်အားနဲ့လည်းမဖြစ်ဘူး နိုင်ငံတကာက အကူအညီ INGO၊ NGO တွေအကူအညီလိုအပ်တယ်။ အားလုံးနဲ့ ပူးပေါင်းပြီး စည်းစည်းလုံးလုံးလုပ်မှ ဖြစ်မှာပါ။



## ဒေါ်ဖြူလဲ့လဲ့ထွန်း
(ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နေပြည်တော်)

ကျွန်မတို့က အဓိကတော့ ထောက်ပံ့ရေးအပိုင်းပေါ့နော်။ အခုက ရေကျသွားပြီဆိုရင် အားလုံးက ကိုယ့်အိမ်ကိုယ်ပြန်တော့မှာ။ အဲ့ဒီအခါကျရင် သူတို့အိမ် ပြန်နေနိုင်အောင် နှစ်ပတ်စာ အစားအသောက်ရယ် အဝတ်အထည်ရယ် ဒါတွေကို စီစဉ်ထားပါတယ်။ ကျန်တဲ့ပြန်လည် ထူထောင်ရေးအပိုင်းကိုတော့ ဥပမာ လယ်ယာတွေ ပျက်စီးသွားတာနဲ့ပတ်သက်ပြီးလယ်ဆည်ဝန်ကြီးဌာနက လယ်ထွန်စက် မျိုးစပါးလိုအပ်တာတွေကို ဆောင်ရွက်မှာပါ။ ဒီလိုပဲ ကျန်တဲ့အပိုင်းတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက လုပ်ကြမှာပါ။ ကျွန်မတို့ ဝန်ကြီးဌာနဘက်ကတော့ ထောက်ပံ့မှုအပိုင်းမှာ တစ်နိုင်ငံလုံးအဆင့်နဲ့ သက်ဆိုင်ရာတိုင်းနဲ့ ပြည်နယ်တွေမှာ ဘာတွေလိုအပ်တယ်၊ ဘယ်လောက်လိုအပ်တယ်ဆိုတာကိုသိဖို့ စာရင်းတွေ တောင်းထားပါတယ်။ ကျွဲ၊ နွား၊အဝတ်အထည် အစားအသောက် စတာတွေ အစပေါ့။

ပြီးတော့ သဘာဝဘေးတွေနဲ့ပတ်သက်ပြီး ကျွန်မတို့ဝန်ကြီးဌာနက မီးလောင်တာပဲဖြစ်ဖြစ် ပျက်စီးသွားတဲ့အိမ်တွေကို ထောက်ပံ့တဲ့အနေနဲ့ တိုက်အိမ်ဆိုရင် တစ်အိမ်ကို နှစ်သိန်း၊ ရိုးရိုးအိမ်ဆိုရင်တစ်သိန်း၊ ဓနိမိုးထရံကာ အိမ်ဆိုရင် ငါးသောင်း ထောက်ပံ့ပေးတာတွေ ရှိပါတယ်။ အခုအခြေအနေမှာ သူတို့ရဲ့ပျက်စီးသွားတဲ့ လယ်တွေကို ပြန်ပြီး စိုက်ပျိုးနိုင်ဖို့ အဆင့်ကတော့ နောက်ဆုံးအဆင့်ပေါ့နော်။ အားလုံး ပြန်လည်ထူထောင်ရေးအတွက်ကတော့ ဆောင်ရွက်နေပါတယ်။



## ဦးမိုးအောင်ချော
(ဧရာဝတီဖောင်ဒေးရှင်းမှ ရေဘေးသင့်ဒေသများသို့ သွားရောက်ကူညီပေးနေသူ)

ပြန်လည်ထူထောင်ရေးမှာတော့ အဓိကလိုအပ်တာကတော့ အိမ်တွေ ကျောင်းတွေလည်း ပြန်လည်ပြင်ဆင်ပေးဖို့လိုအပ်တယ်လို့ ကျွန်တော်မြင်တယ်။ နောက် ဟားခါးတို့၊ ဖလမ်းတို့၊ ကလေးဝတို့မှာလည်း လမ်းတွေပျက်စီးသွားတယ်လို့ သိရတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်တော့ လုပ်ပေးရမှာပေါ့ဗျာ။

နောက် ရေဘေးသင့်တဲ့ နေရာတွေမှာ ကျန်းမာရေးကလည်း တစ်ခု လိုအပ်တယ်လေ၊ ပြန်လည် ထူထောင်ရေးလုပ်တဲ့အခါမှာ သားဖွားဆေးခန်းတွေ ကျေးလက်ကျန်းမာရေးဆေးခန်းတွေ ပြန်လည်ဆောက်ပေးဖို့လိုတယ်လို့ ထင်တယ်။ နောက်စားဝတ်နေရေး အတွက်ကလည်း ပြန်လည်ထူထောင်ရေးမယ် တစ်ခုအနေနဲ့လုပ်ဖို့ လိုတယ်လိုထင်တယ်။ မျိုးစပါးတွေပေးနိုင်အောင်လည်း စီစဉ်ထားသင့်တယ်လို့တော့မြင်တယ်။

ခြုံပြီးပြောရရင်တော့ ပြန်လည်ထူထောင်ရေးလုပ်တဲ့အခါမှာ လမ်းပန်းဆက်သွယ်ရေး အဓိကကောင်းမွန်အောင် အရင်လုပ်ရမှာပေါ့။ အဲ့ဒီနောက်မှာ ကျန်းမာရေး၊ နေရေး၊ ထိုင်ရေး၊ စားဝတ်နေရေးတို့ကိုလည်း လုပ်သင့်တယ်ထင်ပါတယ် ကျွန်တော်တို့ ဧရာဝတီဖောင်ဒေးရှင်းအနေနဲ့ ပြန်လည်ထူထောင်ရေးတွေ လုပ်တဲ့အခါမှာ ဖလွှန်၊ သာပေါင်း၊ အင်္ဂပူမြို့တွေမှာ သွားရောက်ပြီးတော့ လုပ်ကိုင်ပေးပါမယ်။ စားဝတ်နေရေး ရရှိဖို့အတွက် မျိုးစပါးတွေပေးဖို့လည်း ရှိပါတယ်။ တိရစ္ဆာန်စောင့်ရှောက် ရေးတွေအပြင် လိုအပ်နေတဲ့ အရာတွေကို လုပ်ကိုင်ပေးသွားပါ့မယ်။



## ဦးဝင်းထွဋ်ဇော်
(စာရေးဆရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆောင်းပါးများ ရေးသားနေသူ)

ပြန်လည်ထူထောင်ရေးကိစ္စက အရမ်းကျယ်ပြန့်တယ်။ အခု အတော်အတန်ရေကျသွားတဲ့ဒေသတွေလည်း ရှိနေတယ်။ လတ်တလော လိုအပ်ချက်ကတော့ ပျက်စီးဆုံးရှုံးသွားတဲ့ အိုးအိမ်တွေ ပြန်ထူထောင်နိုင်ဖို့ အစိုးရကိုယ်တိုင် စက်ယန္တရားအကူအညီနဲ့ရော နောက်ပြီး ချေးငွေ ပိုက်ဆံပုံစံမျိုး ထုတ်ပေးရမယ်။

ဒီရေဘေးဒဏ် ခံစားရတဲ့ ပြည်သူတွေရဲ့ အလုပ်အကိုင် အသက်မွေးရပ်တည်မှုလည်း ပြန်လုပ်ပေးရမယ်။ ဒါ အစောပိုင်းကာလရဲ့ အရေးကြီးဆုံး ဖြေရှင်းပေးရမယ့် ပြဿနာတွေပဲ။ အားလုံး တည်တည်ငြိမ်ငြိမ်ပြန်ဖြစ်သွားရင်တောင် ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ သစ်ပင်သစ်တောတွေကို ပြန်တည်ထောင်ပေးရမယ်။ အဓိကက ဒီလို မညီညွတ်တော့တဲ့ သဘာဝပတ်ဝန်းကျင်ကောင်း နည်းသွားလို့ ရေကြီးရေလျှံမှုကိစ္စက အရမ်းဆိုးရွားခဲ့ရတာ။ ဒါကို သင်ခန်းစာယူပြီး ရေရှည်ဖွံ့ဖြိုးရေးကဏ္ဍအတွက် သစ်ပင်သစ်တောတွေကို တိုးမြှင့်စိုက်ပေးဖို့ အစိုးရမှာ အများကြီးတာဝန်ရှိပါတယ်။



## ဦးလင်းထွဋ်
(ဒုတိယညွှန်ကြားရေးမှူး)
(ချင်းပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)

အခုလောလောဆယ် အခြေအနေကတော့ လမ်းလည်း ပြန်မပွင့်သေးလို့ အခုမှ စတင်ဆောင်ရွက်နေတုန်းပဲလို့ ပြောရမှာပဲ။ အခု လတ်တလောကတော့ ပျက်စီးသွားတဲ့ ပျက်စီးမှုတွေအတွက် စာရင်းကောက်ယူမှုတွေ ဆောင်ရွက်နေပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း အခု UN၊ UNICEF စတာတွေနဲ့ အစည်းအဝေးလုပ်နေပါတယ်။ ပြန်လည်ထူထောင်ရေးအတွက်ပါပဲ။ ကျန်တာတော့ ဘာမှ ထွေထွေထူးထူး ပြောစရာမရှိပါဘူး။

## ဒေါ်တင်မိုး (ငါးဆယ်ကျွန်းကျေးရွာ၊ စစ်ကိုင်းအုပ်စု၊ ဟင်္သာတမြို့နယ်)

ရွာသားတွေက အကုန်လုံး ငါးရှာစားသောက်နေကြတာ။ သီတင်းကျွတ်လွန်ရင် ကိုင်းစိုက်ကြတယ်၊ အခုလို ရေကြီးနေတော့ ငါးရှာလို့ မရတော့ဘူးလေ။ နှစ်တိုင်း ရေကြီးပေမယ့် ဒီနှစ်ကြီးတာက အများဆုံးနဲ့ အထိခိုက်ဆုံးပါပဲ။ ငါးရှာလို့လည်း မရတော့ဘူး။ နှစ်တိုင်းက ရေ ၃ ပေလောက်ပဲတက်ပြီး ငါးရှာလို့ ရသေးတယ်။ အခုက ၆ ပေလောက်တောင် ရှိတယ်။ ၂၀၁၃ က တစ်ကြိမ်ကြီးခဲ့ဖူးတယ်။ အဲဒီတုန်းကလည်း ၅ ပေလောက်ပါပဲ။ ကျွန်မတို့ ရွာသားတွေက ငါးရှာပြီး စားသောက်နေကြတာ။ ကယ်ဆယ်ရေးတွေသာ မရောက်ရင် ဒုက္ခရောက်ကြလိမ့်မယ်။ ရေကြီးတာ ၁၅ ရက်လောက် ရှိပြီ၊ ဒီနေ့တော့ ၁ ပေလောက်ကျသွားတယ်။ ကယ်ဆယ်ရေးအဖွဲ့ ၆ ဖွဲ့လောက်လာပေးတာရှိပြီ။ ရွာကလူတွေက စာသင်ကျောင်းမှာစုပြီး နေကြရတယ်။ အိမ်တွေက အကုန်လုံးနီးပါး မြုပ်နေတယ်။ အမျိုးသားတွေက အိမ်မှာဆင့်ထိုးပြီး အိပ်ကြရတယ်။ ရေချိုးတာကတော့ ဒီနောက်ကျိနေတဲ့ မြစ်ရေကိုပဲ ချိုးကြရတာပဲလေ။ ဆန်နဲ့ရေက အဓိကလိုနေတယ်။ သုံးရေကိုလည်း ဒီမြစ်ရေကိုပဲ အကြည်ခံပြီး သုံးကြရတာ။



...င်မြို့ ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းခဲ့သော ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အဖွဲ့သားများ



ပြည်-ပန်းတောင်း-ဥသျှစ်ပင် ရေဘေးသင့်ဒေသများသို့ သွားရောက်ကူညီလှူဒါန်းနေကြသူများ

www.free4reader.com



Vol: 7, No-32, August 13, 2015 POPULAR NEWS



# အမေရိကန်ကို အရှေ့တိုင်းသားတို့ လွှမ်းမည့်အခါ

ကျော်လင်း

အမေရိကန်၏ အသွင်အပြင်သည် လျင်မြန်စွာပြောင်းလဲနေပြီး အာရှဆန်လာနေသည်။ပိုမိုကောင်းမွန်သော ဘဝအတွက် အာရှဒေသတွင်းနိုင်ငံများအထူးသဖြင့် တရုတ်နှင့်အိန္ဒိယတို့မှအမေရိကန်သို့ ရွှေ့ပြောင်းအခြေချသူများ တစ်ဟုန်ထိုးများပြားလာနေသည်ဖြစ်ရာ ထိုသူတို့၏ လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိအောင် လူမှုပတ်ဝန်းကျင်က ပြောင်းလဲလာနေသည်။ ထို အသစ်ပြောင်းရွှေ့လာသူများကလည်း သူတို့၏ နေရာသစ်ကို ပြောင်းလဲရန်အားထုတ်နေကြသည်။

## အမေရိကန် မြို့များပေါ်က တရုတ်တန်း

တက္ကနီးယားပြည်နယ်တွင်အခြေချနေသည့် သတင်းသမား Ambar Wang သည်ထိုသူများထဲမှ တစ်ဦးသာဖြစ်သည်။ တရုတ်ပြည်မကြီးပေါက်ဖြစ်သော သူမသည် သိပ္ပံပညာရှင်ဖြစ်သူ ခင်ပွန်းနှင့်အတူ အမေရိကန်သို့လွန်ခဲ့သည့် ခြောက်နှစ်ခန့်က ပြောင်းရွှေ့လာခဲ့ကြသည်။ ခင်ပွန်းဖြစ်သူက သူ၏ အလုပ်နှင့် ကလေးများ၏ အနာဂတ်အတွက် အမေရိကန်သို့ ပြောင်းရွှေ့ရန် စဉ်းစားဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်ဟု သူမက ပြောသည်။

"Rockville က အရမ်းအဆင်ပြေပါတယ်။ ဒီမှာ တရုတ် စတိုးဆိုင်တွေ အများကြီး ရှိတယ်လေ" ဟုသူမက ပြောသည်။ ခေတ်မီအဆောက်အအုံများ၊ စတိုးဆိုင်များနှင့် ပြည့်နှက်နေပြီး တစ်နေ့ထက်တစ်နေ့ ဖွံ့ဖြိုး စည်ပင်လာနေသောတရုတ်တန်းတည်ရှိရာ Rockville သို့ပြောင်းရွှေ့ အခြေချရန် နေအိမ်တစ်လုံးတည် ဆောက်နေသည်။ အကြောင်းမှာ ဝါရှင်တန်အနီး မေရီလန်းပြည်နယ်အတွင်းရှိ ဤမြို့သည် ဘဝ နေထိုင်မှု တန်ဖိုးမြင့်မားသည့်အတွက် ဖြစ်သည်ဟု သူတို့က ဆိုသည်။

မေရီလန်း ပြည်နယ်သည် ကမ္ဘာ့ထိပ်သီး ဆေးဝါးသုတေသနဌာန တစ်ခုဖြစ်သည့် National Institute of Health အပါအဝင် ဇီဝနည်းပညာ၊ သတင်းအချက်အလက် နည်းပညာတို့နှင့် ဆက်စပ်သော ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းများ အခြေစိုက်ရာ ဒေသလည်း ဖြစ်သည်။ ဒေသခံတို့သည် ချမ်းသာကြွယ်ဝကြပြီး ကျောင်းနှင့် အိမ်ရာများမှာလည်း အရည်အသွေး မြင့်မားရာ သူမကဲ့သို့သော အရှေ့တိုင်းသားတို့ မျက်စိကျရာ နေရာလည်း ဖြစ်သည်။ Rockville တည်ရှိရာ မောင့်ဂိုမာရီ ကောင်တီတွင် လူဦးရေတစ်သန်းခန့် ရှိပြီး ၁၅ ရာခိုင်နှုန်းမှာ အာရှမှ ရွှေ့ပြောင်းအခြေချသူများ ဖြစ်ကြသည်။

မေရီလန်းပြည်နယ်တွင် လူနည်းစုကို အထောက်အပံ့ပြုသော ပြည်နယ် အစိုးရ၏ အစီအစဉ်ကြောင့် အာရှသားများစွာတို့က စီးပွားရေးလုပ်ငန်း စတင် လုပ် ကိုင်နေကြသည်။အမေရိကန်သုတေသနလုပ်ငန်းတစ်ခု ဖြစ်သော Ewing Marion Kauffman Foundation ၏အဆိုအရ မေရီလန်းပြည်နယ်တွင် ၂၀၀၆ မှ ၂၀၁၂ ခုနှစ်အတွင်း တည်ထောင်သည့် နည်းပညာနှင့်အင်ဂျင်နီယာ ကုမ္ပဏီ စုစုပေါင်း၏လေးပုံ တစ်ပုံကို ရွှေ့ပြောင်း အခြေချသူတို့ စတင်တည်ထောင်ခြင်း ဖြစ်သည်ဟု သိရသည်။ ယင်း အနက် အများစုမှာ တရုတ်နှင့် အိန္ဒိယသားတို့ တည်ထောင်ခြင်းဖြစ်သည်။

"မေရီလန်းဟာ စီးပွားရေးလုပ်ငန်း စတင်ဖို့ အကောင်းဆုံးနေရာတစ်ခုပဲ-"ဟု တရုတ်လေသံပေါက်သော ဒေသခံတစ်ဦး ဖြစ်သည့် Joan Wang ကပြောသည်။ သူမသည် Rockville အနီးရှိ Silver Spring မြို့တွင် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသော မြို့ပြအင်ဂျင်နီယာနှင့် အတိုင်ပင်ခံလုပ်ငန်း ဖြစ်သော iDesign Engineering ကို တည်ထောင်ထားသူ ဖြစ်သည်။

Rockville နှင့် Silver Spring တို့က အမေရိက၏ဖြစ်နိုင်ခြေရှိသော အနာဂတ်လူဦးရေအချိုးအစားကို မှန်းဆကြည့်နိုင်စေမည် ဖြစ်သည်။ အမေရိကန်တွင် အရှေ့တိုင်းသား ၁၉ ဒသမ ၄ သန်း အခြေချ နေထိုင်လျက်ရှိပြီး ယင်း ကိန်းဂဏန်းသည် ကျန်ခဲ့သော ဆယ်စုနှစ်ကထက် ၅၀ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာခဲ့သည်။ ၂၀၆၀ အရောက်တွင် လက်ရှိ ပမာဏထက် ၁၅၀ ရာခိုင်နှုန်းအထိ ရှိလာနိုင်ကြောင်း ခန့်မှန်းထားကြသည်။ လက်ရှိတွင် စပိန်နှင့် အာဖရိကန် အမေရိကန်နွယ်ဖွားများ ကဲ့သို့သော အခြားလူနည်းစုများထက်နည်းပါးနေသေးသော်လည်း အာရှနွယ်ဖွားအရေအတွက်တိုးနှုန်းသည် အခြားလူနည်းစုများထက်ပိုမိုမြန်ဆန်သည်။

## မြေပုံပေါ်က မြို့ပြဆင်ခြေဖုံးသို့ မဟုတ် အိန္ဒိယရပ်ကွက်များ

နာမည်ကျော် မန်ဟက်တန်မှ တစ်နာရီ သာသာခန့် ကားမောင်းလိုက်လျှင် ရောက်နိုင်သော နယူးဂျာစီမြို့ရှိ အက်ဒီဆင်အရပ်၏ ဝက်သစ်ချပင်လမ်းကို အိန္ဒိယနွယ်ဖွားတို့က အပိုင်သိမ်းထားသည်ဟု ဆိုနိုင်သည်။ယင်းလမ်းရှိအဝတ်အထည်စတိုး၊ ရတနာဆိုင်၊ စားသောက်ဆိုင်အများစုကိုအိန္ဒိယမှ ရွှေ့ပြောင်းအခြေချသူတို့က ဖွင့်လှစ်ထားခြင်းဖြစ်သည်။

"အိန္ဒိယက လူတွေကဒီနေရာကိုသိတယ်။ ဒီနေရာက ကမ္ဘာ့မြေပုံထဲမှာတောင် ရှိတယ်" ဟု အိန္ဒိယစီးပွားရေး အဖွဲ့အစည်း၏ ဥက္ကဋ္ဌဖြစ်သူ MaheshShah က ပြောသည်။

အက်ဒီဆင် အရပ်တွင် လူဦးရေ တစ်သိန်းခန့် နေထိုင်ကြပြီး ယင်းအနက် ၃၀ ရာခိုင်နှုန်းမှာ အိန္ဒိယမျိုးရာ အဆွေအထက်ကိုခံမင်ကြသူများ ဖြစ်သည်။ ယင်းအရပ်သည် ယခင်ကပေရေ ညစ်ပတ်သော စုတ်ချာချာရပ်ကွက် တစ်ခုမျှသာ။ သို့ရာတွင် ယခုမူတော့ အိန္ဒိယရွှေ့ပြောင်း အခြေချသူများကို ဆွဲဆောင်နိုင်သောအချက်အချာကျသည့် ဆင်ခြေဖုံး ဒေသတစ်ခု ဖြစ်နေပေပြီ။

ကမ္ဘာအနှံ့မှ လူအများ၏ စိတ်ကူးယဉ် နိဗ္ဗာန် ဘုံဖြစ်နေသော အမေရိကန်သို့ ပြောင်းရွှေ့အခြေချမှုကို လှိုင်းသဘောအရ ဆိုလျှင် ယခုသည် စတုတ္ထလှိုင်း အထိပင်ရှိလာပြီဟု ပြောရ မည်။ ပထမဆုံး အမေရိကန် ဒေသခံတို့ ဤနိုင်ငံသို့ ပြောင်းရွှေ့ အခြေချလာခြင်း၊ ထို့နောက် ဒုတိယလှိုင်းအဖြစ် ၁၆ ရာစုမှ ၁၉ရာစုအထိ ကာလအတွင်း ဥရောပအနောက်ပိုင်းနှင့် မြောက်ပိုင်းမှ ပြောင်းရွှေ့လာသူများနှင့် အာဖရိကမှ ကျွန်များ ရောက်ရှိလာခြင်း၊ ၁၉ ရာစုမှ ၂၀ ရာစု ကာလများတွင်တော့ ဥရောပ တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ အရှေ့အလယ်ပိုင်း နှင့် ကာရစ်ဘီယံဒေသမှလူများပြောင်းရွှေ့ရောက်ရှိလာခြင်း၊ နောက်ဆုံးအနေနှင့်တော့ဒုတိယကမ္ဘာစစ်အပြီး လက်တင်အမေရိကနှင့် လအာရှမှ ဒေသခံတို့၏ပြောင်းရွှေ့အခြေချလာခြင်းဟူ၍ ဖြစ်သည်။

ထိုနောက်ဆုံး စတုတ္ထလှိုင်းသည် ၁၉၆၅ မှစ၍ အရှိန်ရလာခဲ့သည်။ သမ္မတလင်ဒန် ဂျွန်ဆင်က အမေရိကန်က လက်သင့်ခံမည့်နိုင်ငံတစ်ခုစီမှ ရွှေ့ပြောင်း အခြေချသူအရေအတွက် ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ရာ အကျိုးဆက်အနေဖြင့် လက်တင် အမေရိကနှင့် အာရှနွယ်ဖွား အရေအတွက်သည် သိသိသာသာများပြားလာခဲ့သည်။ ယင်းတို့၏မွေးနှုန်း မြင့်မားမှုကြောင့်လည်း အမေရိကန် လူဦးရေသည် တည်တည်ငြိမ်ငြိမ်နှင့် တိုးတက်လာခဲ့သည်။

### အမေရိကန်သို့ ရွှေ့ပြောင်းအခြေချမှု စတုတ္ထလှိုင်းကို အစပိုင်းက လက်တင်သားများဦးဆောင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် အာရှသားတို့ အသာစီးရလာခဲ့...

အမေရိကန်သို့ ရွှေ့ပြောင်းအခြေချမှု စတုတ္ထလှိုင်းကို အစပိုင်းက လက်တင်သားများ ဦးဆောင်ခဲ့ကြသော်လည်းနောက်ပိုင်းတွင် အာရှသားတို့ အသာစီးရလာခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် အမေရိကန်က ရွှေ့ပြောင်း အခြေချသူ ၁ ဒသမ ၂ သန်းကျော် လက်ခံခဲ့ရာ တရုတ်မှ ၁၄၇၀၀၀၊ အိန္ဒိယမှ ၁၂၉၀၀၀ ပါရှိခဲ့ပြီး မက္ကဆီကိုမှ ၁၂၅၀၀၀ သာ ရှိခဲ့သည်။ ထို့အတူ တောင်ကိုရီးယားနှင့် ဖိလစ်ပိုင်မှ ပြောင်းရွှေ့အခြေချသူ အရေအတွက်လည်း မြင့်တက်လာနေရာ အမေရိကန်တွင် အာရှနွယ်ဖွားအရေအတွက် ပိုများလာနေသည်။

ထို့အပြင် အမေရိကန်တွင် အာရှ နွယ်ဖွားတို့သည် ပညာရေးတွင်အဆင့်မြင့်မြင့် ဇီရိယရှိရှိ သင်ယူနိုင်ကြပြီး ဝင်ငွေကောင်းကောင်းလည်း ရနေကြသည်။ ၂၀၁၃ခုနှစ် စာရင်းဇယားအရယင်းတို့၏အလယ်အလတ် အိမ်ထောင်စုဝင်ငွေသည် တစ်နှစ်ဒေါ်လာ ၇၂၀၀၀ရှိပြီးအသက်၂၅နှစ်နှင့်အထက် ၅၀ ရာခိုင်နှုန်းသည် ဘွဲ့ရသို့မဟုတ်ထို့ထက် ပိုမိုမြင့်မားသောပညာရပ်များ သင်ကြားပြီးစီးခွင့်ရကြသည်။ ယင်းကိန်းဂဏန်းသည် အမေရိကန် ပြည်ထောင်စု၏ ပျမ်းမျှဖြစ်သော တစ်နှစ်ဝင်ငွေ ဒေါ်လာ ၅၂ ၀၀၀ နှင့် ၃၀ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ် ကြည့်ရန်ဖြစ်သည်။ ဤသည်ကလည်း အရှေ့တိုင်းသားတို့အမေရိကန်သို့ ပိုမိုအခြေချလာစေရန် တွန်းအားပေးသောအချက်တစ်ခု ဖြစ်သည်။

## အရှေ့လေလွှမ်းမည့် အနံ့ကယ်ဆမ်တို့ တိုင်းပြည်

Patty Chen သည် မက်ဆာချူးဆက်ပြည်နယ်၊ ဘော်စတွန်မြို့ ဆင်ခြေဖုံးတစ်ခုတွင် အိမ်၊ ခြံ၊ မြေ အကျိုးဆောင် ကုမ္ပဏီတစ်ခုကို ဦးစီး တည်ထောင်ထားသော တရုတ်နွယ်ဖွား အမေရိကန်နိုင်ငံသား ဖြစ်သည်။

"ကျွန်တော်တို့က အိမ်ဝယ်ဖို့ စာချုပ်စာတမ်း စီစဉ်ပေးတာတင်မက အိမ်ပြင်တာတွေ၊ ကလေးတွေအတွက် အခန်းပြင်တာတွေ၊ ဈေးဆိုင်ဖွင့်ချင်သူတွေအတွက် ဆိုင်ခန်း ရှာပေးတာတွေကိုပါ လုပ်ပေးတယ်။ အဲ့ဒါကြောင့် ဖောက်သည်တွေက ကျွန်တော်တို့ဆီ အလာများကြတယ်" ဟုသူမက ပြောသည်။ တရုတ်နိုင်ငံမှ ဖောက်သည်များက သူတို့အတွက် နေအိမ်များ ရှာဖွေထားပေးရန် အမှာစာများရရှိထားကြောင်းလည်း သူမက ဆိုသည်။ ထိုသူတို့သည် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆို အသုံးပြုနိုင်ခြင်း မရှိသေးသည့်တိုင် သူတို့၏ ကလေးငယ်များ ပညာရေး အတွက်လည်းကောင်း၊ သူတို့၏ ပိုင်ဆိုင်မှုများ သေချာမှု ရှိစေရန်အတွက် လည်းကောင်း အမေရိကန်သို့ မကြာမတင်ကာလအတွင်း ပြောင်းရွှေ့လာကြရန် ရည်မှန်းထားကြသူများ ဖြစ်သည်။

ဂျော်ဂျီယာတက္ကသိုလ် စီးပွားရေးဖွံ့ဖြိုးမှု သုတေသနဌာနဖြစ်သည့် Selig Center ၏ အဆိုအရ အမေရိကန်တွင် အာရှသားတို့၏ ဝယ်ယူနိုင်စွမ်း ပမာဏသည် ၂၀၁၄ ခုနှစ်အထိ ဒေါ်လာဘီလျံ ၇၇၀ အထိရှိလာခဲ့ပြီး ယင်းပမာဏသည် ဆော်ဒီအာရေဗျနှင့် ဆွစ်ဇာလန်နိုင်ငံတို့၏ ဂျီဒီပီထက် ပိုများပြားကာ ကမ္ဘာ့နိုင်ငံများ၏ ဂျီဒီပီနှင့် နှိုင်းယှဉ်ပါက အဆင့် ၁၉ နေရာတွင် ရပ်တည်လျက် ရှိသည်။ Selig Center က ယင်းတို့၏ ဝယ်ယူနိုင်စွမ်းပမာဏသည် ၂၀၁၉ အရောက်တွင် ကန်ဒေါ်လာ ၁ ထရီလျံအထိ ရှိလာမည်ဟု ခန့်မှန်းထားသည်။ အကြောင်းမှာ နောက်ပိုင်း ကာလများတွင် အမေရိကန်သို့ ပြောင်းရွှေ့လာသူအရှေ့တိုင်းသားများမှာ ငယ်ရွယ် သော ခေတ်ပညာတတ်များ ဖြစ်ပြီး အများစုက ထိုက်သင့်သလောက် ချမ်းသာကြွယ်ဝသူများ ဖြစ်သောကြောင့်ဟုဆိုသည်။ အကျိုးဆက်အနေဖြင့် အမေရိကန်၏ စီးပွားရေးကိုထိုသူတို့က ထိုက်သင့်သလို တွန်းအား ပေးနိုင်လိမ့်မည် ဟုလည်း ခန့်မှန်းထားသည်။

## အမေရိကန်ဖွား အာရှသားတို့၏ နိုင်ငံရေး ခြေကုပ်အစ

ထိုသို့ အာရှသားတို့၏ စီးပွားရေး အညွှန်းကိန်းက မြင့်တက်လာသည်နှင့်အမျှ အာရှသားတို့က အမေရိကန်တွင် သူတို့၏ ရပ်တည်မှုကို ထုတ်ဖော်လာကြသည်။ ၂၀၁၄ခုနှစ် စက်တင်ဘာလက အိန္ဒိယနွယ်ဖွား ၁၉၀၀၀ တို့သည် နယူးယောက်မြို့ မက်ဒီဆန် ရင်ပြင်ဥယျာဉ်တွင် စုဝေးခဲ့ကြသည်။ အလည်အပတ် ရောက်ရှိနေသည့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒါ မိုဒီကို ကြိုဆိုရန်အတွက် ဖြစ်သည်။

စာမျက်နှာ ၂၇ သို့ ...

www.free4reader.com



# ပဲဆီဈေး စံချိန်တင် မြင့်တက်

ဝိုးလပြည့်
ရန်ကုန်၊ ဩဂုတ် ၁၀

တရုတ်ပြည်ဘက်မှ ကုန်ကြမ်းများ အဝယ်လိုက်သောကြောင့် ပြည်တွင်းတွင် ကုန်ကြမ်းပြတ်နေပြီး ပဲဆီဈေး စံချိန်တင်မြင့်တက်လျက်ရှိကြောင်း မန္တလေး ဆီကုန်သည်များထံမှ သတင်းရရှိသည်။

လက်ရှိတွင် ပဲဆီတစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ၈၀၀၀ ကြားတွင် ဈေးအမျိုးမျိုး ရောင်းဝယ်လျက် ရှိပြီး ၎င်းတို့ရောင်းဝယ်လာသည့် သက်တမ်းအတွင်း ယခုကဲ့သို့ ဈေးနှုန်းများစွာ တက်ခြင်းမျိုး မကြုံဖူးကြောင်း ဆီကုန်သည် အများစုက ပြောသည်။

"ထွက်သမျှကုန်ကြမ်း တရုတ်က အကုန်ဝယ်နေတော့ ဒီမှာက ကုန်ကြမ်းမရှိဘူး ဖြစ်နေတယ်။ ဒီလိုဈေးမျိုး ကျွန်တော့်တစ်သက် တစ်ခါမှမကြုံဖူးဘူး" ဟု အာရှသား ဆီစက်ပိုင်ရှင် ဦးသန်းလွင်က ပြောသည်။

လက်ရှိတွင် ပဲဆီဈေး များစွာ တက်နေခြင်းမှာ ရေကြီးခြင်းနှင့် သက်ဆိုင်ခြင်း မရှိဘဲ ထွက် သမျှ ကုန်ကြမ်းကို တရုတ်ဘက်က အဝယ်လိုက်နေပြီး တရုတ်ငွေဈေးနှင့် ယှဉ်၍ မဝယ်နိုင်ဘဲ ကုန်ကြမ်းပြတ်လတ်နေသောကြောင့် ဈေးတက်နေခြင်းဖြစ်ကြောင်း မင်္ဂလာသန်း ဆီစက်ပိုင်ရှင် ဆီကုန်သည်များ အသင်း (မန္တလေး) အတွင်းရေးမှူး ဦးထွန်းထွန်းက ပြောသည်။

ပဲဆီကုန်ကြမ်းဖြစ်သည့် ပဲဆန် အသန့် တစ်ပိဿာလျှင် ၄၀၀၀ ကျပ် ဝန်းကျင်ရှိပြီး မသန့်ရသေး သော ပဲဆန်တစ်ပိဿာလျှင် ၃၅၀၀ ဝန်းကျင်ဖြင့် ပြန်လည်ဝယ်ယူရသောကြောင့် ပဲဆီ တစ်ပိဿာ ၈၀၀၀ ကျပ်ခန့်ပြန်ရောင်းမှသာ အဆင်ပြေကြောင်း ဖောက်သည်များကို ၇၀၀၀ကျပ်ခန့် အထိ ဆင်းရောင်းပေးနေကြောင်း ၎င်းက ပြောသည်။

စားသုံးဆီ ဈေးကွက်တွင် စားအုန်းဆီမှာ ရောင်း အကောင်းဆုံးဖြစ်နေပြီး ၁၅၀၀ ကျပ်ဝန်းကျင်သာ ဈေးရှိသည်။ မန္တလေး စားသုံးသူဈေးကွက်တွင် ပဲဆီသီးသန့်ဖြင့် ချက်၍ရောင်းချသည့် ဆိုင်များလည်း တစ်ပိဿာလျှင် ၄၀၀၀ကျပ် ဝန်းကျင်ရှိသော နှမ်းဆီဘက် ဦးလှည့်လာကြောင်း ဆီကုန်သည်အများစုက ပြောသည်။

"လုပ်သက် ၆၅နှစ် အနှစ် ၇၀ လောက် ရောင်းဝယ်လာတဲ့ သူတွေကတောင် ပြောတယ်။ ဒီလိုဈေးမျိုး သူတို့တစ်သက် တစ်ခါမှမဖြစ်ဖူးဘူး။ ပဲဆီတစ်ပိဿာဈေးက စားအုန်းဆီ ၆ ပိဿာလောက် ဝယ်လို့ရနေတယ်လေ။ ပဲဆီဈေးကွက်က လုံးဝတန့်သွားပြီ" ဟု ခိုင်ဆီစက်ပိုင်ရှင် ဦးဇော်မင်းကြည်က ပြောသည်။

မန္တလေး ဆီဈေးကွက်တွင် စားအုန်းဆီများကို တရုတ်ပြည်ဘက်မှလာသာ ပဲဆီအနံ့ပါသည့် အနံ့ဆီများ ရော၍ ပဲဆီအတုများလည်း ရောင်းချလျက်ရှိရာ စားသုံးသူများအနေဖြင့် သေချာစိစစ်ရွေးချယ်ဝယ်ယူ သင့်ကြောင်း ဆီစက်ပိုင်ရှင်အများစုက ပြောသည်။

# တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၏ ဓာတ်ခွဲခန်းအား ရန်ကုန်မြို့တော်ဝန် စစ်ဆေး

ရန်ကုန်၊ ဩဂုတ် ၁၀

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ဩဂုတ်လ ၆ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိတိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနရှိ ဓာတ်ခွဲခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့ စစ်ဆေးရာတွင် အထွေထွေဓာတ်ခွဲခန်းသုံး ပိုးသတ်စက်၊ အဏုဇီဝပိုး မွေးမြူရာတွင် အသုံးပြုသည့်စက်၊ ရေဆိုးရေညစ်၊ သောက်သုံးရေစက်ရုံများမှ စွန့်ပစ်ရေနှင့်မြစ်ချောင်းရေတို့ကို စစ်ဆေးသည့်စက်၊ အစားအစာနှင့် ဟင်းသီးဟင်းရွက်များတွင် ပါဝင်သည့် ပိုးသတ်ဆေး ဓာတ်ကြွင်းတိုင်းတာသည့်စက်၊ ဓာတ်မြေဩဇာ ဓာတ်ကြွင်းများ အသီးအနှံတွင် ပါဝင်မှု၊ သောက်ရေတွင် Cadmium နှင့် Lead ပါဝင်မှုနှင့် နွားနို့တွင် ပရိုတင်းဓာတ်ပါဝင်မှု စသည်တို့ကိုတိုင်းတာသောစက်၊ အသား နမူနာများအား ပိုးပျိုးချိန်တွင် ရောဂါပိုးများ မဝင်နိုင်ရန် အဏုဇီဝ ပိုးပျိုးသည့်စက် စသည့်စက်အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးရာ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနဌာနမှူး ဦးသူရိန်ကျော်နှင့် ကျန်းမာရေးဌာနမှူး ဒေါက်တာ ငွေစန်းတို့က ဓာတ်ခွဲခန်း၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ လုပ်ငန်း တာဝန်များနှင့် စက်ပစ္စည်းများ အကြောင်းကို ရှင်းလင်းတင်ပြခဲ့ကြရာ ဝန်ကြီးက ရန်ကုန်မြို့တော်နေ ပြည်သူများ၏ ကျန်းမာရေးအတွက် ဓာတ်ခွဲခန်း လုပ်ငန်းများကို အလေးထားဂရုပြု ဆောင်ရွက်ရန် ပြန်လည်မှာကြားခဲ့သည်။



# မြန်မာ - ထိုင်း ဗီဇာကင်းလွတ်ခွင့် ဩဂုတ် ၁၁ ရက် စတင် အသက်ဝင်ပြီ

*PN -042*
ရန်ကုန် -ဩဂုတ် ၁၀

မြန်မာ-ထိုင်းဗီဇာကင်းလွတ်ခွင့်သည် ယခုလ ၁၁ ရက်မှ စတင် အသက်ဝင်ပြီဖြစ်ရာထိုင်းသို့ သွားရောက်သူများသည် ဗီဇာလျှောက်ထားစရာမလိုဘဲသွားရောက်လည်ပတ်နိုင်တော့မည် ဖြစ်သည်။

မြန်မာနှင့် ထိုင်းအစိုးရတို့ကြား ပြည်ဝင်ဗီဇာ အပြန်အလှန်ကင်းလွတ်ခွင့်ပြုရေး သဘောတူစာချုပ်ကို မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးတို့ကဇူလိုင် ၂၈ တွင် ထိုင်းနိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုသဘောတူ စာချုပ်အရ ယခုနှစ် ဩဂုတ် ၁၁ ရက်မှစ၍ အသက်ဝင် အတည်ဖြစ်ပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် သက်တမ်းရှိ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားကြသည့် စာချုပ်ဝင် နိုင်ငံသားများသည် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ တစ်ဆင့် ဝင်ခွင့်ထွက်ခွင့် ရှိမည်ဖြစ်ပြီး ဗီဇာကင်းလွတ်ခွင့် သက်တမ်းမှာ ၁၄ ရက်ဖြစ်ကြောင်းဟု ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးက ထုတ်ပြန်သည်။

ထိုသို့ ဗီဇာကင်းလွတ်ခွင့် ပေးလိုက်ခြင်းကြောင့်ထိုင်းနိုင်ငံသို့သွားရောက်မည့်သူများ ဗီဇာတန်းစီစရာ မလိုတော့ဘဲ အချိန်ကုန်လည်း သက်သာမည်ဖြစ်ကြောင်း ခရီးသွား လုပ်ငန်းရှင်များက ပြောသည်။

ထို့အပြင် နှစ်နိုင်ငံအပြန်အလှန် ခရီးသွားသူ တိုးတက်လာမည် ဖြစ်ပြီး လေကြောင်းလိုင်းများအတွက်လည်း များစွာအထောက်အကူပြုမည်ဟု လေကြောင်းလိုင်း အချို့က ဆိုသည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများ ဖြစ်သော ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဘရူနိုင်း စသည့် နိုင်ငံများနှင့် ဗီဇာကင်းလွတ်ခွင့် လက်မှတ်ရေးထိုးပြီးဖြစ်ကာ ခွင့်ပြုသက်တမ်းမှာ ၁၄ ရက်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံရှိ ရေဘေးသင့် ပြည်သူများကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံအခြေစိုက် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီမှလည်း လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသောကြောင့် အဆိုပါကုမ္ပဏီမှ ဒုတိယမန်နေဂျာ Mr.Zhang Fuquan ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

# မကွေးတိုင်းက စတင်ပြီးတော့ ပိုက်လိုင်းတစ်လျှောက်ရှိ ရေဘေးသင့် ပြည်သူ များကို ကျပ်သိန်း တစ်ထောင် လှူဒါန်းမှာဖြစ် . . .



Mr.Zhang Fuquan (အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ -ပြည်သူ့ဆက်ဆံရေးဌာန ဒုမန်နေဂျာ)နှင့် တွေ့ဆုံခြင်း

● စိုင်းလမင်း မေးမြန်းသည်။

**ရေဘေးသင့် ပြည်သူတွေကို လှူဒါန်းဖြစ်တဲ့ အကြောင်းကို သိပါရစေ။**

လောလောဆယ်မှာ မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ ရေဘေးဒဏ်ခံနေရတာကို တရုတ်၊ မြန်မာမီဒီယာ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ ကောင်စစ်ဝန်ရုံးနဲ့ သံရုံးကနေ သတင်းရရှိပါတယ်။

အထူးသဖြင့် ပိုက်လိုင်းဖြတ်ကျော်တဲ့နေရာဖြစ်တဲ့ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှာ အခြေအနေ အဆိုးဆုံးဖြစ်တာလည်း သိရပါတယ်။ ဒီလို အကြောင်းကို ကြားရပြီးတော့ ကုမ္ပဏီက အရမ်းအလေးထားဂရုစိုက်တယ်။ ကုမ္ပဏီလူကြီးကလည်း ရေဘေးသင့် ဒုက္ခသည်တွေအတွက် ကုမ္ပဏီအနေနဲ့ အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ကျွန်တော်တို့ကုမ္ပဏီ လှူဒါန်းမယ့် အစီအစဉ်ကတော့ မကွေးတိုင်းက စတင်ပြီးတော့ ပိုက်လိုင်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများကို ကျပ်သိန်းတစ်ထောင် လှူဒါန်းမှာဖြစ်ပြီး မကွေးတိုင်းအတွက် ဒီနေ့ ခင်ဗျားတွေ့ရသလို ကျပ်သိန်းသုံးရာကို လှူဒါန်းခဲ့ပြီးပါပြီ။

**ရေဘေးသင့်ပြည်သူတွေ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းဖို့ အစီအစဉ် ရှိပါသေးသလား ခင်ဗျာ။**

ပြန်လည် ထူထောင်ရေးအတွက် လှူဒါန်းဖို့ အစီအစဉ် ရှိ မရှိ လောလောဆယ်မှာ မပြောတတ်သေးပါဘူးခင်ဗျား။

တစ်ခုကတော့ အခုလှူဒါန်းနေတဲ့ အစီအစဉ် မပြီးသေးဘူး။ ကျွန်တော်တို့ နောက်ထပ် ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီး တို့ကို သွားပြီးတော့ လှူဒါန်းဖို့ အစီအစဉ် ရှိသေးတယ်။

ဒီနေ့ လှူဒါန်းပွဲမှာ ကျွန်တော်တို့ ကုမ္ပဏီ Assistant President Mr. Chang ပြောခဲ့သလို ကျွန်တော်တို့ ကုမ္ပဏီက ပိုက်လိုင်း ပရောဂျက် စတင်တည်ဆောက်ချိန်ကစပြီး လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စီမံကိန်းရဲ့ အရေးပါအစိတ်အပိုင်း အနေနဲ့ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ လူမှုရေးလုပ်ငန်းတွေအတွက် စိုက်ထုတ်တဲ့ငွေကြေးပမာဏ ဒေါ်လာ ၂၂ သန်း ရှိပါပြီ။ ကုမ္ပဏီကလည်း အနာဂတ်မှာ လူမှုရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းဖို့ အစီအစဉ် ရှိ မရှိဆိုတော့လတ်တလောမှာ မပြောတတ်ပေမယ့် အဓိကကတော့ နောက်ထပ်ရေဘေးသင့်ဒုက္ခသည်တွေရဲ့အခြေအနေကို မူတည်ပြီးတော့ ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ■

www.free4reader.com



Vol: 7, No-32, August 13, 2015 POPULAR NEWS

နိုင်ငံတော်သမ္မတက စစ်ကိုင်းတိုင်းဒေသကြီးကို သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသလေးခုထဲတွင် ထည့်သွင်းကာ ကြေညာထားသည်။ ထိုသို့ ထည့်သွင်းရလောက်အောင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေဘေးကြောင့် အပျက်အစီးများရှိခဲ့သည်။ အဆုံးရှုံး အထိအခိုက်လည်း အများဆုံး ဖြစ်ခဲ့သည်။ သိန်းနှင့်ချီသည့် ပြည်သူများရေဘေးသင့်ခဲ့ရသည်။ လွန်ခဲ့သည့် ၇ နှစ်အလွန်က ဧရာဝတီတိုင်းတွင် ဖြစ်ပွားခဲ့သည့် နာဂစ်ကာလနှင့် ယခုဖြစ်ရပ်က သွားဆင်တူနေသည်။ အဘယ့်ကြောင့်ဆိုသော် ဧရာဝတီတိုင်း ဒေသကြီးတွင် သဘာဝဘေး အန္တရာယ်ဖြစ်နေသည့် အချိန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းရန် ဆန္ဒမဲပေးကာလက တိုက်ဆိုင်စွာ ဖြင့် တစ်ထပ်တည်းကျနေခဲ့သည့်အတွက်ကြောင့် ဖြစ်သည်။ ယခု စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ရက်က သုံးလခန့်သာ လိုတော့ရာ ယင်းအတွက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အနေဖြင့် စီစဉ်ထားရှိမှု နှင့် ဆောင်ရွက်ထားမှု အခြေအနေ က အရေးပါလာသည်။ ထို့အတွက်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။



## စစ်ကိုင်းတိုင်းဒေသကြီး ကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်ဦးနှင့်တွေ့ဆုံခြင်း

မင်းသုအောင် တွေ့ဆုံမေးမြန်းသည်။

# "ဝန်ကြီးချုပ်အပါအဝင် ဘယ်သူပဲပြိုင်ပြိုင် ဘယ်သူ့ဘက်ကမှ မလိုက်ဘူးဆိုတာ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရဲရဲဝံ့ဝံ့စွာ အာမခံနိုင်ပါတယ်"





စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သော ရေကြီးမှုမြင်ကွင်းနှင့် ရေဘေးဒုက္ခသည်ပြည်သူများ။ (ဓာတ်ပုံ - ကျော်ကျော်)

**မင်္ဂလာပါခင်ဗျ။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ဖြစ်ခဲ့တဲ့ ရေဘေးက တော်တော်လေးကိုထိခိုက်ပျက်စီးဆုံးရှုံးမှုတွေ များခဲ့ပါတယ်။ ဒါတွေက လာမယ့် အထွေထွေရွေးကောက်ပွဲအပေါ် တစ်စုံတစ်ရာ အတိုင်းအတာအထိ သက်ရောက်မှုရှိလာနိုင်ပါသလားခင်ဗျ။ အဓိကကတော့ မဲစာရင်းအရေးအတွက်ကို မေးတာပါခင်ဗျ။**

ကျွန်တော်တို့က ဇူလိုင်လ ၃၀ ရက်နေ့အထိ ဆန္ဒမဲပေးခွင့် ရှိတဲ့ အခြေခံမဲစာရင်းတွေကို ကောက်ယူထားပြီး ဖြစ်ပါတယ်။ တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်အတွက်ချင်းနဲ့ ရှမ်းတိုင်းရင်းသားတွေရဲ့ မဲဆန္ဒရှင်စာရင်းတွေလည်း ကောက်ယူထားပြီးဖြစ်ပါတယ်။ တပ်မတော်သားများနဲ့ ရဲဝန်ထမ်းများရဲ့စာရင်းများကိုလည်း ကောက်ယူထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အခြေခံမဲစာရင်းကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဒါတွေပြီးမှ ရေကြီးတာတွေဖြစ်တဲ့အတွက် ဒီအဖြစ်အပျက်ဟာ လာမယ့်ရွေးကောက်ပွဲအပေါ် ကြီးမားတဲ့ သက်ရောက်မှုရှိမှာမဟုတ်ပါဘူး။ နောက်တစ်ခုက ပစ္စည်းတွေ ထိခိုက်ပျက်စီးဆုံးရှုံးတာလောက်ပဲရှိပြီး လူအသေအပျောက်ကတော့ ဧရာဝတီတိုင်းမှာဖြစ်ခဲ့တဲ့ နာဂစ်မုန်တိုင်းနဲ့ယှဉ်ရင် အလွန်တရာနည်းပါတယ်။ ဒါကြောင့် မဲစာရင်းအပေါ်လည်း ကြီးကျယ်တဲ့သက်ရောက်မှု မဖြစ်ပါဘူး။

**အခုလက်ရှိ အချိန်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ အသက် ၁၈ နှစ်နဲ့ အထက် ဆန္ဒမဲပေးခွင့်ရှိသူအရေအတွက်က ဘယ်လောက်ရှိနေပါသလဲခင်ဗျာ။**

ကျွန်တော်တို့ လက်ရှိအချိန်အထိ ထုတ်ပြန်ထားခဲ့တဲ့ အခြေခံမဲဆန္ဒရှင် ပြည်သူအရေအတွက်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ စုစုပေါင်း ၃၆ သိန်းကျော် ရှိပါတယ်။ တပ်မတော်သားတွေရယ်၊ ရဲဝန်ထမ်းတွေနဲ့ ရွှေ့ပြောင်းအလုပ်သမားစာရင်းတွေက အားလုံးပေါင်းလိုက်ရင် ၃၇ သိန်းကျော်မှာ ရှိပါလိမ့်မယ်။ တိတိကျကျ ပြောနိုင်ဖို့ကတော့ နောက်ဆုံးမဲစာရင်း ထုတ်ပြန်တဲ့အချိန်ပါပဲ။ အဲဒီအချိန်ကျမှပဲ တိကျတဲ့ကိန်းဂဏန်းကို ပြောနိုင်ပါလိမ့်မယ်။

**ကျွန်တော်တို့ရဲ့ မြန်မာပြည်အောက်ပိုင်းမှာတော့ အခြေခံမဲဆန္ဒရှင် ပြည်သူစာရင်းတွေကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်တဲ့အခါမှာ အမှားအယွင်းတွေ ရှိခဲ့ကြပါတယ်။ ဒီအပေါ်မှာ ကန့်ကွက်တာတွေ၊ တောင်းဆိုတာတွေ ရှိခဲ့ကြပါတယ်။ အန်ကယ်တို့ စစ်ကိုင်းတိုင်းဒေသကြီးမှာကော အဲဒီလိုမျိုးအဖြစ်အပျက်တွေ ရှိခဲ့ပါသလားခင်ဗျ။**

ရှိတာပေါ့ဗျာ။ ဒါကလည်း အားနည်းချက်တွေ ရှိတာကြောင့်ပါ။ တချို့အိမ်ထောင်စုတွေ ဆိုရင် ကျွန်တော်တို့ စာရင်း သွားကောက်လို့ရှိရင် ခရီးလွန်နေတာတို့၊ လူကြီးတွေမရှိဘဲ ကလေးတွေရှိ နေတာတို့ ဒီလိုဆိုရင်လည်း စာရင်းတွေပါမလာခဲ့ပါဘူး။ နောက်တစ်ခုက ကွန်ပျူတာနဲ့ ရေးသွင်းတဲ့အချိန်ပါ။ အဲဒီအချိန်မှာပဲ အမှားအယွင်းလေးတွေ ရှိခဲ့ပါတယ်။ အဲဒါတွေစုပြီး မှားခဲ့တဲ့ အမှားတွေပေါ့ဗျာ။ တမင်တကာလုပ်တဲ့ အမှားအယွင်းတော့ မရှိခဲ့ပါဘူး။

**အခုဆိုရင် နောက်ဆုံးမဲဆန္ဒရှင်စာရင်းထုတ်ပြန်ဖို့ကာလက တဖြည်းဖြည်းနဲ့ နီးကပ်လာပါပြီ။ ရေကြီးမှုတွေကြောင့် ကော်မရှင်ရုံးတွေလည်း အထိုက်အလျောက် ပျက်စီးမှုတွေ ရှိမှာပေါ့။ ဒီအတွက် ဘယ်လိုမျိုး စီစဉ်ထားပါသလဲ ခင်ဗျာ။**

အမှားအယွင်း မရှိအောင်၊ ပြည်သူတွေကို သံသယမရှိအောင်၊ မဲဆန္ဒရှင် ပြည်သူတွေ မနစ်နာရအောင် တိုင်းဒေသကြီးကော်မရှင်အနေနဲ့ ခရိုင်မြို့နယ် ကော်မရှင်အဆင့်ဆင့်နဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာပါ။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ထားတဲ့စာရင်းတွေအရ စစ်ကိုင်းတိုင်းဒေသကြီးမှာ ယခုနှစ် မဲရုံအရေအတွက်က လွန်ခဲ့တဲ့ ၂၀၁၀ ကထက် ပိုများတယ်လို့ သိရပါတယ်ခင်ဗျ။**

ဟုတ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ အထွေထွေ ရွေးကောက်ပွဲတုန်းက စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းမှာ မဲရုံစုစုပေါင်းက ၃၁၀၇ ရုံပဲ ရှိပါတယ်။ ခု ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲမှာတော့ မဲရုံစုစုပေါင်းက ၃၇၁၀ ရှိပါတယ်။ ဒါ့ကြောင့် မဲရုံ ၆၀၀ ကျော်လောက် တိုးသွားတယ်လို့ ပြောလို့ရတာပေါ့။

**ဘာဖြစ်လို့ ခုလို တိုးသွားတာလဲ ခင်ဗျာ။**

သွားလာရ ခက်ခဲတဲ့နေရာတွေအရင်ကထက် စာရင်နည်းလာတာကြောင့်လို့ ပြောလို့ရပါတယ်။ ဒါ့အပြင် နိုင်ငံတော်က ချပေးတဲ့ ဘတ်ဂျက်က လုံလုံလောက်လောက် ဖြစ်သွားတာပေါ့ဗျာ။ ဒါတွေစုလိုက်တော့ မဲရုံတွေ ပိုများသွားတာပေါ့ဗျာ။ အရင်တုန်းကဆို လူ ၃၀၀၀၊ ၄၀၀၀ ကို မဲရုံတစ်ရုံပဲ ရခဲ့တယ်။ အခုတော့ ဒီလိုမဟုတ်တော့ဘူးပေါ့ဗျာ။ ဒါတွေကြောင့်ပါ။

**ကချင်ပြည်နယ်တို့၊ ကယားပြည်နယ်တို့၊ ကရင်ပြည်နယ်တို့တွေမှာ ယခုနှစ် မဲရုံတိုးခဲ့တာတွေက လုံခြုံရေးအရ မကျင်းပနိုင်ခဲ့တဲ့ နေရာတွေမှာ ယခု ၂၀၁၅ မှာ ကျင်းပမယ်လို့ ဆိုထားတာကြောင့် များလာတယ်လို့ အဲဒီက ကော်မရှင်ဥက္ကဋ္ဌတွေက ပြောကြတယ်ဗျ။ အန်ကယ်တို့ဆီမှာရော လုံခြုံရေးအကြောင်းပြပြီး မကျင်းပဖြစ်ခဲ့တဲ့ နေရာတွေ ရှိပါသလားခင်ဗျာ။**

ကျွန်တော်တို့ဆီမှာတော့ အဲဒီလို လက်နက်ကိုင် အဖွဲ့တွေမရှိဘူးခင်ဗျ။ ဒါကြောင့် လုံခြုံရေးကြောင့် မကျင်းပနိုင်တဲ့နေရာမရှိဘူး။ အဓိကသွားလာရခက်ခဲလို့ မကျင်းပဖြစ်တဲ့ နေရာ ဒီလိုပဲ ရှိပါတယ်။ ဒီနှစ်ကတော့ နေရာ တော်တော်များများမှာ ရွေးကောက်ပွဲ ကျင်းပမှာပါ။

**စစ်ကိုင်းတိုင်းဒေသကြီးမှာ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်တွေ ရွေးကောက်ပွဲဝင်မှာနော်။ ဒါတွေက ကော်မရှင်အပေါ်မှာ ဖိအားတွေဖြစ်လာနိုင်လားခင်ဗျာ။**

စစ်ကိုင်းတိုင်းဒေသကြီးမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ ၃၇ နေရာ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နေရာ ၁၂ နေရာ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် နေရာ ၇၄ နေရာနဲ့ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ချင်းနဲ့ ရှမ်းအတွက် ၂ နေရာ စုစုပေါင်း ၁၂၅ နေရာအတွက် ရွေးကောက်ပွဲ ကျင်းပသွားမှာပါ။ လွတ်လပ်ပြီး တရားမျှတမှုအတွက် ပြဋ္ဌာန်းထားတဲ့ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနဲ့ ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် ဘက်လိုက်မှု ဖြစ်ပေါ်မှာ မဟုတ်ပါဘူး။ ဘယ်သူ့ကို ရွေးရမလဲဆိုတာ ပြည်သူတွေကသာ ဆုံးဖြတ်မှာပါ။ ကော်မရှင်က သူတို့ရဲ့ ဆုံးဖြတ်မှုကို မှတ်တမ်းတင်ပေးရုံပါပဲ။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ လွတ်လပ်ပြီးတရားမျှတတဲ့ အရပ်ဘက် အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေ အားလုံးနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာပါ။ ဒီအတွက်ကြောင့် ဝန်ကြီးချုပ်အပါအဝင် ဘယ်သူပဲပြိုင်ပြိုင် ဘယ်သူ့ဘက်ကမှ မလိုက်ဘူးဆိုတာ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရဲဝံ့စွာ အာမခံနိုင်ပါတယ်။

**အခုလိုမျိုး ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

■

POPULAR NEWS Vol: 7, No-32, August 13, 2015 

# ခေတ်ရေစီးကြောင်းထဲက

# အားကောင်းမောင်းသန် အရောင်းသမား

ကျော်ရဲလင်း၊ ရန်နိုင်






အလုပ်နေရာ တစ်ခုတွင် ကာလအတန်ကြာ လုပ်ကိုင်ခဲ့ဖူးသူတို့အဖို့ အလုပ်အပြောင်းအလဲ လုပ်ရန် လက်တွန့်နေမိကြပေလိမ့်မည်။ အိမ်ထောင်သည် မသဥ္ဇာအဖို့လည်း ဆယ်စုနှစ်တစ်ခုကျော် လုပ်ကိုင်လာခဲ့သည့် အစိုးရအလုပ်ကို စွန့်လွှတ်ရန်မှာ အမှန်ပင် ခက်ခဲခဲ့ပါသည်။ ပြီးတော့ သူမအလုပ်က သက်တောင့်သက်သာရှိပြီး ဝင်ငွေကောင်းသော အလုပ်ဖြစ်ခြင်းကြောင့် ပို၍ပင် ခက်ခဲခဲ့ပါသည်။

"အဓိကကတော့ ကိုယ်ပိုင်လုပ်ငန်းလေးတစ်ခု စချင်လို့ပါ။ ဒါ့ထက် ဒီအလုပ်က ကိုယ်လက်လှုပ်မိတဲ့ အရင်းအနှီး၊ အဆက်အသွယ်ကြောင့်။ ပြီးတော့ တွင်တွင်ကျယ်ကျယ်ဖြစ်လာတာကလည်း မျက်မြင်ပဲလေ" ဟု အွန်လိုင်းရောင်းဝယ်ရေးလုပ်ငန်းတစ်ခုကို ဦးစီးလည်ပတ်နေသော သက်လတ်ပိုင်းအရွယ် မသဥ္ဇာကပြောသည်။

လွန်ခဲ့သည့် ၄ လခန့်လုပ်ငန်းစတင်ချိန်တွင် အလှကုန်ပစ္စည်းများကိုသာ စတင်ရောင်းချခဲ့သော်လည်း ယခုတော့ အမျိုးအမည်အတော်အသင့်စုံစုံလင်လင် ဖြစ်လာပြီဟု သူမက ပြောသည်။

"စစချင်းတော့ စိုးရိမ်မိတာပေါ့။ အလုပ်ကလည်း ထွက်ထား၊ ဒီဘက်က အဆင်မှ ပြေပါ့မလားပေါ့။ ဒါပေမဲ့ ဒီOnline Shopping က ခေတ်က တောင်းဆိုတဲ့ လုပ်ငန်းဖြစ်လေတော့ အခုဆို အတော်လေးကို အဆင်ပြေပြေဖြစ်လာပါပြီ" ဟု သူမက ပြောသည်။

မိသားစုတစ်ဖက်နှင့် အလုပ်လုပ်ရသော အိမ်ထောင်ရှင်များအဖို့ အချိန်ကိုမျှတစွာ ပိုင်းခြားသုံးစွဲရန် အခက်အခဲက အမြဲတစေရှိ နေတတ်ပါသည်။

ဤလုပ်ငန်း စတင်လုပ်ကိုင်ဖြစ်သည့် ရည်ရွယ်ချက်တွင် မိသားစုအတွက် အချိန်ပိုပေးချင်သောဆန္ဒကတစ်စိတ်တစ်ပိုင်း ဖြစ်သော်လည်း ယခုအခြေအနေအရတော့ယခင်ထက်ပင်အလုပ်အတွက် အချိန်ပေးနေရသေးသည်ဟု သူမက ပြောသည်။ လုပ်ငန်း တည်တည်ငြိမ်ငြိမ် ဖြစ်လာလျှင်တော့ သူမမိသားစုအတွက် အချိန်ပိုပေးနိုင်လိမ့်မည်ဟုမျှော်လင့်ထားသည်။

"အမျိုးသားက နားလည်ပေးပါတယ်။ ဘာလို့ဆို ဒီအလုပ်က အနည်းနဲ့အများ အောင်မြင်နိုင်တဲ့ အလုပ်မှန်း နောက်ပိုင်းမှာ နားလည်လာလို့ပါ။ အရင်ကတော့ မင်းကွာ ကလေးကလားအလုပ်တွေ၊ ဘာညာနဲ့တော့ပြောတာ ရှိတာပေါ့။ သူက အင်တာနက်ဆိုတာ အစက နကန်းတစ်လုံးတောင် သိတာမှ မဟုတ်တာ" ဟု မသဥ္ဇာက ရယ်ရယ်ပြုံးပြုံးနှင့် ပြောသည်။

ယခုက မြို့ပေါ်က လူတိုင်းလိုလို စမတ်ဖုန်းနှင့်၊ မှန်ပါသည်။ လွန်ခဲ့သည့် နှစ်များအတွင်းမြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်း သိပ်သည်းဆက ကြောက်ခမန်းလိလိ တိုးတက်လာသည်။ ယခင်ကအထက်တန်းလွှာတို့ အတွက် အဆင်တန်ဆာတစ်ခုအနေနှင့် မြင်ခဲ့ကြသော မိုဘိုင်းဖုန်းများသည် ယခုတော့ လိုအပ်ချက်တစ်ခုအနေနှင့် လူအများက ပြောင်းလဲ သုံးစွဲလာနိုင်ကြပြီ ဖြစ်သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ ၅၁ သန်းကျော်၏ သုံးပုံတစ်ပုံသည် မိုဘိုင်း ဖုန်းသုံးစွဲကြသည်ဟုဆိုထားသည်။ သို့ရာတွင် အော်ပရေတာများ၏ ထုတ်ပြန်ချက်အရဆိုလျှင်မူ လူဦးရေထက်ဝက်ကျော်အတွက် မိုဘိုင်းဖုန်း သန်း ၃၀ ကျော် ထုတ်ရောင်းပေးနိုင်ခဲ့ကြောင်းလည်း သိရသည်။ ထိုသို့ကွဲလွဲနေရခြင်းမှာ မြို့နေလူတန်းစားတို့က လိုအပ်ချက်နှင့် ကိုက်ညီအောင် လူတစ်ဦးလျှင် ဆင်းကတ် ၂ ကတ်မှ ၃ ကတ်အထိ ကိုင်ဆောင်အသုံးပြုနေရခြင်းကြောင့် ဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် မြို့နေလူတန်းစားတို့အတွက် အင်တာနက်ကို အဆင်ပြေပြေ သုံးစွဲနိုင်ရန်မှာ ဆင်းကတ်တစ်မျိုးတည်းဖြင့် မလုံလောက်သောကြောင့် ဖြစ်ပါသည်။

မည်သို့ဆိုစေ ၂၀၁၁ ခုနှစ် အကုန်ကာလများအထိ အင်တာနက်ကို မထိတွေ့ဖူးသေးသော အနည်းစုသော မြို့နေလူတန်းစားတို့ပင်လျှင် ယခုအခါ အင်တာနက်ကို နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲနေကြပြီဖြစ်ရာ ယင်းနှင့်ဆက်စပ်သောလုပ်ငန်း အသေး၊ အကြီး၊ အလတ် အားလုံး ဖွံ့ဖြိုးစည်ပင်လာနေသည်က အထင်အရှား။

သိသာမြင်သာစွာ ထွန်းကားလာနေသည့် လုပ်ငန်းတစ်ခုမှာ အွန်လိုင်းမှတစ်ဆင့် အရောင်း အဝယ် ပြုလုပ်လာကြခြင်း ဖြစ်သည်။ ပထမအစပိုင်းတွင် ဖုန်း၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ အရောင်းအဝယ်ပြုလုပ်ခြင်း၊ တပတ်ရစ် အီလက်ထရောနစ်ပစ္စည်းများ အလဲအထပ်ပြုလုပ်ခြင်း စသောလုပ်ငန်းများကို အင်တာနက်လူမှုကွန်ရက်တွင် တွေ့လာရသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် အသုံးများသော လူမှုကွန်ရက် ဝက်ဘ်ဆိုက်ဖေ့စ်ဘွတ်ခ်တွင် ဖြစ် သည်။

အလုပ်ဖြစ်ပါသည်။ အဟောင်းရောင်းပြီး အသစ်ကိုင်ချင်သူများ၊ အဖိုးသင့်သောတပတ်ရစ် အီလက်ထရောနစ်ပစ္စည်းများ အသုံးပြုလိုသူများအကြား ဝန်ဆောင်မှုပေးသောအွန်လိုင်းအကျိုးဆောင်များ မြိုးမြိုးမြက်မြက်ရကြပါသည်။

ထို့အတူ အွန်လိုင်းမှတစ်ဆင့် ပစ္စည်း ရောင်းချမှုသည်လည်း ခေတ်နှင့်အညီ တစ်စထက်တစ်စ တွင်ကျယ် စည်ပင်လာနေပါသည်။

အစပိုင်းက အီလက်ထရာနစ်နှင့် ဆက်စပ်ပစ္စည်းများ။ ယခုတော့ အမျိုးအမည် စုံစုံလင်လင်နှင့် အွန်လိုင်း စတိုးဆိုင်ကြီးတွေပင် လည်ပတ်နေကြပြီ ဖြစ်သည်။

သို့ရာတွင် သူတို့မှာလည်းစိန်ခေါ်မှုတွေ ရှိပါသည်။ ဆုံးရှုံးမှုတွေ ရှိပါသည်။

"စိန်ခေါ်မှုတွေကတော့ အများကြီးပေါ့။ ငွေပေးငွေယူ Banking System က ညီမတို့နိုင်ငံမှာ အရမ်းကြီး မဖွံ့ဖြိုးသေးတော့ ရန်ကုန်သမားတွေဆိုရင် သူတို့ဆီက ကြိုတင်ငွေ မကောက်သေးဘဲ အော်ဒါတွေကို အရင်လက်ခံတယ်။ လက်ခံပြီးတော့ ယုံကြည်မှုအပြည့်နဲ့ ညီမတို့က မှာပေးတယ်။ တချို့တွေကလည်း တစ်ခါမှာရင် တစ်သိန်းဖိုး၊ နှစ်သိန်းဖိုးလောက် မှာတယ်။ တကယ် ပစ္စည်းလည်း ရလာရော မလိုချင်တော့ဘူး။ အဲဒီလို မျိုးတွေလည်း ရှိတယ်" ဟု Your Garden Online Shopping လုပ်ငန်းကို လွန်ခဲ့သည့် ၃ နှစ်ခန့် ကတည်းက စတင်ခဲ့သည့် မယုကီက ပြောသည်။ တချို့ အနောက် အပြောင်သန်သူများကြောင့်လည်း စိတ်အနှောင့်အယှက်ဖြစ်ရသည်များ ရှိခဲ့ဖူးသည်ဟု သူမက ဆို သည်။

"ဒါပေမဲ့ အဲဒါကလည်း တစ်ရာမှာ တစ်ယောက်လောက်ပဲ ရှိတာပါ။ အများကြီးတော့ မဟုတ်ဘူး။ အဲဒီလိုမျိုး ကြုံရရင်လည်း သည်းခံရတာပေါ့။ သွားပြီးရန်ဖြစ်လို့လည်းမရဘူး" ဟု သူမက ပြောသည်။

> လွန်ခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံတွင်
> မိုဘိုင်းဖုန်း သိပ်သည်းဆက ကြောက်ခမန်းလိလိ
> တိုးတက်လာသည်။
> ယခင်က အထက်တန်းလွှာတို့အတွက်
> အဆင်တန်ဆာတစ်ခုအနေနှင့် မြင်ခဲ့ကြသော
> မိုဘိုင်းဖုန်းများသည် ယခုတော့ လိုအပ်ချက်တစ်ခုအနေနှင့် . . .

သူမက အပြင်တွင် ဆိုင်ပါဖွင့်ထား၍ ယင်းကဲ့သို့ ကြုံတွေ့ရလျှင် မထောင်းသာလှသော်လည်း အွန်လိုင်းသီးသန့်လုပ်သူများအဖို့ မသက်သာလှ။

အွန်လိုင်းစတိုးများအနေနှင့် အိမ်အရောက်ပို့ဆောင်မှုအတွက် ဝန်ဆောင်ခ ယူသည်ရှိသလို အခမဲ့ပို့ဆောင်ပေးသည်များလည်း ရှိသည်။ အင်တာနက်ခေတ်တွင် မွေးဖွားကြီးပြင်းလာကြသော လူများအကြားတွင်တော့ အွန်လိုင်းမှ ဝယ်ယူခြင်းသည် ရွေးစရာနည်းလမ်းတစ်ခုအဖြစ် ပီပီပြင်ပြင် ဖြစ်လာနေသည်။

အဆိုပါ အွန်လိုင်းစတိုးများ ခေတ်စားလာမှုသည် ရန်ကုန်မြို့ပြအတွက် အဆင်ပြေသော်လည်း နယ်မြို့များမှ ဝယ်လက်များအနေဖြင့် အခက်အခဲများ ရှိနေသေးသည်။

"ကျွန်တော်ကတော့ အွန်းလိုင်းကနေ ပစ္စည်းတွေ တော်တော် များများတော့ ဝယ်ဖူးပါတယ်။ စဝယ်ခါစတော့ စိတ်ပူတယ်။ ကိုယ်က ပိုက်ဆံကြိုပေးပြီး ပစ္စည်းရောက်မလာမှာကို စိုးရိမ်မိတယ်"ဟု ပဲခူးမြို့နေ ဦးလှအောင်က ဆိုသည်။

ပစ္စည်းအသစ်အဆန်းများကို စိတ်ဝင်စားသည့် ဦးလှအောင်က ၎င်းတို့ ချိန်းသည့်အချိန်ထက် စောစောရောက်သည်က ရှားသည်ဟု သူ၏ အတွေ့အကြုံကို ပြောသည်။

အွန်လိုင်းစတိုးများ အနေဖြင့်လည်း ပစ္စည်းသယ်ယူပို့ဆောင်သည့် လမ်းကြောင်းမှာ ပုံမှန် မရှိသည့်အတွက် အချိန်နှောင့်နှေးမှုများမှာလည်း အခက်အခဲတစ်ခုဖြစ်ကြောင်း သိရသည်။

"တချို့ ဝယ်သူတွေကကျတော့ မစောင့်နိုင်ဘူး။ မကျေမနပ်ပြောကြတာတွေတော့ ရှိပါတယ်။ ပစ္စည်းသယ်တဲ့ လမ်းကြောင်းအနေအထားမမှန်တော့ ကျွန်မတို့ပေးထားတဲ့ ရက်ချိန်းထက် ပိုကြာသွားတာတွေတော့ ရှိပါတယ်"ဟု မယုကီက ဆိုသည်။

အွန်လိုင်းစတိုးအများစု အနေဖြင့် ပစ္စည်း ကွာလတီနှင့် ပေးလိုက်ရသည့် တန်ဖိုးထက် တန်စေရမည်ဟု အာမခံမှုများလည်း ရှိကြသည်။

သို့သော်လည်း ဝယ်ယူအသုံးပြုသူများ အနေနှင့်လည်း အွန်လိုင်းစတိုးများ၏ ဝန်ဆောင်မှု အပေါ် ဝေဖန်စရာများ ရှိနေပါသည်။

ရန်ကုန်မြို့သို့ ပြောင်းရွှေ့ အခြေချနေသော ဧရာဝတီတိုင်း၊ ပုသိမ်မြို့မှ သက်လတ်ပိုင်းအရွယ် ကိုဇော်မောင်က အွန်လိုင်းစတိုးများ၏ တာဝန်ခံမှု၊ တာဝန်ယူမှုကို မေးခွန်းထုတ်လိုကြောင်း ဆိုသည်။

နေအိမ်တွင် သောင်းကျန်းနေသော ကြွက်များရန်မှ ကင်းဝေးစေရန် အွန်လိုင်းစတိုးတစ်ခုမှ တင်ထားသော အမေရိကန်လုပ်ဆိုသည့် ကြွက်၊ ခြင်ပြေးစက်ကို ပြီးခဲ့သည့်ရှန်လအတွင်းကငွေ ၁၃၀၀၀ ကျပ်နှင့် သူဝယ်ယူခဲ့ပါသည်။ သို့ရာတွင် ထိရောက်မှုမရှိ။

"၁၀ ပေပတ်လည် အခန်းထဲတောင် မထိရောက်တာ သူတို့ပြောတဲ့ ပေ ၃၀ ပတ်လည်ဆိုတာ ဝေးပေါ့။ အဲ့ဒါနဲ့ သူတို့ဆီ လှမ်းကွန်ပလိန်းတက်ရတာပေါ့" ဟု ဆူးလေဘုရားလမ်းနေ ကိုဇော်မောင်က ပြောသည်။

အဆိုပါအွန်လိုင်းစတိုးက ပြန်ဖြေရှင်းသည်မှာ ယင်းစက်များသည် Error ချို့ယွင်းမှုများနေ၍ ဆက်လက်တင်သွင်းရောင်းချခြင်း မပြုတော့ဟူ၍သာ။

သို့ရာတွင် အဆိုပါ အွန်လိုင်းစတိုး၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်မူ ယင်းခြင်၊ ကြွက်ပြေးစက်ကြော်ငြာမှာ ဆက်လက်တက်နေဆဲ။ ငွေအကုန်ခံထားသော Sponsored Page အဖြစ်ပင် တွေ့နေရသေး သည်ဟု သူက ဆိုသည်။

ယင်းဖြစ်ရပ်ပြီး နောက်ပိုင်း သူ့အနေနှင့် အွန်လိုင်းစတိုးများမှ ပစ္စည်းဝယ်ယူရန် လက်တွန့်မိသည်ဟု ဆိုသည်။

တစ်ဦးချင်း ကိုယ်ပိုင် ဖေ့စ်ဘွတ်ခ် စာမျက်နှာများနှင့် ရောင်းသူ ရှိသကဲ့သို့ အဖွဲ့ဝင်များဖြင့် ကြိုက်ရောင်းကြိုက်ဝယ် ဖလှယ်၍ရနိုင်သော စာမျက်နှာများကိုလည်း အချို့က ထူထောင်ထားသည်။ မရောင်းခင် လက်ဆောင်ပေးသူများရှိကာ၊ ရောင်းပြီးချစ်ချစ်ခင်ခင် မိတ်ဆွေဖြစ်သွားကြသူများလည်း ရှိကြသည်။ ပစ္စည်းအရည်အသွေးမှာ နဂိုပြထား ညွှန်းထားစဉ်ကကဲ့သို့ မဟုတ်ခြင်းများကြောင့် ရောင်းပြီးဝယ်ပြီးနောက်မှ ကက်ကက်လန်အောင် ရန်တွေ့သူများကိုလည်း တွေ့ရပြီး အုပ်စုဖွဲ့ ဆဲဆိုခြင်းများလည်း ရှိကြသည်။

ထိုအခါတွင် Page Admin ယူထားသူတို့၏ ရပ်တည်မှုကလည်း အရေးပါလာပြန်သည်။ စာမျက်နှာဖွင့်ပေးထားသော Admin များသည် ကော်မရှင်ယူထားသူများ မဟုတ်ပါက မည်သည့်တာဝန်မျှမရှိ။ ဝယ်မည့်သူများက အရာရာ သတိထားရမည့် အနေအထားပင် ဖြစ်သည်။

သို့ရာတွင် မည်သူက လက်တွန့်သည်ဖြစ်စေ၊ ဝေဖန်သည်ဖြစ်စေ အွန်လိုင်းစတိုးများက ဆက်လက် အောင်ပွဲခံနေဦးမည့်ဟန်ပင်။

အဘယ့်ကြောင့်ဆိုသော် ဤသည်က ခေတ်က မောင်းနှင်သော လမ်းကြောင်း။ ■

www.free4reader.com



# အာဏာနိုင်ငံရေးနှင့် အချိန်ကုန်မနေသင့်တော့

အလင်းသစ်

ယခုအခါ နိုင်ငံတစ်ဝန်းလုံး နီးပါးမျှ ရေကြီးရေလျှံမှုသဘာဝဘေးဒဏ်နှင့် ကြုံတွေ့ရလျက်ရှိသည်။ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းမြောက်ပိုင်းနှင့် ချင်းပြည်နယ်စသည့် ဒေသများတွင် နစ်ထပ်ကွမ်းရေဘေးနှင့် ကြုံတွေ့ရင်ဆိုင်နေရသည်။ ယခုတွေ့ကြုံနေရသည့် ရေဘေးမှာ ၂၀၀၈ ခုနှစ်က ရင်ဆိုင်ခဲ့ရသည့် နာဂစ်ဆိုင်ကလုံးမုန်တိုင်းသဘာဝဘေးကဲ့သို့ အချိန်တိုအတွင်း ပြင်းထန်မှု မရှိသော်လည်း ပိုမိုကြာညောင်းပြီး ပိုမိုကျယ်ပြန့်သောနယ်မြေရှိ ပြည်သူများအပေါ် သက်ရောက်လျက်ရှိနေသည်။

ဤအခြေအနေမှာ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးအတွက် အရေးကြီးလှသော အချိန်ဖြစ်သည်။ သဘာဝဘေးဒဏ်ကြီး၏ စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန်မှာ ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်း၍ ညီညွတ်ဖို့လိုသည်။ ဆိုးရွားလှသည့် သဘာဝကပ်ဘေး ဘုံအန္တရာယ်ကြီးတွင် ပြည်သူအများ၏ အသက်အိုးအိမ်များ၊ စိုက်ပျိုးခင်းများ၊ ရေမျော၊ ရေမြုပ်၊ ပျက်စီးနေကြရချိန်၌ တစ်ဦးနှင့်တစ်ဦး အသက်လုလက်တွဲ၍ ကယ်တင်ကြရမည့် အချိန်သာဖြစ်၏။ တစ်ဦးနှင့်တစ်ဦး ဆဲဆိုအပြစ်တင်၊ ရန်ဖြစ်နေကြရမည့် အချိန်မဟုတ်တော့ပေ။

သို့သော်လည်း မြန်မာနိုင်ငံ၌ တိုက်ဆိုင်စွာပင် ဤသို့သဘာဝရေဘေးနှင့် ရင်ဆိုင်ရချိန်တွင် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန်အတွက် နိုင်ငံရေးပါတီများ စတင်လှုပ်ရှားကြရန် တာလွှတ်လိုက်သည့် အချိန်လည်းဖြစ်နေသည်။ အထူးသဖြင့် ပါတီစုံဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ပထမဆုံးကျင်းပသည့် ရွေးကောက်ပွဲလည်းဖြစ်၊ အင်အားကြီးပါတီများအားလုံး စုံစုံညီညီ အင်တိုက်အားတိုက် အပြိုင်အဆိုင် ယှဉ်ပြိုင်အရွေးကောက်ခံကြမည့် ရွေးကောက်ပွဲလည်းဖြစ်သည့်အတွက် အားပြိုင်မှုများ အထူးပြင်းထန်မည့် အခြေအနေရှိသည်။ အားပြိုင်မှု ပြင်းထန်သည်နှင့်အမျှ တစ်ဖက်နှင့်တစ်ဖက် အပြစ်ရှာ၊ အပုပ်ချ၊ ထိုးနှက်ကြမည့် အလားအလာများလည်း ရှိနေသည်။

ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းများသာမဟုတ်။ ပြည်ပမှ နိုင်ငံတကာ အဖွဲ့အစည်းအမျိုးမျိုး၏အမည်ဖြင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲ နီးကပ်လာချိန်တွင် ဘက်စုံထောင့်စုံမှ မိမိတို့၏လိုအင်ဆန္ဒများအပေါ် မူတည်၍ ဖိအားပေးမည့် အင်အားစုများကလည်း ဝင်လာနေကြသည်။

မကြာမီက အမေရိကန်အခြေစိုက် အာရှလူမှုအဖွဲ့အစည်းဆိုင်ရာ မူဝါဒအဖွဲ့ဟူသည့် အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာသည်။ အဖွဲ့အစည်းနာမည်က အသစ်ဖြစ်သော်လည်း ပါဝင်သူများက မျက်နှာစိမ်းများ မဟုတ်။ မြန်မာနိုင်ငံရေးတွင် ရှေးယခင်ကပင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်၍ နောက်ကွယ်မှ ထိန်းကျောင်းပဲ့ကိုင် ကြိုးပမ်းခဲ့ကြသူများ ဖြစ်နေသည်။

တစ်ဖန် ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာမဟာမင်းကြီး၏ အထူးသံတမန်ဟူသော အမည်ဖြင့် ကမ္ဘာကျော် ဟောလီးဝုဒ်မင်းသမီးရောက်လာပြန်သည်။ သူ့ကို စရိတ်စကအကုန်အကျခံ၍ လေယာဉ်စီးလုံးငှားကာခရီးစဉ်ကို အစအဆုံး တာဝန်ယူစီစဉ်သူက မြန်မာနိုင်ငံကို နှစ်ရာချီ၍ ကျွန်ပြုအုပ်စိုးခဲ့သည့် ကိုလိုနီသခင်ဟောင်း နိုင်ငံကြီးဖြစ်နေသည်။ သူကလည်း မြန်မာနိုင်ငံ၏ ပြဿနာတစ်ခု ဖြစ်သော ရခိုင်ပြည်နယ်မှ ကယ်ဆယ်ရေးစခန်းများသို့ သွားခဲ့သည်။ အဆိုပါကယ်ဆယ်ရေးစခန်းများကို ကမ္ဘာကျော်ဆယ်လီဘရိတီပုံရိပ်နှင့် ပေါင်းစပ်၍ ကမ္ဘာကအာရုံစိုက်စေရန် ဖန်တီးလိုက်ခြင်းသည် မည်သို့သော ကူညီကယ်တင်မှု ဖြစ်လာမည်ကို စောင့်ကြည့်ရဦးမည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်ကလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်လာပြီ။ ယမန်နှစ်က သူ၏ခရီးစဉ်နှင့် မရှေးမနှောင်းမှာပင် ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် သူဌေးကြီးတစ်ဦးနှင့် အမေရိကန်နိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းအစိုးရအရာရှိတစ်ဦးတို့ ပြိုင်တူနီးပါးရောက်လာခဲ့ကြသည်။ ထိုခရီးစဉ်များနောက် လအနည်းငယ်အကြာ၌ ဘင်္ဂလားပင်လယ်အော်နှင့်ကပ္ပလီပင်လယ်အတွင်း လှေစီးဒုက္ခသည်ဆိုသည့်ဖြစ်ရပ်များ ပေါ်လာသည်။ စင်စစ်၌ ထိုသူများမှာ ထိုင်းလူကုန်ကူးဂိုဏ်းများက အခြေအနေ မကောင်းသေး၍ ကမ်းခြေသို့ မဝင်ဘဲ ပင်လယ်၌ စောင့်ခိုင်းထားသည့်ဧကြည်ရာ မြက်နုရာ ရှာဖွေလိုသူများဖြစ်ကြပြီး အများစုမှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများဖြစ်ကြသည်။ သို့လင့်ကစား နိုင်ငံတကာသတင်းမျက်နှာစာ၌မူ မြန်မာအစိုးရက နှိပ်စက်ကလူပြု၍ ပင်လယ်ပြင်သို့ အသက်စွန့် ထွက်ပြေးလာရသော ကယ်ဆယ်ရေးစခန်းမှ ဘင်္ဂါလီများဟူ၍ ပုံဖော်ခြင်းခံခဲ့ရသည်။ ထိုလုပ်ကြံပုံကြီးခဲ့သတင်းများ၏ အကျိုးဆက်ကြောင့် မြန်မာနိုင်ငံအတွက် နိုင်ငံတကာမျက်နှာစာတွင် အထင်လွဲစရာများ ရှိခဲ့ရသည်။



ဤသို့ သဘာဝကပ်ဘေးကြီးက တစ်ဖက်၊ နိုင်ငံတကာမျက်နှာစာမှ ဖိအားပေးအုပ်စုများက တစ်ဖက်၊ ရွေးကောက်ပွဲအောင်မြင်အေးချမ်းစွာ ကျင်းပနိုင်ရေးကလည်း အရေးကြီးချိန်တွင် . . .

ဤသို့ သဘာဝကပ်ဘေးကြီးက တစ်ဖက်၊ နိုင်ငံတကာမျက်နှာစာမှ ဖိအားပေးအုပ်စုများက တစ်ဖက်၊ ရွေးကောက်ပွဲ အောင်မြင်အေးချမ်းစွာ ကျင်းပနိုင်ရေးကလည်းအရေးကြီးချိန်တွင် နိုင်ငံရေးအင်အားစုအချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး လှုပ်ရှားလုပ်ကိုင်မှု မပြုနိုင်လျှင်သော်မှ တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် ထိုးနှက်တိုက်ခိုက်ရန်လိုမှုများ မရှိသင့်တော့ဟု မြင်မိသည်။ သို့သော် ယနေ့ထက်တိုင် တွေ့မြင်နေရသည်က ကြက်သတ်သမား ခြံဝင်းထဲသို့ ရောက်နေသော ကြက်ခြင်းထဲမှ ကြက်အချင်းချင်း ဗိုလ်လုရင်း ခွပ်နေကြသကဲ့သို့ ဖြစ်နေသည်။ ပြည်သူများစွာ အိမ်ရေမြုပ်နေချိန်၊ စိုက်ခင်းများ ရေဝင်ပျက်စီးနေချိန်၊ အသွားအလာအဆက်အသွယ်များ ပြတ်တောက်နေချိန်တွင် နိုင်ငံ၏ဦးစီးဦးဆောင် လူကြီးများက မိဘသဖွယ် ကူညီစောင့်ရှောက်ပေးရန် လိုပါသည်။

အာဏာနိုင်ငံရေးနှင့် အချိန်ကုန်မနေတော့ရန် မေတ္တာရပ်ခံတောင်းပန်ချင်ပါသည်။ ကိုယ့်အချင်းချင်း မညီညွတ်၍ နွားကွဲလျှင် ကျားဆွဲရန် အသင့်စောင့်နေသော သားရဲများက နံဘေးမှာ၊ အရှေ့မှာ၊ အနောက်မှာ၊ အနီးမှာ၊ အဝေးမှာ အစွယ်သွေးနေကြပြီ ဖြစ်သည်ကို သတိချပ်ကြစေလိုပါသည်။ နိုင်ငံအတွက် အရေးကြီးချိန်ဖြစ်နေပါပြီ။ အချစ်မဝင်လျှင်နေပါ။ တစ်ဦးနှင့်တစ်ဦး အပြစ်မတင်ဘဲ ကိုယ်စီတာဝန် ကျေပွန်အောင် ကြိုးစားကြစေချင်ပါသည်။ တိုင်းပြည်အတွက် တတ်စွမ်းသမျှ နိုင်သည့်ဘက်က ကူညီထမ်းဆောင်ကြရင်း ဘာသာတိုင်း၏ အဆုံးအမများနှင့်အညီ မင်္ဂလာရှိနိုင်ကြစေချင်ပါသည်။





www.free4reader.com



Vol: 7, No-32, August 13, 2015 POPULAR NEWS

# စစ်ပွဲ ၄ မျိုး၊ အတိုးအတိုက် အရင်းခံ ၃ မျိုး

မင်းတင်



ပြုံးချင်လည်း ပြုံးလို့ရသလို သံဝေဂယူတတ်လျှင်လည်း ထုလိုက်ထည်လိုက် များစွာရှိနေသည်။

လူသားတို့၏ လောကကမ္ဘာကြီး။ လူ့အဖွဲ့အစည်းနိုင်ငံများ စုဝေးထားရာ လူ့အဖွဲ့အစည်းကြီး တစ်ရပ်လုံး။ မော်ဒန်ဝေါဟာရ အရဆိုလျှင်တော့ဖြင့် 'ပြား' လာနေသော ကမ္ဘာကြီး။ အိုင်တီကြောင့် ကျုံ့ဝင်သွားခြင်းဟု ယေဘုယျဆိုနိုင်သော ဂလိုဘယ်လိုက်ဇေးရှင်းခေတ်။ မော်ဒန်ဒီမိုကရေစီ ကာလကြီးတစ်ရပ်။ နည်းပညာနှင့် အတတ်ပညာတို့ ရှေ့တန်းအလွန်ရောက်လာသလို ဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားတို့ကလည်း တိုးလာသည်။ သို့သော်ငြား မပေါက်ရောက်နိုင်တာတွေလည်း တွေ့နေရပြန်တော့ တိုးတက်တွန့်ဆုတ်၊ ရှေ့ရောက် နောက်ဆွဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဤကာလတစ်ရပ်ကို လူသားတိုင်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကြုံတွေ့ရင်ဆိုင်နေကြရတာကတော့ ငြင်းမရ။

ကမ္ဘာသည် ပူလောင်၏။ အခိုးထ၏။ ဆူပွက်၏။

တစ်ဖက်ကကြည့်တော့ အေးစက် ခဲတောင့်နေပြန်၏။

ဝါဒတွေ၊ စနစ်တွေနှင့် နပန်းလုံးကြရင်း အကျိုးစီးပွားရှေ့တန်းတင်ကြရာမှ လစ်ဘရယ်ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေး အောင်လံလွှင့်ထူ၏။ ဘေးဘယ်ညာမှာလည်း ခေသူတွေ မဟုတ်ကြ။ နိုင်ငံတော်အရင်းရှင်ဝါဒ ခေါင်းထောင်နေဆဲ၊ ပြောအားရှိဆဲ။

သေချာသည်က အကျိုးစီးပွား ရှေ့တန်းတင်ကြရင်း အတ္တတို့ ကြီးထွားလာခြင်းပဲဖြစ်သည်။ မျှမျှတတ တွေးယူတတ်၊ ကြည့်မြင်သုံးသပ်တတ်လျှင်တော့ ဘယ်ဟာပိုကောင်းသည်။ ဘာက ဘယ်လိုမျိုး၊ ဘယ်ဟာကဖြင့် လိုအပ်နေသေးဆိုတာတွေ တွေ့နိုင်သည်။ ဂလိုဘယ်လိုက်ဇေးရှင်း ကျယ်လောင်နေချိန်မှာပဲ ဂလိုဘယ်လိုက်ဇေးရှင်းဆိုသည့် အပိတ်စကား တချို့ကိုလည်း လျစ်လျူရှု၍ မရပြန်။ တချို့တလေကိုတော့ ကိုယ့်နိုင်ငံကောင်းစားရေးအတွက် လုပ်သည်ပဲဟု နားလည်နိုင်သည်။ အသိုက်အမြုံ အဝန်းအဝိုင်း ကွက်ကွက်လေးပဲဖြစ်ဖြစ် စေတနာပါသည်ဟု ယူဆနိုင်၏။ အများစုကို သေချာကြည့်လျှင်တော့ ငါလုပ်သည်၊ ငါလုပ်နိုင်သည်ဟူသော အဖြူမဟုတ် အမည်းမဟုတ်၊ စပ်ကြားကပြား အဆိုးရတွေဖြစ်နေတာတွေ့ရသည်။

နိုင်ငံတကာအရေးများသည် အမယ်ဘုတ်ကဲ့ သူ့ချည်ခင်လိုသပွတ်အူလိုက်နေတတ်မြဲသာဖြစ်ပြီးနည်းနည်းလေးတောင်မှမလျှော့ပါးသွား။ မလျှော့ကြတာလည်း များသည်။ ပြောခဲ့ပြီးသလို ရယ်ဖို့လည်းအခက်၊ ဖယ်ဖို့လည်းမလွယ် ဖြစ်နေဆဲ၊ ဖြစ်လည်း ဖြစ်နေဦးမည်သာ။

## စစ်ပွဲ ၄ မျိုးဖြစ်လာစေသည့် နောက်ဆက်တွဲ အတိုးအတိုက်

လူသားတွေ သမိုင်းစကတည်းက ရှိခဲ့သည့်ကိစ္စ။ အနိဋ္ဌာရုံမှန်း သိကြသော်လည်း ယနေ့ထိ အရှိန်ကောင်းကောင်း ချီတက်ဆဲ။ နှစ်ပေါင်း လေးထောင်လောက်အထိ ပြန်ကြည့်၍ရနိုင်သလို ယနေ့မော်ဒန်ကမ္ဘာ ၂၁ ရာစုကြီးကိုလည်း ခွဲခြမ်းစိတ်ဖြာလိုက်လျှင် ပိုလို့တောင် တိုးတက်လာသည်လား။ ဆိုးရွားလာသည်လား။ အမေးတွေ ကိုယ်တိုင် ရှုပ်နေသလို အဖြေတို့လည်း ရောပြွမ်းနေ၏။

လိုရင်းကိုယခုဆောင်းပါးအတွက် ခပ်ရှင်းရှင်း သွားကြပါမည်။

၂၀ ရာစုအကုန် ၂၁ ရာစုအဝင် ကမ္ဘာ့ကုန်သွယ်ရေးစင်တာ မိုးမျှော်တိုက်ကြီးနှစ်လုံး အဆော်ခံရသည့် ၉/၁၁ ကာလအထိ ကမ္ဘာပေါ်မှာ စစ်ပွဲ ၃ မျိုးပဲရှိသေးသည်။ ယခုတော့ တစ်မျိုးထပ်တိုးပြီး ၄ မျိုးဖြစ်လာခဲ့ပြီဟု ဆိုလာနေကြရချိန်ရောက်၍ အပူတပြင်း လေ့လာဆန်းစစ်ကြ၊ တင်ပြထုချေကြ၊ ငြင်းခုံကြတွေ ဖြစ်ကုန်သည်။

စစ်ပွဲ ၄ မျိုးကို အကျဉ်းချုပ်မပြောခင် ကြိုတင်သိထား၊ စဉ်းစားထားကြရန် လိုအပ်ချက်တချို့လည်းရှိနေ၍ ပြန်နွှေးကြည့်ပါမည်။

ယဉ်ကျေးမှု၊ ယဉ်ကျေးမှုများ။ ၎င်းတို့ ထိပ်တိုက်တိုး ထိခိုက်ကုန်ကြခြင်း။ ဂလိုဘယ်လိုက်ဇေးရှင်းတွင် မျဉ်းပြိုင်သုံးကြောင်း ရှိ၏။ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့ဖြစ်ကြသည်။

ဂလိုဘယ်ဖြစ်လာ၍ တစ်ကမ္ဘာလုံးနှင့် ဆိုင်လာသည်၊ ဘေးထွက်ထိုင်၊ ဖယ်ထုတ်ထား၍ မရမဖြစ်တော့။ နိုင်ငံရေး၊ စီးပွားရေးက 'ခေါင်'တွေ ထိပ်သီးတွေ (ခက်ခဲခဲပဲဖြစ်ဖြစ်) ညှိယူ၍ရနိုင်သေး၏။ ယဉ်ကျေးမှုက မလွယ်လှ။ မလွယ်သည်မှ ကိုယ်ကျိုးစီးပွားအရကိုပင် ညှိမရအောင် ခက်ခဲတတ်လွန်းသည်။ အထိမခံ ကြွေပန်းကန်။ အင်မတန် ကွဲအက် ထိရှလွယ်လှ၏။

ဤနေရာ၌ ယဉ်ကျေးမှုကို ခလေ့ထုံးစံဆိုသည်များထက် လူသားတို့ ကိုယ်စီ ကိုယ်စီ၊ သန်ရာသန်ရာ ထုထောင်ကြသော မြို့ပြယဉ်ကျေးမှု၊ လောကီယဉ်ကျေးမှု (Civilization) အဖြစ် မှတ်ယူကြဖို့တော့ အထူးလိုအပ်သည်။

ဂလိုဘယ်လိုက်ဇေးရှင်းထဲက လိုကယ်လိုက်ဇေးရှင်းအပိတ် နိုင်ငံများမှာတော့ ယဉ်ကျေးမှုကို နိုင်ငံရေးအာဏာအတွက် လိုသလို ကစားအသုံးချတတ်ကြဆဲဖြစ်သည်။ ဒါကတော့ စကားလုံး သိပ်မရှိရှိုင်းသည်။ ယုတ်ညံ့သည်ဟုပဲ ယေဘုယျဆိုရမည်။

ဆီဗယ်လိုက်ဇေးရှင်းကို ကမ္ဘာဖြန့်ပတ်ကြည့်လိုက်တော့ ၃ မျိုး ထွက်လာ၏။

(၁) ဖွံ့ဖြိုးတိုးတက် ချမ်းသာမှုကြောင့် မောက်မာလှသောယူအက်စ်၊ အနောက်ဥရောပတို့၏ ယဉ်ကျေးမှု။ (၂) တရုတ်ကဲ့သို့ထောင်ထလာနေသော ကွန်မြူနစ်အရင်းရှင်နိုင်ငံတို့၏ကိုယ့်ကိုယ်ကိုယုံကြည်မှုလွန်ကဲ၊ နိုင်ငံငယ်များကို မထီမဲ့မြင် ပြုလာနေနိုင်ပြီဖြစ်သော ယဉ်ကျေးမှု။ (၃) အစ္စလာမ်မစ် ယဉ်ကျေးမှု။ တင်းကျပ်လွန်းခြင်းဟု ယူပါ။ ပျော့ပျောင်း၍ ကွေးလွယ် ဆန့်လွယ်နိုင်ငံများ မပါပါ။

ထိုထို ယဉ်ကျေးမှုတွေမှ ထိပ်တိုက်မတိုးလျှင် ဘာတွေတိုးတိုက်မည်လဲ။ အမှတ်စဉ်(၃)ကြောင့် စစ်ပွဲ ၃ မျိုးကနေ ၄ မျိုးဖြစ်လာခြင်းဟူသောအဆိုကလည်း မှန်နေပြန်သည်။

ထိုထိုအတိုးအတိုက်ကြောင့် ၄ မျိုးမဖြစ်ခင် ၃ မျိုးကတော့ အကျိုးစီးပွားနှင့် တိုက်ရိုက် သက်ဆိုင်သော အရာများဖြစ်၍ မဆန်းတော့ဟု ပြောလာနေကြပြီ။

> ယဉ်ကျေးမှု ဆီဗယ်လိုက်ဇေးရှင်း အတိုးအတိုက်ဘေးထွက်ဆိုးကျိုးလည်း ဖြစ်သည်။ ဆင်ခြင်တုံတရားနိမ့်ပါးမှုမှ ပေါ်ထွက်လာသော အစွန်းရောက် မခံချင်စိတ်က တွန်းအားပေး ဇောင်းတင်လိုက်ခြင်း ဖြစ်သည်

### (၁) စစ်ပူ-Hot War

ဂျူးလီယက်ဆီဇာ၊ ဒော်တိုမန်၊ ပါရှန်းခေတ်တို့ကနေ ဒုတိယကမ္ဘာစစ်ကြီးအထိ ယူကြည့်လျှင် ရှင်းပါသည်။ ယနေ့ခေတ်အထိ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ပြိုင်ခင်းတိုက်ကြသည်ကိုလည်း စစ်ပူဟု ပင်ခေါ်၏။

### (၂) စစ်အေး-Cold War

၂၀ ရာစုမှာမှ ပိုအထင်ရှားဆုံး ရင်တမမကိစ္စကြီး ဖြစ်လာသည်။ အမေရိကန် ဦးဆောင်သော အနောက်အုပ်စုနှင့် ဆိုဗီယက် ယူနီယံ အုပ်စုတို့၏ လက်နက်အပြိုင်တပ်ဆင်ရန်စောင်မှု ခေတ်ကာလကြီး။ ဒုတိယကမ္ဘာစစ်အပြီးမှ ၂၀ ရာစု ကုန်ခါနီး ၁၉၉၀ ဝန်းကျင်ထိ ၄၅ နှစ်ကျော်ကြာသည်။ နျူလက်နက်တွေ ပြိုင်ဆိုင်ကြရုံမက အာကာသထဲထိ အပြိုင်ကြဲကြသည်။ ယနေ့ပဲ ကမ္ဘာပျက်တော့မယောင်ယောင် ခြောက်အိပ်မက်ဆိုးကာလကြီးက ဆိုဗီယက်ပြိုကွဲသွားမှ တစ်စခန်းရပ်တော့မည်။

### (၃) စမတ်ပါဝါစစ်-Smart War

စီးပွားရေးကို အခြေခံသည်။ မီဒီယာနှင့်အိုင်တီ ရှေ့တန်းရောက်သည်။ နောက်ကွယ်မှာ ပါဝါအမာစစ်ရေးကိုခိုင်အောင်လုပ်၍ ပါဝါအပျော့ သံခင်းတမန်ခင်း၊ ကူးသန်းရောင်းဝယ်မှု မဟာမိတ်စသည်တို့နှင့်ကစားရင်း တိုက်ကြသော စစ်ပွဲဖြစ်သည်။ အမျိုးသားအကျိုးစီးပွားရှေ့တင်၍ နိုင်ငံဖြတ်ကျော် အေဂျင်စီများ ထောင်သောင်းချီ စစ်မြေပြင်ထွက် ကစားသည်။ နီးစပ်တူညီရာတွေ မဟာမိတ်အုပ်စုများဖြစ်လာကြသည်။ ယနေ့ထိပင် မက၊ ရှေ့ဆက်ဖြစ်နေဦးမည့်စစ်ပွဲ။ စမတ်တော့ ကျပုံရသည်ဟု ဆိုနိုင်ခြင်းမှာအဖွဲ့လိုက်တွေဖြစ်လာ၍ သူ့တာ၊ ကိုယ့်တာ၊ သူ့စည်း၊ကိုယ့်စည်းတွေလုံခြုံအောင် စည်းမျဉ်းတွေရှိလာခြင်း ဖြစ်သည်။ ရေပြင်၌ မကုန်ခန်းနိုင်။

### (၄) စစ်နွေး-Warm War

နောက်ဆုံးပေါ် စစ်ပွဲ။ မော်ဒန်ကမ္ဘာကို ကောင်းစွာ ပညာပြထိုးနှက်နေ၏။ ယဉ်ကျေးမှု ဆီဗယ်လိုက်ဇေးရှင်း အတိုးအတိုက်ဘေးထွက်ဆိုးကျိုးလည်း ဖြစ်သည်။ ဆင်ခြင်တုံတရားနိမ့်ပါးမှုမှ ပေါ်ထွက်လာသော အစွန်းရောက် မခံချင်စိတ်က တွန်းအားပေး ဇောင်းတင်လိုက်ခြင်းဖြစ်သည်။

၉/၁၁ နောက်ပိုင်း ဂျော့ဘုရှ်၏ အကြမ်းဖက်ဝါဒ နှိမ်နင်းရေးစစ်ပွဲ (WOT-War on Terrorism) မအောင်မြင်ခြင်းကြောင့်ဟုလည်း ဆိုချင်သပ့်ဆို ပြော၍ ရသည်။ အယ်လ်ကေးဒါးက တာလီဘန်၊ တာလီဘန်က အယ်လ်ရှာဘတ်၊ ထို့နောက် ဘိုကိုဟာရမ်။ နောက်ဆုံးပေါ် ကအိုင်အက်စ်။ ဆီးရီးယားအာဏာရှင်စနစ်၏ဆိုးရွားလွန်းလှသော နောက်တွဲ အကျိုးဆက်ပါထည့်ပေါင်းလိုက်တော့ အပေါက်ကျဉ်းကျဉ်းထဲမှာ အကျပ်ကြီးကြီးတွေ ရိုက်ကုန်သည်။ ကမ္ဘာအနှံ့ပြန့်နေပြီ။ အိုစမာဘင်လာဒင်၊ ဆက်ဒမ်ဟူစိန်တို့အရေးမပါတော့။ ISIS က ကွန်မြူနစ် တရုတ်ကြီးထက်မနိုင်းကောင်း လောက်အောင် ဆိုးရွားသည်ဟု ပြောလာနေကြချိန်။ ထင်ထင်ပေါ်ပေါ် ခေါင်းဆောင်ပိုင်းများ ရယ်လို့မရှိဘဲ ကမ္ဘာ့တိုက်ကြီးများအားလုံးကို ပျံ့နှံ့သွားနေသည်။

လျှပ်စစ်ဓာတ်အား ထုတ်ဖို့ အဏုမြူကို တီထွင်ခဲ့သော်လည်း ကမ္ဘာဖျက်နိုင်သည့် နျူလက်နက်တွေ ပေါ်လာခဲ့သည်။

စီးပွားရေး၊ လူမှုရေး ပိုမိုချောမွေ့မြန်ဆန်အောင် လူတွေ စမတ်ပိုကျသောကမ္ဘာ့လူ့ကြီးဖြစ်လာအောင် အိုင်တီက ကူညီပေးခဲ့သော်လည်း ISIS တို့က တလွဲယူသုံးလိုက်တော့ ကိုယ်ကျိုးတွေနည်းကုန်သည်။ ကိုယ့်အရိုးနှင့်ကိုယ် ပြန်အထိုးခံကြရသည်ပဲလား။ ဆိုင်၊ မဆိုင် ကိုယ်တိုင်ပဲ ဆုံးဖြတ်ကြရတော့မည်။

တစ်ခုရှိသည်က လက်နက်တွေ ဘယ်ကရသလဲ. . . ။

ကမ္ဘာကြီး ဖြေရှင်းဖို့ပြဿနာခပ်ကြီးကြီးက ကပ်လျက်မှာ ရယ်ပွဲဖွဲ့နေပြန်၏။

ဂျာအေး သူ့အမေရိက်၊ မုန့်လုံး စက္ကူကပ်၊ တစ်ဦးနှင့် တစ်ဦး လက်ညှိုးထိုးနေ၍ မဖြစ်တော့။ ကမ္ဘာ့နိုင်ငံတိုင်း တုန်လှုပ်နေကြရပြီးသတိကြီးကြီးထားနေကြရသည်။ မိမိတို့လည်း မလွတ်ကင်း။

ပူလောင်အခိုးထသည်ထက် ဆူပွက်ပေါက်ကွဲအောင် မီးထိုးပေးနေနိုင်သည့် ကိစ္စ။

*Ref:- 1/ Clash of Civilizations by Samuel P. Hangtington.- 2./ Economist.*

www.free4reader.com



# စေတုတ္တရာနယ် ရေဘေးဒုက္ခသည်များ စိုးရိမ်စိတ်များနှင့် နေထိုင်နေကြရ



ရေကျသွားသော်လည်း ကျန်ရစ်ခဲ့သောနုံးများကြောင့် အခက်အခဲနှင့် ရင်ဆိုင်နေရသည့် စေတုတ္တရာမြို့မြင်ကွင်း

ဦးဖင်း
စေတုတ္တရာ၊ ဩဂုတ်လ ၁၀

အနယ်နယ်အရပ်ရပ်ရှိစေတနာရှင်များ လာရောက်ကူညီပေးမှုဖြင့် စားသောက်ရေးအတွက် လတ်တလောဖြေရှင်းနိုင်ကြပြီဖြစ်သော်လည်းမိမိနေရာဒေသ အသီးသီးတွင် ပြန်လည်နေထိုင်ရေးအတွက် တင်ကျန်ရစ်ခဲ့သောနုံးများကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ရသည့်အပြင် မြို့နယ်တွင်း မုန်းတမံနှင့်ကြီးအုံကြီးဝရေကာတာတို့ကြောင့် စေတုတ္တရာဒေသတွင်း ပြည်သူများစိုးရိမ်ထိတ်လန့်မှုဖြစ်နေကြောင်း ဒေသခံများက ပြောသည်။

ဇူလိုင်လတတိယပတ်အတွင်းမှ စ၍ ရွာသွန်းခဲ့သော မိုးရေများကြောင့်ဒေသတွင်း ရေကြီးရေလျှံမှုများဖြစ်ကာနှစ်ပေါင်း ၁၀၀ အတွင်း မကြုံဖူးခဲ့သော ရေမြုပ်ခံရခြင်းနှင့် စေတုတ္တရာမြို့နယ် ကြုံတွေ့ခဲ့ရသည်။ လူနေအိမ်ခြေ နှစ်ထောင်ကျော်၊ အိမ်ထောင်စုပေါင်း နှစ်ထောင့်နှစ်ရာ ငါးဆယ့်ရှစ်အိမ်ထိ ရေနစ်မြုပ်ခံခဲ့ရသည်။ ကျေးရွာပေါင်း ၃၀ ခန့်မှာ စားသောက်နေထိုင်မှု ပျက်ပြားခဲ့ရပြီး လယ်ယာမြေဧက ၈၉၂၀ အထိ ရေလွှမ်းကာ စိုက်ပျိုးဧရိယာပျက်စီးခဲ့သည်ဟု ဆိုသည်။

စေတုတ္တရာမြို့သည် မကွေးတိုင်း ဧရာဝတီမြစ်အနောက်ဘက် မင်းဘူးခရိုင်အတွင်းတွင် ရှိသော မြို့နယ်တစ်ခု ဖြစ်သည်။

၂၀၀၀ ခုနှစ်ခန့်မှ စ၍ စေတုတ္တရာမြို့ထိပ်တွင် မုန်းချောင်းကို တမံတုတ်ပြီးဆည်ဆောက်ကာ လျှပ်စစ်စွမ်းအင်ရစေရန် အကြောင်းပြချက်ဖြင့်ဆောက်လုပ်ခဲ့ရာ အထက်မုန်းချောင်းရှိ ရွာပေါင်း ၁၈ ရွာရွှေ့ပြောင်းပေးခဲ့ကြရသည်။ ၂၀၀၄ ခုနှစ်တွင်လည်း စေတုတ္တရာမြို့အောက်ဘက်ကြီးအုံကြီးဝတမံကို ထပ်တုတ်ခဲ့သဖြင့် နောက်ထပ် ၁၂ရွာမှဒေသခံများရွာလုံးကျွတ်ရေလွတ်ရာကိုရွှေ့ပြောင်းပေးခဲ့ကြရသည်ဟု ဒေသခံများမှ ပြောသည်။



## ရေနံချောင်း တိရစ္ဆာန် ကယ်ဆယ်ရေးစခန်းရှိ ကျွဲ၊ နွား ရှစ်ထောင်ကျော် အစာများလိုအပ်နေ

ချမ်းသာမြင့်
မန္တလေး၊ ဩဂုတ် ၁၁

ရေနံချောင်းတိရစ္ဆာန်ကယ်ဆယ်ရေး စခန်းရှိ ကျွဲ၊ နွား အကောင်ရေ ရှစ်ထောင်အတွက် အစာလိုအပ်လျက်ရှိကြောင်း သတင်းရရှိသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးမှုများ ဖြစ်ပွားခဲ့ပြီး ကျွဲ၊ နွား အကောင်ရေ ရှစ်ထောင်ကျော်ကယ်ဆယ်ထားရကြောင်း၊ လတ်တလောတွင် အလှူရှင်များ လာရောက်လှူဒါန်းမှုကြောင့် အဆင်ပြေနေသော်လည်း ရေရှည်အတွက်မူ အခက်အခဲရှိမည် ဖြစ်ကြောင်း ယင်းကယ်ဆယ်ရေးစခန်းတာဝန်ခံ ဦးထွန်းထွန်းဝင်းက ပြောသည်။

"နွားအကောင် တစ်ထောင်အတွက် တစ်ရက်ရိက္ခာ နွားစာက ၁၂ ဘီးကားတစ်စီးစာ ရှိတယ်။ လတ်တလော လာလှူတာတွေရှိလို့ အဆင်ပြေတာ။ ဒီအတိုင်းဆို နှစ်လ လောက်အထိ အစာက လိုမှာဆိုတော့ အလှူရှင်တွေ လိုအပ်ဦးမယ်" ဟု ၎င်းကပြောသည်။

မန္တလေးတိုင်း ဒေသကြီးတွင်လည်း အစိုးရအဖွဲ့နှင့် တိရိစ္ဆာန်ဆေးကုဆရာဝန်အသင်းတို့ ပူးပေါင်း၍ ရေဘေးသင့် တိရစ္ဆာန်များအတွက် ကော်မတီဖွဲ့စည်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါကော်မတီကရေနံချောင်းရှိ ရေဘေးသင့် တိရစ္ဆာန်များအတွက်ရောဂါကာကွယ်ကုသရေးနှင့် အစာအစာများထောက်ပံ့ကူညီပေးရန် ယနေ့သွားကြမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါကော်မတီသည် ဩဂုတ် ၈ ရက်မှစ၍ မြင်းခြံ၊ တောင်သာနှင့် ညောင်ဦးမြို့နယ်တို့ရှိ ရေဘေးသင့် တိရစ္ဆာန်များအတွက် အစာနှင့် ဆေးဝါးထောက်ပံ့ရေးများလုပ်ဆောင်ခဲ့သည်ဟု မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ပြောသည်။

ရေဘေးသင့် တိရစ္ဆာန်များအတွက် ဆေးဝါးများ၊ တိရစ္ဆာန်အစာအစာများနှင့် အလှူငွေများ လှူဒါန်းလိုပါက ဒေါက်တာကျော်ထင် ၀၉ ၂၀၁၀၅၇၇၊ ဒေါက်တာဝင်းနိုင်ကို - ၀၉ ၂၀၀၀၃၄၅၊ ဒေါက်တာ ခင်မောင်ဇော် ၀၉ ၂၀၀၅၉၂၅၊ ဒေါက်တာကျော်လွင် - ၀၉ ၇၉၈၆၀၀၆၇၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

# ကျောက်စိမ်းစေတီမှ တစ်လလျှင် အလှူငွေ ကျပ်သိန်းတစ်ထောင်ကျော် ရနေ

ဉာဏ်ကြည်
ရန်ကုန်၊ ဩဂုတ် ၁၀

ဇွန်လအတွင်းက ထီးတော်တင်ခဲ့သော မန္တလေးတိုင်း၊ အမရပူရ မြို့နယ်၊ ဆင်ရွာမြင်းမူရှိ ကျောက်စိမ်းစေတီတော်မှာ လာရောက်ဖူးမြော်သူ များပြားလျက်ရှိပြီး တစ်လလျှင် အလှူငွေ ကျပ်သိန်းတစ်ထောင် ကျော်ရရှိနေကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။

အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်နှင့် ညီမျှသည့်ကျောက်စိမ်းများဖြင့် ယင်းစေတီတော်အား ၃ နှစ်အတွင်း အပြီးတည်ဆောက်ခဲ့ပြီး ကျောက်စိမ်းသည် ရတနာကိုးပါးထဲမှ တစ်ပါးအပါအဝင် ဖြစ်ရာလူအများ အထူးစိတ်ဝင်စားပြီး လာရောက်ဖူးမြော်ကြကြောင်း မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးသန်းစိုးမြင့်က ပြောသည်။

"လာရောက် ဖူးမြော်တယ် ကြားတော့ ဝမ်းသာမိတယ်။ ရပ်ဝေးရပ်နီးကလူတွေ လာဖူးကြတယ်။ စေတီတော်ကလည်း ဂေါပကအဖွဲ့နဲ့ ကျကျနန ဖွဲ့စည်းထားတယ်။ အလှူငွေတွေလည်း ရတယ်။ ရေရှည်ကျရင် ပြုပြင် မွမ်းမံဖို့တွေလိုလာမယ်။ အဲ့ဒီနေရာတွေမှာ ပြန်အသုံးချမယ်"ဟု ၎င်းက ပြောသည်။

တစ်ရက်လျှင် ကားအစီးရေ ၃၀၀၀ နှင့် ၅၀၀၀ ကြား၊ ဆိုင်ကယ်စီးရေ ၅၀၀၀ ခန့်၊ လူဦးရေအားဖြင့် တစ်ရက်လျှင် ၃၀၀၀၀ ခန့် လာရောက်ဖူးမြော်လျက် ရှိကာ အခါကြီးရက်ကြီးများတွင် တိုးမပေါက်အောင် စည်ကားလျက်ရှိကြောင်း စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

ဂျပန်၊ တရုတ်နှင့် ထိုင်းနိုင်ငံများတို့မှ ဗုဒ္ဓဘာသာဝင် ခရီးသွားလည်း လာရောက်ဖူးမြော်ကြသည်ဟု ၎င်းက ပြောသည်။

"ဝါဆိုလပြည့်နေ့က သွားတာတိုးမရဘူး။ ကားတွေပိတ်နေတာ။ တအားစည်တယ်။ မနက် ၉ နာရီကသွားတာ။ ည ၉ နာရီမှပြန်ရောက်တာပဲ။ တော်တော်စည်ပါတယ်။ တချို့တွေလည်း ကုန်းတစ်တန် ရေတစ်တန် လာကြတယ်"ဟု သွားရောက်ဖူးမြော်ခဲ့သူ မန္တလေးမြို့ခံ မခင်မျိုးအောင်က ပြောသည်။

အဆိုပါစေတီတော်ကို ၂၀၁၂ ခုနှစ်အတွင်းက စတင်တည်ဆောက်ခဲ့ပြီး လုံးပတ်ပေ ၂၂၀ ကျော်၊ ဉာဏ်တော် ၉၉ ပေရှိပြီး စေတီတစ်ခုလုံးကို ကျောက်စိမ်းများဖြင့်သာ တည်ဆောက်ထားကာ ကျောက်စိမ်းတန်ချိန် ၉၀၀ ကျော် အသုံးပြုထားသည်။

စာမျက်နှာ ၂၀
'အမေရိကန်ကို
အရှေ့တိုင်းသားတို့ ဦးဆောင်တဲ့အခါ'
မှအဆက် . . .

ယင်းသည် အမေရိကန်သမိုင်းတစ်လျှောက် နိုင်ငံရပ်ခြား ခေါင်းဆောင်တစ်ဦးကိုကြိုဆိုသောအကြီးမားဆုံး လူစုလူဝေးဖြစ်ခဲ့သည်။ ထိုအထဲတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့သော အိန္ဒိယ ရင်းနှီးမြှုပ်နှံသူ MR Rangaswami က ဤသို့ပြောပါသည်။

"ဒါက ကြီးမားတဲ့ သမိုင်းမှတ်တိုင်တစ်ခုပဲဗျ။ ကျွန်တော်တို့ လူမှုအဖွဲ့အစည်းဟာ ကိုယ်လာခဲ့တဲ့ အရပ်ဒေသအတွက် ဂုဏ်ယူ ဝင့်ကြွားစိတ်မွေးနိုင်ခဲ့တာ ကြောင့်ပါ" ဟုသူက ပြောသည်။ သူသည် အမေရိကန်ဖွား ဂျူးလူမှုအဖွဲ့အစည်း၏ လှုံ့ဆော်ပွဲများတွင်လည်း ပါဝင်ခဲ့သူဖြစ်ပြီး ယခုတွင်တော့ အမေရိကန်ဖွား အိန္ဒိယလူမှုအသိုက်အဝန်း၏ အသိအမှတ်ပြုခံရစေရန် ကြိုးပမ်းမှုကို ဦးဆောင်နေသူတစ်ဦးလည်း ဖြစ်သည်။ ယင်း ကြိုးပမ်းမှုများသည် ၂၀၀၈ ခုနှစ်အမေရိကန်နှင့် အိန္ဒိယနှစ်နိုင်ငံ နျူကလီးယားသဘောတူညီမှုရအပြီး ကတည်းက စတင်အရှိန်ရလာခဲ့သည်။

"အဖေက ကျွန်တော့်ကို ငယ်ငယ်ကလေးတည်းက ပြောတယ်။ အမေရိကန်တွေကအကုန်လုပ်နိုင်စွမ်းရှိတယ်လို့။ အဲ့ဒီတုန်းကအဖေ့ကို ကျွန်တော်ယုံတယ်။ အဲ့ဒီစကားအမှန် ဖြစ်တယ်လို့ အခုကျွန်တော် ယုံကြည်နေပြီ" ဟု လူဝီစီယားနားပြည်နယ် အုပ်ချုပ်ရေးမှူးဖြစ်သူ အိန္ဒိယနွယ်ဖွား Bobby Jindal က ပြောသည်။ သူသည် ၂၀၁၆ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့်ရီပတ်ဘလီကန်ပါတီ၏ သမ္မတလောင်းအဖြစ် အရွေးချယ်ခံရန် ဇွန်လ ၂၄ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ ထို့အတူ နောက်ထပ် အိန္ဒိယ-အမေရိကန်တစ်ဦးဖြစ်သူ တောင်ကယ်ရိုလိုင်းနား ပြည်နယ်အုပ်ချုပ်ရေးမှူး Nikki Haley သည်လည်း ရီပတ်ဘလစ်ကန်ပါတီ၏ ဒုတိယသမ္မတလောင်း အဖြစ် သတ်မှတ်ခံထားရသည်။



ထိုထိုသော အကြောင်းတရားများကြောင့် များစွာမဝေးလှသော အနာဂတ်တွင် အမေရိကန်၏စီးပွားရေး၊ နိုင်ငံရေး စသောကဏ္ဍတို့တွင် အရှေ့တိုင်းသားတို့ ဩဇာလွှမ်းမိုးလာတော့မည်ဟု ထင်မှတ်ရပေသည်။

ထို့အတူ ၂၀၁၆ ရွေးကောက်ပွဲ အပြီးတွင်အာရှသားတစ်ယောက်ကို အမေရိကန်၏ ဩဇာအကြီးဆုံး လူပုဂ္ဂိုလ်တစ်ဦးအဖြစ် မြင်တွေ့ရတော့မည်လား စောင့်ကြည့်ရန်သာရှိပါတော့သည်။

*Ref: Asians start to dominate the 'fourth wave' of US immigrants by The Nikkei Asian Review*

www.free4reader.com



Vol: 7, No-32, August 13, 2015 POPULAR NEWS

# တရုတ်တွင် ကိုယ်တွင်းအင်္ဂါ မှောင်ခိုဈေးကွက် အွန်လိုင်းမှ ပြုလုပ်လာ

နိုင်သင်ဦး

ပေကျင်း၊ ဩဂုတ် ၁၁

တရုတ်နိုင်ငံတွင် ကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများ မှောင်ခို ရောင်းချမှုကို အွန်လိုင်းမှ တစ်ဆင့် ပြုလုပ်လာကြသည်ဟု သိရသည်။

"ပထမဆုံး ကျွန်တော် ဟို တယ်တစ်ခုကို အရင်သွားရတယ်။ အဲဒီဟိုတယ်က သူတို့တွေ သွေးန မူနာတွေနဲ့ ဆေးစစ်မှုတွေ လုပ်တဲ့ နေရာဖြစ်တယ်။ နောက်တော့ အဲ ဒီဟိုတယ်မှာပဲ ရက်သတ္တပတ် အတော်ကြာကြာ စောင့်ရပြန် တယ်။ ဘာလို့လဲဆိုတော့ ကျွန် တော့် ကျောက်ကပ်နဲ့ ကိုက်ညီမယ့် သူကို သူတို့ ရှာနေတာကြောင့်ပဲ။ ဒီလိုနဲ့ တစ်ရက်မှာ ကျွန်တော့်ဆီကို ကားတစ်စီး ရောက်လာပြီး မျက် လုံးကို အဝတ်နဲ့စည်းပြီး ခေါ်သွား ကြတယ်။ နေရာရောက်တော့မှ ကျွန်တော့်မျက်လုံးကို စည်းထား တဲ့ အဝတ်ကို ဖယ်လိုက်တဲ့အခါ ခွဲစိတ်ပစ္စည်း အစုံအလင်နဲ့ အိမ်ကြီးတစ်လုံးထဲ ရောက်နေတာ သွားတွေ့တယ်။ အဲဒီမှာ ဆရာဝန် တွေရော၊ နာ့စ်မတွေရော ယူနီ ဖောင်းအပြည့်နဲ့ပဲ"ဟု အသက် ၂၁ နှစ်အရွယ် အမျိုးသားက ဝမ်း ဗိုက် တစ်နေရာရှိ သူ၏ ခွဲစိတ်ရာ ကို လှန်ပြရင်း ပြောသည်။

ထို့ပြင် အဆိုပါနေရာတွင် သူ၏ ကျောက်ကပ်ကို လက်ခံမည့် အမျိုးသမီးနှင့် တွေ့ဆုံခဲ့သော်လည်း စကားတစ်လုံးမှ မပြောကြရကြောင်း၊ ၎င်းမှာ လောင်းကစား လုပ်ရာမှ တင်ရှိသော အကြွေးများ ကို ဆပ်ရန်အတွက် ယင်းသို့ ကျောက်ကပ် ထုတ်ရောင်းရခြင်း ဖြစ်ကြောင်း၊ လျှို့ဝှက်ပြီး မှောင် မိုက်သော ကမ္ဘာတစ်ခုကို မှောင် ခိုကူးသူများက အရောင်းအဝယ် ပြုလုပ်သည့် အွန်လိုင်းတစ်ခု ထူထောင်ကာ လုပ်ဆောင်နေကြ ကြောင်း ၎င်းက ဆိုခဲ့သည်။



တရုတ်သည် ကြီးမားလှသည့် ကိုယ်တွင်းအင်္ဂါ ရှားပါးပြတ်လပ် မှုကို ကြုံတွေ့နေခဲ့ရသည်။ လွန်ခဲ့ သော နှစ်ပေါင်းများစွာကတည်း က သေမိန့်ကျခံရသော အကျဉ်း သားများထံမှ ကိုယ်တွင်းအင်္ဂါများ ကို ယူခဲ့ရသည်။ သို့ရာတွင် နိုင်ငံ တကာမှ ပြစ်တင်ရှုတ်ချမှုကို ခံခဲ့ရ ပြီးနောက် ယခုအခါ ယင်းလုပ် ဆောင်ချက်ကို အဆုံးသတ်လိုက် ပြီး အမျိုးသားအင်္ဂါဘဏ်ကို ထူ ထောင်ကာ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်း အလိုအပ်ဆုံးသူနှင့် အကိုက်ညီဆုံးသူများကို ထောက် ပံ့ပေးခဲ့သည်။

ယင်းကပင် အလွဲသုံးစားပြု လိုသူများအတွက် အခွင့်အလမ်း တစ်ခု ဖွင့်ပေးလိုက်သကဲ့သို့ ဖြစ် လာကာ ရောင်းချရန် စောင့်ဆိုင်း သည်အထိ ဖြစ်လာနိုင်ကြောင်း စောင့်ကြည့်သူများက ဝေဖန် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ယခုနှစ် အတွင်းတွင် အင်္ဂါအစားထိုး ကုသ မှုများမှာ တစ်သောင်းကျော် ရှိလာ ပြီဖြစ်ကြောင်း၊ သို့ရာတွင် လူဦးရေ သုံးသိန်းခန့်မှာ အင်္ဂါအစိတ်အပိုင်း များ လိုအပ်နေကြောင်းနှင့် ယင်း သို့ လိုအပ်ချက်ကြီးမားလာမှုကပင် မှောင်ခိုဈေးကွက်တစ်ခု ရှင်သန် လာရန် အကြောင်းဖန်လာရခြင်း ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

*Ref: BBC*



# အများသုံး ဒါပေမဲ့... မေ့လျော့ခံရဆုံး အရေးကြီးပစ္စည်း

နိုင်သင်ဦး

ယူကေ၊ ဩဂုတ် ၁၁

ဗြိတိန်ရှိ လူငယ်အများစုသည် အပြင်သွားခြင်း၊ ခရီးထွက်ခြင်းတို့ ၌ ပတ်စ်ပို့မှစ၍ နေလောင်ခံလိမ်း ဆေးအထိ ယူဆောင်သွားရန် မမေ့သော်ငြား ယင်းတို့ မေ့လေ့ မေ့ထရှိသော ပစ္စည်းတစ်ခုမှာ ဖုန်း သို့မဟုတ် လက်တော့ပ်အားသွင်း ကြိုးတို့ ဖြစ်တတ်ကြောင်း စစ်တမ်း တစ်ခုမှ ထုတ်ပြန်ထားသည်။

"အသက်အရွယ်မရွေး၊ ကျား မ မရွေး၊ ဒေသမရွေး ဘယ်သူ မဆို အပြင်သွားတဲ့အခါ ပစ္စည်း မေ့ကျန်ခဲ့တာမျိုး ရှိတတ်တာ မဆန်းပါဘူး။ ဒါပေမဲ့ အဲဒီထဲကမှ သုံးချိုးလောက်က အသက် ၁၆ နှစ်က ၂၄ နှစ်အတွင်း ရှိတဲ့လူငယ် တွေ ဖြစ်နေတာ တွေ့ရပြီး မေ့ ကျန်တတ်တဲ့ ပစ္စည်းတွေရဲ့ ခြောက်ဆယ် ရာခိုင်နှုန်းလောက် ကလည်း အားသွင်းကြိုးတွေ ဖြစ် နေတာ တွေ့ရပါတယ်" ဟု ခရီး သွားငွေကြေး ဝက်ဘ်ဆိုက် တစ် ခုဖြစ်သည့် FairFX မှ မကြာခင်က စစ်တမ်းကောက်ယူ ရရှိခဲ့သည်ဟု ဆိုသည်။

FairFax မှ သုတေသန လုပ် ခဲ့ရာတွင် အသက် ၅၅ နှစ် အထက်မှာ ပစ္စည်းမေ့ကျန်တတ် သူများဖြစ်ကြကြောင်း၊ အယောက် ၂၀ လျှင် တစ်ယောက်ခန့်မှာ ဆေးဝါးပစ္စည်းများ မေ့ကျန်တတ် ကြောင်း၊ နှစ်ရာခိုင်နှုန်းမှာ ပတ်စ် ပို့များ မေ့ကျန်တတ်ကြောင်းနှင့် အသက် ၁၆ နှစ်မှ ၂၄ နှစ်အတွင်း ရှိ လူငယ်များသည် အဆိုပါ အသက် ၅၅ နှစ်နှင့် အထက်ရှိ လူကြီးများထက်ပင် ပစ္စည်းမေ့ကျန် မှုမှာ နှစ်ဆခန့်ရှိကြောင်းတို့ကို တွေ့ရှိခဲ့ရသည်။

*Ref:Daily Mail*




# အိတ်ထဲ အလွယ်တကူထည့်ယူသွားနိုင်မည့် လမ်းလျှောက်မော်တော်ကား

နိုင်သင်ဦး

ဂျပန်၊ ဩဂုတ် ၁၁

ပေါ့ပါးပြီး သေးငယ်ကာ အသုံးပြုရလွယ်ကူသော စကိတ် ဘုတ်တစ်ခုကို ဂျပန်အင်ဂျင်နီယာ တစ်ဦးက တီထွင်ခဲ့ပြီး ဟိုဟိုဒီဒီ သွားလာရေးအတွက် အသုံးတည့် မည့် နည်းလမ်းသစ်တစ်ခု ဖြစ် ကြောင်း ၎င်းက ပြောကြားခဲ့သည်။

"အိတ်ထဲကိုလည်း အလွယ် တကူ ထည့်ပြီး ယူဆောင်သွားလို့ ရတယ်။ လိုတဲ့အခါ ထုတ်စီးပြီး သွားချင်တဲ့နေရာကို သွားလို့ရ တယ်" ဟု အင်ဂျင်နီယာ ခူနီယာ ကို က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါ စကိတ်ဘုတ်ကို "WalkCar" ဟုအမည်ပေးထားပြီး အလူမီနီယံ သတ္တုဖြင့် ပြုလုပ် ထားသည်။ ဘက်ထရီစွမ်းအင်ကို အသုံးပြုကာ စီးနင်းနိုင်သည့် "WalkCar" ၏ အရွယ်အစားမှာ လက်တော့ပ်တစ်လုံးမျှသာ ရှိ သည်။ တစ်နာရီလျှင် ၆ မိုင်ကျော်မှ ၇ မိုင်ကျော်အထိ စီးနင်းနိုင်သည့် စကိတ်ဘုတ်ဖြစ်ကာ အလေးချိန် ၂၆၅ ပေါင်ခံနိုင်သည်ဟု ဆိုသည်။

ခူနီယာကိုအား ၎င်းသင်ယူ ထားသည့် အင်ဂျင်နီယာ ဘာသာ ရပ်ကို အသုံးပြုကာ တစ်စုံတရာ ပြုလုပ်ရန် သူငယ်ချင်းများက တိုက်တွန်းသဖြင့် လျှပ်စစ်ကား မော်တာကို ထိန်းချုပ်သည့်နည်း ပညာအား အသုံးပြုကာ ယင်း စကိတ်ဘုတ်ကို ဖန်တီးခဲ့ခြင်းဖြစ် သည်ဟု ၎င်းကဆိုသည်။ ထို့ပြင် အဆိုပါ စကိတ်ဘုတ်ကို အသုံးပြု ရန် သုံးနာရီကြာ အားသွင်းပေးရ မည် ဖြစ်ကြောင်းလည်း ၎င်းက ထပ်မံပြောကြားသွားသည်။

*Ref: Fortune*

# ဒေါ်လာနှစ်ထောင်တန် ခေတ်သစ်နားကျပ်ရဲ့ထူးခြားချက်

နိုင်သင်ဦး

ယူနိုက်တက်စတိတ်၊ ဩဂုတ် ၁၁

လွန်ခဲ့သော ၁၉၁၀ ပြည့် နှစ်က နသန်နီရယ် ဘတ်လ်ဝင်းဆို သူ တီထွင်ဖန်တီးခဲ့သော ခေတ် သစ်နားကျပ်တစ်ခုမှ အစပြုကာ ယနေ့ခေတ်အခါတွင် အိတ်ဆောင် နားကျပ် အသေးစားလေးများ အထိ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် နား ကျပ်အကြီး၊ အသေးတို့ကို အသုံး ပြုခံစားလာနိုင်ကြပြီဖြစ်သည်။

ယနေ့ခေတ်တွင် သန်းပေါင်း များစွာသော ဈေးချိုသည့် နားကျပ် များကို ဈေးကွက်အတွင်း၌ အသုံး ပြုလိုသူတို့၏ စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်ကြပြီဖြစ်သော်လည်း အမေရိကန်အခြေစိုက် နည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော Audeze ကမူ ကန်ဒေါ်လာ ၂၀၀၀ (မြန်မာ ငွေ သိန်း ၂၀ ကျော်) တန်သည့် နားကျပ်တစ်ခုကို ဈေးကွက်အ တွင်းသို့ ဖြန့်ချိလိုက်လေသည်။

"ဒီလိုဈေးများရတဲ့ အဓိက အကြောင်းအရာကတော့ အသံ ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး အံ့မ ခန်းတဲ့ စွမ်းရည်တွေကို သင်ရရှိ ခံစားရမှာကြောင့်ပဲ ဖြစ်ပါတယ်" ဟု Audeze ၏ CEO ဖြစ်သူက ထုတ်ဖော်ပြောကြားခဲ့သည်။



၂၀၀၈ ခုနှစ်မှ စတင်ကာ နား ကျပ်များစွာ ထုတ်လုပ်ခဲ့သည့် Audeze အနေနှင့် တေးဂီတ ထုတ်လုပ်သူများနှင့် အသံကို ယစ် မူးကြသူတို့၏ ဈေးနှုန်းမြင့်သော ပစ္စည်းအမျိုးအစားများအပေါ် ကြိုက်နှစ်သက်မှုကို မိမိရရ ဖမ်း ဆုပ်နိုင်ခဲ့သည်။ ထို့ကြောင့်ပင် ယခုကဲ့သို့ တန်ဖိုးမြင့် နားကျပ်ကို ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆို သည်။

အဆိုပါ Audeze နားကျပ် တွင် Planar ဟု အမည်ပေးထား သည့် ဒရိုင်ဘာကို အသုံးပြုထား ကြောင်း၊ ယင်းသည် အလွန်သေး ငယ်ပြီး သံလိုက်စက်ကွင်း အတွင်း တွင် အလွန်ပါးလွှာသော အသွင် ကူးပြောင်း ကိရိယာလေးမှ တစ် ဆင့် အသံများကို မွေးဖွားပေးမည် ဖြစ်ကြောင်း CEO ဖြစ်သူက ဆက် လက် ရှင်းပြခဲ့သည်။

ယင်းတွင် ပါဝင်သည့် ဒိုင်ယာ ဖရမ်မှာ မိုက်ခရွန်နှစ်ဆခန့်သာ ထူပြီး ယင်းမှာ လူ့ဆံပင်၏ ဆယ်ပုံ ပုံ တစ်ပုံခန့်သာ အရွယ်အစားရှိ သည်ဟု ဆိုသည်။ အဆိုပါ ပစ္စည်း လေးကပင် မထင်မှတ်နိုင်လောက် သည့် လျင်မြန်မှုကို ပေးစွမ်းမည် ဖြစ်ကာ စတူဒီယိုထဲတွင် သီချင်း နားထောင်နေရသကဲ့သို့ ခံစားရ စေမည်ဟု ဆိုသည်။

ယခုကဲ့သို့ ဈေးနှုန်းကြီးမြင့်ရ ခြင်းမှာလည်း နည်းပညာများပြား စွာ ပေါင်းစပ်ထားမှုကြောင့် သက် သက်သာမကဘဲ သစ်သားဖြင့် ပြု လုပ်ထားသည့် လက်မှု ပစ္စည်း စစ် စစ်ဖြစ်နေသည့်အပြင် ဇိမ်ခံဒီဇိုင်း ကိုလည်း အသုံးပြုထုတ်လုပ်ထား သောကြောင့်ဟု ဆိုသည်။ ထို့အ ပြင် ယင်းသို့ သစ်သားကို အသုံး ပြုထားခြင်းကလည်းအကောင်းဆုံး အသံအရည်အသွေးကို ရရှိရန် ထောက်ပံ့ပေးခြင်းပင် ဖြစ်သည်ဟု ဆိုထားသည်။

*Ref: CNN*

www.free4reader.com





Max Highway ကုမ္ပဏီမှ ရန်ကုန် ပြည် မကွေး ပဲခူး ဘောက်ကြဲ သန်လျင် သေည့် မြို့များသို့ သွားရောက်ကော်လျက်ရှိ၍ ၎င်းတို့၏လင်းဆောင်ဖြိုကောက်ခံနေရာမှတ်ရမှာတွင် ရေဘေးကူညီကယ်ဆယ်ရေးပစ္စည်းများကို လင်းအသုံးပြုကောက်ခံခြင်းမပြုဘဲ ဖြတ်သန်းခွင့်ပေးထားသည်ကိုတွေ့ရစဉ်





ဩဂုတ်လ ၉ ရက်က ညောင်တုန်းရေဘေးသွားရောက်စစ်ဆေးခဲ့သည့် သမ္မတ ဦးသိန်းစိန်က မြစ်ရေမှ သန့်စင်ထုတ်လုပ်ထားသောရေသန့်ကို သောက်သုံးပြခဲ့စဉ်



# ရေဘေးအကူနှင့် မုဒိတာမှန်ကူကွက်



ဩဂုတ်လ ၉ ရက်က ပြည်-ပန်းတောင်း-ဥသျှစ်ပင်လမ်းတွင် ရေဘေးသင့်ဒေသများနှင့် အခြားရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းနေကြသူများဖြင့် စည်ကားနေသည့် မုဒိတာမြင်ကွင်းကို ဖော်ပြလိုက်ရပါသည်။

ဓာတ်ပုံ - ကိုမျိုး၊ အိအိနိုင်









ပြည် ပန်းတောင်းမြို့နယ်အတွင်းရှိ [illegible]



[illegible]

# အထက်အညာ တစ်နံတစ်လျား ခွပ်ဒေါင်းပျံ့လို့ သွား



ဒီချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ် ၉ ရက်နေ့ ညနေတွင် မင်းဘူးမြို့ မန်းသိတာ ဟိုတယ်ကို ဆိုက်ရောက်ခဲ့ပြီး အဖွဲ့ချုပ်ကိုယ်စားလှယ်ဒေသခံများနှင့် တွေ့ဆုံခဲ့သည်။

ဟိုတယ်ပြင်ပရောက်နေသည့် လူထုတောင်းဆိုချက်ကြောင့် အဖွဲ့တွင်း ဆွေးနွေးခြင်းကို ခေတ္တရပ်ပြီး မင်းဘူးလူထုကို နှုတ်ဆက်စကားပြောခဲ့သည်။

ထို့အပြင် ဩဂုတ် ၁၀ ရက်နေ့ နံနက်က မင်းဘူးမြို့နယ်ရှိ ဒေသခံပြည်သူများကို နှုတ်ခွန်းဆက်စကားပြောကြားပြီးပွင့်ဖြူနှင့် စေတုတ္တရာရှိ ဒေသခံများနှင့် တွေ့ဆုံခဲ့၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသော ဆန်အိတ်များကို လှူဒါန်းခဲ့သည်။

PHOTO- KYAWKYAW(AF)









